# ပညာတော်သင် ခရီး

## အတွဲ (၁)

အရှင်နေမိန္ဒ. မြန်အောင် (M.A. Colombo)

## ပညာတောင်သင်ခရီး နိဒါန်း

(၁) တန်ဖိုးပြဿနာ

လောကကြီးတွင် မည်သည့်အရာသည် "တန်ဖိုးအရှိဆုံး" လဲဟုမေးကြလျှင် အမျိုးမျိုးဖြေကြလိမ့်မည်၊ ညားခါစဇနီးမောင်နှံကိုမေးလျှင် "ကျွန်တော့် ဇနီးချောလေးက တန်ဖိုးအရှိဆုံး" ဟု အကြွင်းမဲ့ ယုံကြည်ချက်ဖြင့် ဖြေလိမ့်မည်၊ ဇနီးသည်ကလည်း "ကျွန်မ ကိုကိုက တန်ဖိုးအရှိဆုံးပေါ့"ဟု အဆောတလျှင် ဖြေကြလိမ့်မည်၊ မယုံသလိုမျိုးများ သွားကြည့်မိလျှင် သင်သည် ထိုဇနီးမောင်နှံ၏ရန်သူ ဖြစ်သွားလိမ့်မည်။

နှစ်ပေါင်းအတော်ကြာလာသည့်အခါ တန်ဖိုးအရှိဆုံးသူနှင့်စကားများလာသည်၊ နောက် ရန်ဖြစ်လာသည်၊ ဤအခြေအနေကို "ဒါမှပိုချစ်ကြတာ၊ ဒီ အီးမိုးရှင်း(emotion) တွေကြောင်႔ ကျန်းမာရေး ပိုကောင်းတယ်"ဟု ဆိုကြသည်၊ ဖြစ်နိုင်ပါသည်၊ ထိုအဆင့်မှ တဆင့်တက်၍ တရားစွဲကြ၊ အချို့ဆိုလျှင် ရိုက်ကြနက်ကြ၊ ခုတ်ကြထစ်ကြ၊ သတ်ကြ ဖြတ်ကြသည်၊ ထိုအဆင့်ရောက်လျှင် ကျန်းမာရေးအတွက် မကောင်းနိုင်တော့ပါ။ ထို့သို့ မခိုင်မြဲသောကြောင့် တန်ဖိုးများလျော့သွားကာ ညားကာစ ဇနီးမောင်နှံ၏ အချစ်ကိုလည်း တန်ဖိုးအရှိဆုံး စာရင်းမှ ပယ်ဖျက် ကြရမည်။

မိဘများကိုမေးလျှင် "သားသမီးတွေက တန်ဖိုးအရှိဆုံး" ဟုဖြေကြလိမ့်မည်၊ "သားတို့ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက....၊ တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိတယ် သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံ မရှိကြ၊ မိဘတွေက ဗြဟ္မာကြီးတွေနဲ့တူတယ်" စသည်ဖြင့် မိဘမေတ္တာကို ဖော်ညွှန်းကြသည်။

သို့သော်လည်း သားသမီးနှင့် မိဘကြားတွင် ခိုက်ရန်ဖြစ်ကြခြင်း၊ နောက်ဆုံး သေသည့်အထိ မခေါ်နိုင် မပြောနိုင် ဖြစ်ကြသည်မှာလည်း မနည်းလှ၊ ထိုအချိန်တွင် သားသမီးတို့သည် တန်ဖိုးအရှိဆုံးဟု ပြောနိုင်ကြပါမည်လော၊ ထို့ကြောင့် တန်ဖိုးအရှိဆုံးစာရင်းထဲတွင် ထည့်၍ မဖြစ်နိုင်ပေ။

တကယ်တန်ဖိုးရှိသည့်အရာမှာ မည်သည့်လူမျိုး၊ မည်သည့်အသက်အရွယ်၊ မည့်သည့် ဒေသကြောင့်မှ တန်ဘိုး လျော့မသွားပါ၊ မည်မျှပင်ဟောင်းနွမ်းသွားပါစေ တန်ဖိုးလျော့မသွားပါ၊ ထိုကဲ့သို့သောအရာမှသာ တကယ်တန်ဖိုးအရှိဆုံးအရာ ဖြစ်သည်။

အချို့မှာ ရတနာပစ္စည်းများက တန်ဖိုးအရှိဆုံးဟု ဆိုကြသည်၊ အကြောင်းမှာ ထိုရတနာပစ္စည်း ကိုဝတ်ဆင်လိုက်လျှင် မိမိကိုယ်ကို မိမိတန်ဖိုးရှိသည်ဟု ထင်သွားကြသည်၊ ထိုအထင်မှာ မိမိ၏ အထင်မျှသာ ဖြစ်သည်၊ အခြားသူတို့၏ ယာယီအာရုံ အစိုက်ခံရမှု၊ ယာယီ အထင်ကြီးခံရမှုကိုသာ ရလိုက်ပါသည်၊ သို့သော် ဝတ်ဆင်သူမှာ တန်ဖိုးတက်သွားသည်ကတော့ မဟုတ်ပါ၊ ထိုပစ္စည်းကြောင့်ပင် ပိုင်ရှင်မှာ စိတ်ပူပန်ရခြင်း၊ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရခြင်း၊ အခြားသူများ ယူသွားလျှင်လည်း တန်ဖိုးသည် ထိုသူ့နောက်သို့ ပါသွားတတ်သည်၊ ထို့ကြောင့် ရတနာတို့၏ တန်ဖိုးလည်း စိတ်မချရ၊ စစ်မှန်သော တန်ဖိုးမဟုတ်၊ ထို့ကြောင့် ရတနာပစ္စည်းများကိုလည်း တန်ဖိုးအရှိဆုံး ဟု မဆိုထိုက်ပေ။

တန်ဖိုးအရှိဆုံးအရာသည်မည်သည့်အရာပါသနည်းဟုဆိုလျှင် မြတ်စွာဘုရားသည် "လောကကြီးမှာ တန်ဘိုးအရှိဆုံး အရာကတော့ သီလနဲ့ ပညာပဲ" ဟု အင်္ဂုတ္တိုရ် ပါဠိတော်မှာ မိန့်တော်မူခဲ့သည်။

သီလ- ကိုယ်နှုတ်တို့နှင့်ပတ်သက်သည့် ကိုယ်ကျင့်တရားကို စောင့်ထိန်းခြင်း

ပညာ-အရာရာကို ဆင်ခြင်တတ်သည့် ဉာဏ်အမျှော်အမြင်တို့ပါရှိသည့် အရည်အသွေး

အခြားအရာများနှင့်မတူ သီလနှင့်ပညာသည် အချိန်တိုင်း၊ နေရာတိုင်း၊ လူတိုင်း၊ အရွယ်တိုင်းကို တန်ဖိုး တက်စေသည်။ မည်သည့်လူမျိုး မည်သည့်ဘာသာကမှ သီလနှင့်ပညာကို တန်ဖိုးမရှိဟု မဆိုကြပေ။ သီလ ဆိုကြပါစို့၊ မိမိတို့ရပ်ကွက်တွင် အသက်သတ်ခြင်းကို ရှောင်ကြဉ်ခြင်းဆိုတဲ့ ကိုယ်ကျင့်တရား တစ်ခုလေးကို

မစောင့်ထိန်းလျှင် ထိုရပ်ကွက်သည် နေချင့်စဖွယ်မရှိနိုင်၊ ကျီးလန့်စာ စားဖြစ်နေကြရ လိမ့်မည်။ အခြားသော ကိုယ်ကျင့် တရားများလည်း ထို့အတူပင်။ ထိုကိုယ်ကျင့်တရားနှင့် ပြည့်စုံသည့် ရပ်ကွက်၊ မြို့နယ်၊ နိုင်ငံသည် နေချင့်စဖွယ်ကောင်းသည်၊ တန်းဖိုးလည်း ရှိသည်။ ထို့ကြောင့် သီလသည် အရေးတကြီး တန်ဖိုးရှိလှသည်။

ပညာသည်လည်း ထို့အတူပင်၊ စီးပွားရေး၊လူမှုရေး၊ ကျန်းမာရေး၊ သင်ကြားရေး၊ ကုသိုလ်ပြုရေး၊ နောက်ဆုံး မင်္ဂဖိုလ်ရရေးအထိပင် အရေးကြီးလှသည့် အရည်အသွေးတစ်ခု ဖြစ်သည်၊ ထို့ကြောင့် ပညာသည်လည်း မရှိမဖြစ် တန်ဖိုးရှိလှသည်။

သို့အတွက်ကြောင့် ပညာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိမိ၏ ပညာတော် သင်ထွက်ပုံ အကြောင်းနှင့် အတွေ့အကြုံတို့ကို ပြောပြချင်ပါသည်။

# ပညာတော်သင် ခရီးအကြောင်း

အပိုင်း(၁)

အိပ်မက်ကြောင့် ပန်းတိုင်ပေါ်

ဘဝ၏အနက်အဓိပ္ပါယ်ကို အမျိုးမျိုး ဖွင့်ဆိုကြသည်၊ မိမိ၏ဘဝသည် "မုန့်"တစ်ခုဟု ဖွင့်ဆိုပါလျှင် မိမိသည် ကံကောင်းခြင်းတို့ဖြင့် အစာသွပ်ထားသည့် "ဟန်ဘာဂါ" မဟုတ်၊ ဆီပူတို့ဖြင့် အထက်နှင့် အောက်ကို အပြန်ပြန် အလှန်လှန် အကြော်ခံရမှ စားပွဲပေါ်ရောက်ရသည့် "ဘယာကြော်"မျှသာ ဖြစ်သည်၊ ဘဝဟူသည် "လှေ" တစ်စီးနှင့်တူသည်၊ သင်က ပဲ့ကိုင်ရှင်၊ သင်သွားချင်သည့်နေရာရောက်အောင် သင်သည်သာ လှော်ခတ်ရမည်" ဟု အချို့က ဆိုကြ၏၊ ထိုသို့ ဘဝသည်"လှေ"ဟု ဆိုလျှင် မိမိသည် သွားရမည့်နေရာ မရေရာသောကြောင့် အပင်ပန်းခံ လှော်ခတ်မနေပဲ လှေထဲတွင် လှော်တက်ကို ခေါင်းအုံးပြီး အိပ်နေသူဖြစ်သည်၊ ( အကျိုးဆက်ကား မပင်ပန်းပါ၊ အိပ်ရေးဝပါသည်) အချို့ကလည်း ဘဝဟူသည် "ဇာတ်ခုံ"၊ ထိုသို့ဆိုလျှင် မိမိ၏ဇာတ်ခုံသည် ချိုချဉ်ပေးပြီး ကြည့်ခိုင်းထားရသည့် ကလေးအနည်းငယ်သာ လာကြည့်သည့် ဇာတ်ခုံတစ်ခုံသာ ဖြစ်လိမ့်မည်၊ ပရိတ်သတ်အပြည့်ရှိသည့် ဇာတ်ခုံ မဟုတ်၊ ( အကျိုးဆက်ကား ပရိတ်သတ်၏ ဒုက္ခမရှိပါ)၊

အမရပူရမြို့ ၏ မဟာဂန္ဓာရုံကျောင်းတိုက်ဟူသည် ပညာလိုလာသူများအတွက် နတ်ရေကန်ကြီးတစ်ခု သဖွယ် ဖြစ်သည်၊ သို့သော် မိမိကား ရေကြောက်သောကြောင့် မဆင်းမိပါ၊ ထို့ကြောင့် မိမိဘဝသည် ပျော်စရာ ကောင်းသော်လည်း အောင်မြင်ခြင်း၊ ပြည့်စုံခြင်း၊ ယုံကြည်မှုရှိခြင်းနှင့် တဖြည်းဖြည်းဝေး လာခဲ့သည်၊ " ထမင်းဆီဆန်း ရွှေလင်ပန်း၊ ဆန်ဖွတ်သည့်အဖိုးအို"ကဲသို့ ကလေးအငိုတိပ်စေမည့် မျှော်လင့်ချက်ကလေးမျှသာ မိမိအထံတွင် ရှိနေတော့သည်။

မိမိသည် အမရပူရမြို့ ၏ မဟာဂန္ဓာရုံကျောင်းတိုက်တွင်နေစဉ် စာမကြိုးစား၊ ဘဝကို လဘက်ရေဆိုင် ထိုင်ခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေသည်။ ဘာမှလည်း ဖြစ်လာလိမ့်မည်မဟုတ်ဟု ယုံကြည်သည်။ မိမိယုံကြည်သည့်အတိုင်းလည်း ဘာမှလည်း ဖြစ်မလာပါ။ ဘာမှမဖြစ်သော်လည်း ဗီဒီယိုထဲတွင် တွေ့ဘူးသော နိုင်ငံခြားကိုတော့ ရောက်ဖူးချင်သည်။ မရဲတရဲလေး ဆက်တွေးကြည့်သည်။ ဖြစ်နိုင်ရင် နိုင်ငံခြားထွက်ပြီး ပညာသင်ချင်သည်။

စာမတော်၊ ငွေကြေးမပြည့်စုံပဲ နိုင်ငံခြားကို ပညာသင်ထွက်ဖို့ဆိုသည်မှာ ရှုးသွပ်မှုတစ်ခုပင်ဖြစ်သည်၊ ထိုကြောင့် နိုင်ငံခြားတွင် ပညာသင်ရန် စိတ်ကူးလဲ မရှိပါ။ ဘယ်ကြောင့်ဆိုသော် မိမိနှင့် သိပ်အလှမ်း ကွာနေသောကြောင့် ဖြစ်သည်။ ငွေရေးကြေးရေးမှာ ရဟန်းအမတို့မှ ထောက်ပံ့လှူဒါန်းသော်လည်း လိုအပ်သည့် အသုံးအပြင် မလိုအပ်သည့် အသုံးတို့ကြောင့် မိမိလက်ထဲတွင် တစ်နှစ်တွင် ၁၀-လ လောက်က ငွေမရှိသည်သာများသည်၊ ရဟန်းငယ်များကို သနား၍ ငွေချေးပေးသော ဘုန်းကြီးတစ်ပါးထံတွင် ဗီဒီယိုကြည့်ရန် (ကျောင်းတိုက်က ခွင့်မပြုသော်လည်း ဝါသနာပါသောကြောင့် ညတိုင်းနီးပါး ခိုးကြည့်သည်) ချေးထားသော အကြွေးသည်ပင် မနဲလှ၊ တစ်နေရာမှရလျှင် အကြွေး ဆပ်လိုက်ရ သောကြောင့် တစ်ပြားမှ မသုံးလိုက်သည့် အခါလည်း မနည်းပေ။

ပြောလက်စနှင့်ဆက်ပြောရလျှင် တနေ့တွင် [၁]**မိမိတို့အဖွဲ့** နှင့်ရင်းနီးသော ဒကာကြီးတစ်ယောက်နှင့် သူ့တူတော် မောင်တို့ မိမိတို့ကျောင်းတိုက်သို့ ကံဆိုးစွာဖြင့် ရောက်ရှိလာသည်၊ ထိုအချိန်တွင် မိမိတို့တစ်ဖွဲ့လုံးတွင် ငွေရေးကြေးရေးပြတ်လပ်နေချိန်လည်းဖြစ်သည်၊ အခြားသူတို့ထံတွင် ငွေချေးကြည့်သော်လည်း သူတို့တွင် လည်း အဆင်မပြေကြ။

သို့အတွက်ကြောင့် ဧည့်သည်တို့ကို ဘာမှကျွေးစရာ မရှိသောကြောင့် ဘာမှမကျွေးပဲ ပစ်ထားလိုက်သည်၊ ဧည့်သည်တို့မှာလည်း ဗိုက်ဆာသောကြောင့် ထိုင်လိုက်၊ ထလိုက်၊ ရေအိုးစင်တွင် ရေသောက်လိုက်၊ ပြန်အိပ်လိုက်လုပ်နေသည်ကို စိတ်မကောင်းစွာဖြင့်ပင် ထိုင်ကြည့်နေခဲ့ရပါသည်၊ ထိုမြင်ကွင်း ကလေးကို ယခုအချိန်အထိ မမေ့နိုင်ပါ။ ဤအဖြစ်အပျက်မှာ မိမိ၏ ကြွယ်ဝမှုအခြေအနေပင် ဖြစ်သည်၊ ထိုအခြေအနေနှင့် နိုင်ငံခြားပညာသင်ထွက်ရန် မည်သို့ဖြစ်နိုင်ပါမည်နည်း။

သို့သော် ဘဝဆိုသည်မှာ ပုံသေသွားနေသည်တော့မဟုတ်ပါ၊ ပြောင်းလဲဖို့ရာအတွက် အခြေအနေတို့ ပေါ်ပေါက်လာတတ်ပါသည်၊ အခြေအနေပေါ်ပေါက်လာသည်ဟုဆိုလိုက်သောကြောင့် ငွေရေးကြေး ရေးပြည့် စုံသူက ထောက်ပံ့တာဖြစ်လိမ့်မည်ဟု အထင်တကြီး မတွေးလိုက်ပါနှင့်၊ ဆွမ်းဝအောင်စားနေ သည်ကပင် မိမိအတွက် ကံကောင်းနေလှပါပြီ။

မိမိဘဝကိုပြောင်းလဲစေမည့်အရာမှာ မိမိ၏အိပ်မက်ပင်ဖြစ်သည်၊ ၂၀၀၂ ခုနှစ် အလယ်ပိုင်းလောက်ဖြစ် မည်ထင်သည်၊ မဆီမဆိုင် အိပ်မက်တစ်ခု မက်သည်၊ ထိုအိပ်မက်ထဲတွင် "မိမိသည် နိုင်ငံခြားတက္ကသိုလ် တစ်ခုတွင် (မည်သည့်နိုင်ငံဟု အိပ်မက်တွင် မပါ) တက္ကသိုလ်ကျောင်းသား ဖြစ်နေသည်၊ သူငယ်ချင်းများ ဘတ်စကက်ဘောလ် ကစားနေသည်ကို ဘေးထိုင်ခုံမှ မိမိက ထိုင်ပြီး ကြည့်နေသည်၊ သူငယ်ချင်းများက အတူကစားဖို့ အတင်းခေါ်နေသော်လည်း မိမိက သင်္ကန်းကြီး ဖိုးရိုးဖားယား နှင့်မို့ ဝင်မဆော့ဖြစ်ပါ"၊ အိပ်မက်မှာ ထိုမျှသာဖြစ်သည်၊ ကြာမြင့်ချိန် ၂-မိနစ်ခန့် သာဖြစ်သည်။

အိပ်ယာမှနိုးသည့်အခါ နိုင်ငံခြားတွင် တက္ကသိုလ်ကျောင်းသာမဟုတ်တော့ပါ၊ စာမေးပွဲ တဘုန်းဘုန်းကျသော ကြွေးမြီးသိပ်မပြတ်သည့် ရဟန်းတစ်ပါး ဖြစ်နေသည်၊ သို့သော် ထိုအိပ်မက်ကလေးကို သဘောကျသည်၊ ပိုက်ဆံဖြင့်ဝယ်လို့ရလျှင် ငွေချေးပြီး ထပ်ဝယ်ဖြစ်လောက်သည်၊ ထိုအိပ်မက်ကြောင့် ပျော်သွားသည်၊မိမိ၏ အပျော်သည် တစ်မနက်မဟုတ်ပါ၊ တစ်ရက်မဟုတ်ပါ၊ တစ်လမဟုတ်ပါ၊ တစ်နှစ်မဟုတ်ပါ၊ " ငါက အိပ်မက်ထဲမှာ တက္ကသိုလ်ကျောင်းသားကြီး" ဟု တွေးလိုက်တိုင်း ပျော်သည်၊ ပျော်သောကြောင့် ရင်းနီးသည့်သူများကိုလည်း ပြောမိသည်၊ နှုတ်မှ ဘာမှမှတ်ချက် မပေးကြပါ၊ သို့သော် စိတ်ထဲမှ "ဒီဦးဇင်းတော့ ပေါက်သွားပြီ"ဟုများ တွေးကြလေမလား မသိ။

*[၁] မှတ်ချက်။ မိမိတို့အဖွဲ့ကို သံဃာများက "တည်ခုံအဖွဲ့" ဟု ခေါ်သည်။ တည်ပင်အောက်တွင် စတည်းချကာ ချက်ပြုတ်စားသောက်ခြင်း၊ ထိုတည်ခုံမှာပင် လေကန်ခြင်း၊ ငြင်းခုံခြင်း၊ အနားယူခြင်း၊ ဧည့်သည်များကို ဧည့်ခံခြင်း၊ သပိတ်အိပ်ခုတ်ခြင်းစသည့် မိမိတို့ အဖွဲ့ ပြုလုပ်သည့်အမှုကိစ္စအဝဝတို့အားလုံးကို ထိုနေရာမှာပင် ပြုလုပ်သော "တည်ခုံအဖွဲ့" အမည်ရခြင်း ဖြစ်သည်။)*

ထိုအိမ်မက်လေးကြောင့် စာနဲ့နဲကျက်ဖြစ်လာသည်၊ အိပ်ချိန်နှင့်လွှက်ရည်ဆိုင်ထိုင်ချိန်တို့မှ အချိန်ကို နမျော တောတောနှင့် စာကြည့်ဖို့ရာ ဖဲ့ပေးခဲ့သည်၊ သို့အတွက်ကြောင့် ၂၀၀၃ ခုနှစ်တွင် "အနောက်တိုင်းမှ ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ" ဘာသာပြန်စာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်၊ ခဏအတွင်းမှာပင် ထိုစာအုပ်ကလေး ရောင်းကုန်သွားခဲ့သည်၊ ဒုတိယအကြိမ် ထပ်မံထုတ်ဝေခဲ့သည်၊ အချိန်တအား ကြီးတော့ မကြာလိုက်ပါ၊ ဒုတိယအကြိမ် စာအုပ်လဲ ကုန်သွားပါသည်၊ "ဘယ်ဆိုးလို့လဲ ….တော်သားပဲ"စသည်ဖြင့် မိမိဘဝနှင့် ရန်ဖြစ်ထားသလို မိမိမကြားဘူးသေးသော စကားလုံးများ မိမိကြားခဲ့ရသည်၊ ထို့ကြောင့် စာကြည့်ချိန် လေးကို ပိုပြီးပေးဖြစ်ခဲ့သည်။

စာအုပ် ဒုတိယအကြိမ်ရိုက်နိပ်ပြီးချိန်တွင် စာအုပ်ဆိုင်မှ ငွေရှင်းသည့်အခါ မိမိလက်ထဲတွင် ငွေကြေး အနည်းငယ်ရှိလာသည်၊ နိုင်ငံခြားတွင် ကျောင်းတက်ချင်သည့်မိမိအတွက် ဒေါ်လာ လိုအပ်လေသည်၊ ထိုအခါ ကျောင်းတိုက်ထဲတွင် ထမင်းတောင်းသည့်ကလေးများ(နိုင်ငံခြားသားပေးသောကြောင့် ဒေါ်လာရှိတတ်သည်)နှင့် ဦးပိန်တံတားတွင် ကျောက်ပုတီးစသည့် လက်ဆောင်ပစ္စည်းတို့ရောင်းသော ကလေးများထံမှ ဒေါ်လာ ၁-ဒေါ်လာတန်းများကို ဝယ်စုသည်၊ ဤသို့ဖြင့် မိမိမှာ မသိမသာ ဒေါ်လာကိုင် လူတန်းစားထဲတွင် ရောက်ရှိနေလေပြီ၊ သို့သော် ပိုက်ဆံမရှိသောကြောင့် ဒေါ်လာတစ်ကျပ်နှစ်ကျပ် လာရောင်းသော ကလေးများကို ပြန်လွှတ် လိုက်ရသည့်အခါလည်း မနဲပေ။

သို့နှင့် ၂၀၀၆ သို့ရောက်သည့်အခါ မိမိလက်ထဲတွင် ဒေါ်လာ (၃၀၀)ခန့် စုမိပြီး ကျန်သည့်ငွေကို မိဘထံမ ၂ အလှူခံပြီး ဒေါ်လာ ၁၂၀၀ ခန့်ရှိသောအခါ သီရိလင်္ကာတွင် တက္ကသိုလ်တက်ရန် ပြင်ဆင်လေပြီ၊ ဒေါ်လာ ၁၂၀၀ မှာ လေယာဉ်စရိတ်နှင့် တက္ကသိုလ်တတ်ရန်တစ်နှစ်စာအတွက်သာ လောက်သည်၊ နေစရိတ်နှင့် စားစရိတ်ပါထည့်တွက်လျှင် မလောက်ပါ၊ မလောက်သည့်အတွက် စိတ်ရှုပ်ခံပြီး ထည့်တွက်မနေတော့ပါ၊ ကျောင်းတက်နေရင်း မလောက်သည့်အတွက် "ခါးပြဖြစ်လျှင်လည်း တိုက်မည်၊ သူတောင်းစားဖြစ် ဖြစ်မည်ဆိုလျှင်လည်း တောင်းမည်"ဟူသော ဆုံးဖြတ်ချက်ဖြင့် နိုင်ငံခြားတွင် ပညာသင်ထွက်ရန် ပြင်ဆင်လေသည်။ မိုးကုတ်မြို့မှ ဒကာဆန်စိမ်း ( အောင်ကျော်ဦး) ပတ်စ်ပို့လုပ်ပြီး လှူလိုက်သောကြောင့် ပတ်စပို့နှင့် ပိုက်ဆံကို လက်ထဲတွင် ကျစ်ကျစ်ဆုတ်ပြီး သီရိလင်္ကာသို့ တက္ကသိုလ် တက်ရန် ထွက်လာခဲ့သည်။

ရန်ကုန်ရောက် သည့်အခါ မိမိအခြေအနေကို သိသော ဦဝိစာရအိမ်ယာရှိ ရဟန်းမယ်တော် ဒေါ်ခင်လေးညို မိသားစုမှ ဒေါ်လာ ၁၀၀၀ လှူဒါန်းလေသည်။ ထို့ကြောင့် လူတန်းစေ့သူတန်စေ့ ကျောင်းသွားတက်နိုင် လေသည်။ အိပ်မက်ကလေးကြောင့် အိပ်မက်ထဲက တက္ကသိုလ်ကျောင်းသားမှ တကယ်တက္ကသိုလ်ကျောင်းသား ဖြစ်လာခဲ့သည်၊ ကိုယ်ဖြစ်ချင်တာကို တစိုက်မတ်မတ်လုပ်ရင်း ဖြစ်နိုင်ခြေ ရှိသည့်အခွင့်အရေးများ ကိုလည်း တပြိုင်နက်စုစည်းခဲ့ပါ၊ တနေ့တော့သင့်အိပ်မက် အကောင်ထည်ပေါ်လာပါလိမ့်မည်။

ပညာတော်သင်ခရီး အပိုင်း (၂)

တောသား ဒါပေမဲ့ နိုင်ငံခြားသွား

၂၀၀၆၊ နိုဝင်ဘာလတွင် သီရိလင်္ကာသို့ ပညာသင်ထွက်ရန် ပြင်ဆင်ပြီ၊ မထွက်ခင် ကိုယ်ရည် ကိုယ်သွေးတို့ကို ပြန်လည် ဆန်းစစ်ကြည့်သည်။

အင်္ဂလိပ်စာအတွေ့အကြုံမှာ………..

1. ဘာသာပြန်တစ်အုပ် ရေးသား ထုတ်ဝေပြီး…….
2. Mahagandhayum Monastery and Its History ဟူသော အင်္ဂလိပ်စာအုပ် တစ်အုပ်ရေးဖူးပြီး (သို့သော် အင်္ဂလိပ်စာကျွမ်းကျင်သည့်ဘုန်းကြီးတစ်ပါးမှ ”စာအုပ်ထုတ်ဝေလောက်အောင် အဆင့်မှီသည့် အင်္ဂလိပ်စာမဟုတ်” ဟု ဆိုသောကြောင့် စာအုပ်မထုတ်ဝေဖြစ်ခဲ့၊ ယခု Mahagandhayum Monastery and Its history စာအုပ်မှာ သီရိလင်္ကာ M.A. ရပြီးမှ ထပ်ရေးသော စာအုပ်ဖြစ်သည်)……
3. အင်္ဂလိပ်စကားပြောစွမ်းရည်မှာ အမှားတစ်ဝက်၊ အမှန်တစ်ဝက်နှင့် ခပ်သွက်သွက် ကလေးတော့ ပြောတတ်….
4. နိုင်ငံခြားအတွေ့အကြုံမှာ တစ်စက်မျှ မရှိ ( ဗီဒီယိုထဲ၌သာ မြင်ဖူး)
5. စိုးရိမ်စိတ်…….တစ်စက်မှမရှိ
( တက္ကသိုလ်တက်ချင်စိတ်တို့သည်သာ လွှမ်းမိုးနေသောကြောင့် ဖြစ်သည်)

ဤသို့ဖြင့် အမရပူရမြို့ ၏ထဲကိုပင် တစ်ပါးတည်းမသွားသော မိမိသည် သီရိလင်္ကာကို ပညာသင်ရန် တစ်ပါးတည်း ထွက်လာခဲ့သည်၊ ရန်ကုန်မှ ထိုင်းနိုင်ငံသို့ TG လေကြောင်းလိုင်းဖြင့် မနက်ခင်းတွင် ထွက်လာခဲ့သည်၊ လေယာဉ်ပေါ်တွင် အားလုံးသန့်ပြန့်နေသည်၊ ခရီးသည်များ၊ လေယာဉ်မယ်များ၊ အသုံးအဆောင်များ အားလုံး သစ်လွင်တောက်ပနေသည်၊ မိမိစီးနေကြ မန္တလေး-စစ်ကိုင်း လိုင်းကားများကဲ့သို့ မဟုတ်၊ မိမိအတွက်မှာ အားလုံး အထူးအဆန်းချည်းသာ ဖြစ်သည်။

လေယာဉ်ထွက်သည့်အခါ အများနည်းတူ ခါးပါတ်ပတ်သည်၊ အခြားသူများ ခါးပတ်များဖြုတ်သည့်အခါ မိမိလည်းဖြုတ်သည်၊ ဖြုတ်၍မရ၊ ထပ်ကြိုးစားကြည့်သည်၊ မရ၊ နည်းမျိုးစုံဖြင့် ကြိုးစားကြည့်သည် မရ၊ လေယဉ်ကသာ သစ်တာ ခါးပါတ်က အစုတ်ကြီးဆိုတာကို သိလိုက်သည်၊ ထို့ကြောင့် လေယဉ်မယ်ကို လှန်းခေါ်လိုက်ပြီး “ ဒီမှာ…. မင်းတို့ခါးပတ်က ပျက်နေတယ်ထင်တယ်…ဖြုတ်လို့မရဘူး” ဟု ပြောလိုက်သည်၏အခါ လေယဉ်မယ်က ပြုံးပြီး လာဖြုတ်ပေးသည်၊ သူဖြုတ်ပေးတော့လည်း လွယ်လွယ်လေး၊ ခါးပတ်ခေါင်းကို အသာလေး ဆွဲလှန်လိုက်ရုံသာ ဖြစ်သည်။

သုဝဏ္ဏဘူမိလေဆိပ်တွင် အားလုံးမှာ တောက်ပြောင်ပြီး လှပနေသည်၊ မိမိဆွမ်းခံကြွနေသော ရွာမှရှုခင်း နှင့်မတူပါ၊ အသက်ကြီးငယ်မရွေး သန့်သန့်ပြန့်ပြန့်နှင့် ကြည့်ကောင်းနေသည်၊ မြင်မြင်သမျှ သက်ရှိသက်မဲ့ အရာဝတ္ထုတို့သည် တောက်ပြောင် သန့်ရှင်းနေလေသည်၊ “နတ်ပြည်ဆိုတာ ဒါမျိုးလားမသိဘူး”ဟု တွေးလိုက်မိသည်၊ “ဒေါင်းကြားထဲရောက်နေတဲ့ ကျီးကန်းလိုများ ဖြစ်နေ ပြီလားမသိဘူး” ဟုတွေးပြီး ကိုယ့်ကိုယ်ကိုလည်း အားငယ်မိသွားသည်၊ သန့်စင်ခန်းထဲမှ မှန်ထဲတွင် ကိုယ့်ကိုယ်ကို လှန်းကြည့်မိလိုက်သည်၊ “ဟာ..ငါလည်း သန့်ပြန့်နေပါလား”ဟု တွေးလိုက်မိသည်၊ ထိုနောက် လေဆိပ်ထဲတွင် ထွန်းထားသော မီးများကြောင့် အားလုံးကြည့်ကောင်းနေသည်ကို သဘော ပေါက်လိုက်သည်။

သန့်စင်ခန်းရှိ ဘေစင်တွင် ရေဖွင့်မရသော ပြဿနာကြုံရပြန်သည်၊ ရေခေါင်းကို မသည်၊ ဖိသည်၊ ဘေးသို့ တွန်းသည်၊လှည့်ဖွင့်သည်၊ သို့သော် ရေမထွက်၊ တတ်သည့်ပညာလည်း ကုန်ပြီ၊ မြန်မာနိုင်ငံဆို လျှင် အော်… ရေပြတ်နေလို့ဟု တွေးမိမှာအမှန်၊ သို့သော် လေဆိပ်အသစ်ကြီးမှာ ရေပြတ်သည်ကတော့ မဖြစ်နိုင်၊ ထိုအချိန်တွင် လေယဉ်ပေါ်မှာ အတူပါလာသည့် စိန်နှင့်မြမွေ့ရာမှ ဒကာကြီးမှ “ဦးဇင်း ရေဖွင့်မရလို့လား” မေးသောကြောင့် “ဟုတ်တယ် ဒကာကြီး” ပြောလိုက်ရာ “လက်ကို ရေခေါင်းရှေ့နား ကပ်ထားလိုက်ဘုရား” ဟု ပြောပြလေသည်၊ ဟုတ်ပါသည်၊ ရေထွက်လာပါပြီ၊ ရေခေါင်းတွင် လက်အရိပ်ကိုဖမ်းသည့်ဆင်ဆာ တတ်ထားသည်၊ လက်ဆေးသည့်အခါ အလိုအလျောက် ရေထွက်လာပြီး လက်ရုပ်လိုက်သည့်အခါ အလိုအလျောက် ရေပြန်ပိတ်သွားသည့် စနစ်ဖြစ်သည်၊ မလိုအပ်ပဲ မကုန်စေရန် ရေကို ချွေတာသော စနစ်ဖြစ်သည်၊ ဥရောပမှ နိုင်ငံခြားသားတစ်ယောက်လည်း ရေဖွင့်မရ၍ ဒုက္ခရောက် နေချိန် မိမိရောက်သွားသည့်

အခါ လက်ကိုရေခေါင်းနား ကပ်ထားဖို့ ပြောလိုက်ရာ သူလည်း ရေဖွင့်၍ ရသွား သည်၊ "ကျေးဇူးတင်ပါတယ်"ဟု အထင်ကြီးသော လေသံဖြင့် ပြောသွားသည်၊ မိမိမှာ သဘောအကျကြီးကျ၍ ကျန်ရစ်ခဲ့လေသည်။

ည (၁၀) နာရီလေယာဉ်ဖြစ်၍ ၉ -နာရီဝန်းကျင်တွင် သီရိလင်္ကာကိုသွားမည့်ဂိတ်နံပါတ်တွင် သီရိလင်္ကာကိုသွားမည့် ခရီးသည်များ တဖြည်းဖြည်းစုလာကြသည်။ ဆန်ကာဖြင့် ဆန်များကို ချလိုက်သလို အသားမဲသည့် ခရီးသည်များ ထိုဂိတ်တွင်လာစုသလို စိတ်ထဲခံစားလိုက်မိသည်။ သီရိလင်္ကာလူမျိုးဘုန်းကြီးတစ်ပါးနှင့် မိတ်ဖွဲ့ပြီး စကားပြောဖြစ်သည်၊ ရာခိုင်နှုန်း (၆၀)လောက်က နားမလည်ပါ၊ ပါဠိလိုရော အင်္ဂလိပ်လိုရော ၂-ဘာသာကို ရောထွေးပြောမှ တစ်ပါးနှင့်တစ်ပါး ပိုပြီး နားလည်တော့သည်၊ "အင်း…ငါ့အင်္ဂလိပ်စာအနေအထားနဲ့ တက္ကသိုလ်တက်ရင် ဘာတွေများ ဖြစ်အုံးမလဲ မသိဘူး" ဟု စိုးရိမ်စိတ်အနည်းငယ်ပါသော အတွေးဝင်မိလိုက်သည်။

သီရိလင်္ကာသို့ ညသန်းခေါင်ကျော်ကျော် ရောက်သည်၊ လေဆိပ်နှင့်ကိုလံဘိုမြို့ရှိ မြန်မာကျောင်းမှာ (၃၆ ) ကီလိုမီတာခန့် ဝေး၍၊ ၁နာရီခွဲ ၂-နာရီနီးပါး မောင်းရသည်၊ နံနက် (၂) နာရီကျော်လျှင် သီရိလင်္ကာနိုင်ငံ ကိုလံဘို(၀၉) ရှိ မကုဋ္ဌာရာမ မြန်မာကျောင်းသို့ ရောက်သည်။

ထိုအချိန် သီရိလင်္ကာနိုင်ငံတွင် စုစုပေါင်းမြန်မာသံဃာများမှာ ၁၅၀-ကျော်ရှိလေသည်၊ မကုဋ္ဌာရာမတွင် ၅၀ ကျော် ၆၀ ခန့် ရှိမည် ထင်သည်၊ သံဃာများမှာ တက်ကြွနေသည်၊ လွတ်လပ်ပေါ့ပါး နေသည်၊ ဖျတ်လပ် နေသည်၊ စကားပြောကြည့်သည့်အခါ အတွေးအခေါ်ပါသော စကားများစွာကို ကြားရသည်၊ သူတို့၏ အတွေးအခေါ်တွင် ကြောက်ရွံ့မှု၊ အားနာမှု၊ တစ်စုံတစ်ရာကို အထင်ကြီးမှုကို အခြေခံသည့် အတွေးအခေါ်မျိုး သိပ်မတွေ့ရ၊ ထင်မြင်ချက်ကို သေသေသပ်သပ်နှင့် တင်ပြကြသည်ကိုလည်း တွေ့ရသည်၊ ငါ..ဒီကိုလာတာ မှန်သွားပြီ…ဟု စိတ်ထဲမှာ တစ်ထစ်ချ ဆုံးဖြတ်ချက်ချလိုက်သည်။

အချို့သံဃာများမှာ ပျော်ပျော်နေတတ်သော သံဃာများကိုလည်း တွေ့ရသည်၊ တစ်ပါးနှင့် တစ်ပါး စလိုက် နောက်လိုက်၊ လွပ်လပ်မှုအပြည့်နှင့်ရယ်လိုက်မောလိုက်မို့ မိမိပင်ပျော်သွားသည်၊ အချို့မှာ လူရှင်းသည့် နေရာတွင် စာကို တကုတ်ကုတ်ကျက်နေသော သံဃာများကိုလည်း တွေ့ရသည်၊ အချို့မှာ အချက်အပြုတ် ဝါသနာ ပါကြသည်၊ ချက်ပြုတ်ရာတွင် တော်ကြသည်၊ မိမိမှာ အချက်အပြုတ် ဝါသနာ မပါ၊ အချက်အပြုတ်မှာ လုံးလုံးမချက်တတ်၊ သို့သော် စားသောက်ရာတွင် တော်သည်၊ ထို့ကြောင့် ထိုသံဃာတို့နှင့် မိတ်ဆွေအမြန် ဖြစ်လေသည်။ မိမိမှာ ရောက်စမို့ မျက်စိသူငယ် နားသူငယ်သာမက ပါးစပ်သူငယ်၊ နှာခေါင်းသူငယ်၊ လျှာသူငယ်များ အထိပင် ဖြစ်လေသည်။

နောက်နေ့တွင် ပထမဆုံးလုပ်သည့်အလုပ်မှာ အသိဘုန်းကြီးတစ်ပါးထံမှ ဟန်းဆက်အဟောင်း တစ်လုံးဝယ်ခြင်းဖြစ်သည်၊ သီရိလင်္ကာရူပီး (၄၀၀၀) မြန်မာငွေ (၄၀,၀၀၀) လေးသောင်းကျပ်၊ ဆင်းမ်ကဒ် ရူပီး(၇၀၀) မြန်မာငွေ(၇၀၀၀) ကျပ်၊ စုစုပေါင်း မြန်မာငွေ ၄-သောင်း ၇-ထောင်ကျပ်ဆိုလျှင် ဟန်းဖုန်းတစ်လုံး ကိုင်နိုင်သည်၊ ဟန်းဖုန်းရသည့်အချိန်တွင် ဂုဏ်ယူသည့်အပျော်မှာ "ငါ လူဖြစ်ရကျိုး နပ်ပြီ" ဟုပင် တွေးမိသည်၊ ဟန်းဆက်အဟောင်းကလေးကို ဖုန်သုတ်လိုက်၊ ဂျီးသုတ်လိုက်နှင့် တသသလုပ်နေမိသည်၊ မိဘများ၊ ရဟန်းမယ်တော်များ၊ သူငယ်ချင်းများထံ စာရေး၍ မိမိဟန်းဖုန်း နံပါတ်ကို ထည့်ပေးပြီး မသိမသာ တစ်မျိုး သိသိသာသာတစ်မျိုး ကြွားလေသည်၊ ကြွားလည်း ကြွားထိုက်သည်၊ ထိုအချိန်တွင် မြန်မာနိုင်ငံမှာ ဟန်းဖုန်းတစ်လုံး၏ တန်ဖိုးမှာ သိန်း (၃၀)ကျော်ပြီး ဟန်းဖုန်းကိုင်သည့်သူကို ထိုင်ပြီးမရှိခိုးရုံတမယ် အထင်ကြီးကြနေသည့် အချိန်လည်းဖြစ်သည်။

မိမိရောက်သည့်အချိန်မှာ နိုဝင်ဘာလဖြစ်၍ တက္ကသိုလ်တို့တွင် ကျောင်းသားသစ်များကို လက်မခံသေး၊ ဖေဖဝါရီလကုန်ဝန်းကျင်မှသာ စတင်လက်ခံသည်၊ ထို့ကြောင့် မိမိကို သီရိလင်္ကာကို လှမ်းခေါ်သည့် ဦးအဂ္ဂိယသရ( ယခု ကျားကူးကျောင်းတိုက်တွင် နာယက၊ စာချဆရာတော်) မှ ကောလိပ်တစ်ခု (Royal Colleage) တွင်

တက်နေရန် အကြံပေးသည်၊ ရှုပီး (၇၀၀၀) ဟုထင်သည်၊ ၃-လ သင်ရိုး၊ 4-skills အတွက်ဖြစ်သည်။ တက်သင့်သည်၊ အကြောင်းမှာ သီရိလင်္ကာလူမျိုးတို့ပြောသော အင်္ဂလိပ်မှာ သီရိလင်္ကာ လေယူလေသိမ်း ဖြစ်သည်၊ နားလည်ရန် မလွယ်၊ သီရိလင်္ကာလူမျိုးတို့ အင်္ဂလိပ်စကားပြောသောအခါ မိမိစိတ်ထဲ အင်္ဂလိပ်လို ပြောသည် ဟု မထင်၊ သူတို့ ဘာသာစကား ဆင်ဟာလီဘာသာစကားကိုသာ ပြောနေသည်ဟု ထင်နေသည်။

မြန်မာလေယူလေသိမ်းဖြင့် အင်္ဂလိပ် စကားပြောလျှင် မြန်မာ့အစားအစာကိုစွဲ၍ ထိုသူကို "ငါးပိသံဖြင့် ပြောသည်" ဟု ပြောကြသည်၊ သီရိလင်္ကာလူမျိုးတို့မှာလည်း အိမ်တိုင်း နေရာတိုင်းမှာ အုန်းသီးထောင်းနှင့် ပဲ ပါသောကြောင့် သူတို့လေယူလေသိမ်းကို "အုန်း-ပဲ"သံဖြင့်ပြောသည်ဟု ဆိုရလိမ့်မည်။ ထို အုန်း-ပဲသံကို နားလည်ဖို့ ကောလိပ်တစ်ခုကို သူငယ်ချင်းတစ်ပါး၊ ဦးပညာနန္ဒ (ယခုအမေရိကားတွင် ဦးမင်းအောင်)နှင့် အတူ တက်လေသည်။ သို့သော် ထိုကောလိပ်တွင် Placement test နှင့်အတန်းခွဲသောကြောင့် မိမိနှင့် သူ၏ အတန်းကား မတူပါ။

ပညာတော်သင်ခရီး အပိုင်း (၃)

ကောလိပ်တွင် ဆရာအား စိန်ခေါ်ခြင်း

မိမိတက်ရသည့်အခန်းတွင် ကမ္ဘောဒီးယားဘုန်းကြီးတစ်ပါး၊ မြန်မာမှာ မိမိတစ်ပါး၊ အခြား ကိုးရီးယား ကျောင်းသား၂-ယောက်နှင့် ကျန်သည့်ကျောင်းသူကျောင်းသားများမှာ သီရိလင်္ကာနိုင်ငံသား များသာ ဖြစ်ကြသည်။ စုစုပေါင်း အယောက် (၂၀) ခန့်ရှိသည်၊ ကျောင်းသား (၆)ယောက်သာရှိပြီး ကျန်သည့် သူများမှာ ကျောင်းသူချည်းသာ ဖြစ်သည်၊ ဆရာရှင်းပြသည့်အခါ ကျောက်သင်ပုန်းဘက်သို့ လှည့်ပြီး သင်ရသည့် အခါရှိသလို အုပ်စုဖွဲ့ပြီး ဆွေးနွေးရသည့်အခါလည်း ရှိသည်၊ လူဝတ်ကြောင် ကျောင်းသူကျောင်းသားများ နှင့်ရောနှောပြီးတစ်ခါမှ မသင်ဖူးသောကြောင့် ရှက်သလိုလို ကြောက်သလိုလို၊ ရေသောက် ချင်သလိုလို၊ ထမင်းစားချင်သလိုလို ဖြစ်နေသည်၊ ထို့ကြောင့် မိမိသည် အတန်းထဲတွင် တက်ကြွသော ကျောင်းသား တစ်ယောက်မဟုတ်ဘဲ တစ်လုံးမေးလျှင် တစ်လုံးဖြေသော အဆင့် လောက်သာရှိသည်။

ပထမရက် သင်တန်းပြီးသည့်အခါ သူငယ်ချင်း ကမ္ဘောဒီးယားဘုန်းကြီးက သင်တန်းပြီးသွားသည့်အခါ ဆရာကို " စောစောက စာသင်တာ အင်္ဂလိပ်လိုပြောတာလား၊ ဆင်ဟာလီလိုပြောတာလား" ဟုမေးလိုက်သည်၊

ဆရာက "အင်္ဂလိပ်လိုပြောတာ" ပြောသည်။

"ဟုတ်လို့လား ဦးဇင်းတော့ ဘာမှနား မလည်ဘူး၊ မဟုတ်လောက်ဘူးထင်တယ်" ဟု သူငယ်ချင်းမှ ပြောလိုက်သည်။

၊ထို့နောက် သူငယ်ချင်းမှ White board Marker ယူပြီး ကျောက်သင်ပုံးတွင် စာလုံးတစ်လုံးရေးလိုက်သည်၊ "

" ဒါကို အသံထွက်ပြပါ" ဟုပြောလိုက်သည်၊ ဆရာကလည်း အသံထွက်ပြသည်၊

"သင့် အသံထွက်က မှားနေတယ်၊ ဒါကြောင့် ငါတို့ နားမလည်တာကိုး" ဟုပြောပြီး Electronic Dictionary ထုတ်ပြီးအသံထွက်ကို ဖွင့်ပြသည်။

ဆရာကလည်း သူက British Councel မှသင်တန်းဆင်းဖြစ်ကြောင်း၊ သူ့အသံထွက် မမှားကြောင်းနှင့် နောက် တဖြည်းဖြည်း နားလည်လာဖြစ်ကြောင်းကို ရှင်းပြပြီး အသေးစား ငြင်းခုံပွဲလေးကို ရပ်သိမ်းလိုက်သည်၊ မိမိ အံ့သြသွားသည်၊ သူသတ္တိရှိလှပါလား၊ ဆရာကို မှားနေတယ် ဟုပြောရဲသည်၊ မိမိမှာ မိမိကိုမေးသော မေးခွန်းကိုသာ ဖြေသောကြောင့် ၃-နာရီအတွင်း မိမိပြောသည်မှာ ဝါကျ ၅၀-ပင် ပြည့်အံ့မထင်။

မိမိသာမက မြန်မာအများစုမှာ သတ္တိနည်းကြသည်၊ ကြောက်ကြသည်၊ သိနေသည့် အရာ၊ ပြောချင်သည့် အရာကို မပြောရဲကြ၊ မှားမှာကို ကြောက်ကြသည်၊ အခြားကျောင်းသားများ ကဲ့ရဲ့ လှောင်ပြောင်မည်ကို ကြောက်ကြသည်။

ဒုတိယနေ့တွင် ပိုပြီး နားလည်လာသည်၊ မိမိအမူအယာမှာ အေးတိအေးစက်၊ တစ်လုံးမေး တစ်လုံးဖြေ ပင်ဖြစ်သည်၊ မျက်နှာမှာလည်း ၈-ခေါက်ချိုး ၉ -ခေါက်ချိုးလောက်တော့ ရှိမည်ထင်သည်၊ အတန်းထဲ တွင်လည်း ကမ္ဘောဒီးယားဘုန်းကြီးကလွဲ၍ သူငယ်ချင်းမရှိပါ။ တတိယနေ့တွင် ဆရာအသစ် ပြောင်းသည်၊ ပထမဆရာသည် အပြောပိုင်းကို ဦးစားပေးသည်၊ ဒုတိယဆရာသည် ဂရမ္မာကို အားသန်သည်၊ ဂရမ္မာကို ဦးစားပေးသည်၊ စာမျက်နှာ (၄)မျက်နှာပါ ရုပ်ပုံများ၊ ဝါကျများနှင့် ကွက်လပ်များဖြည့်ရန် စာရွက်တစ်ရွက် လာပေးသည်၊ မိမိဖတ်ကြည့်လိုက်သည့်အခါ အင်မတန်လွယ်ပြီး ကလေးကလား စာများဖြစ်သောကြောင့် ကွက်လပ်များ မဖြည့်ပဲ ဘေးနားချထားပြီး ဆရာ၏ လေယူလေသိမ်းကိုပဲ အာရုံစိုက် နားထောင်နေသည်။

ခဏကြာသည့်အခါ ဆရာမှ ဘောလ်ပင်ကိုင်ပြီး စောစောက ပေးထားသည့် စာရွက်ကိုလိုက်ကြည့်ပြီး အမှတ် ခြစ်ပေးနေသည်၊ မိမိစာရွက်မှာ ဘာမှရေးမထား သောကြောင့် ကွက်လပ်ဖြစ်နေသည်၊ “ဘာလို့ ကွက်လပ်တွေ မဖြည့်တာလဲ ဖြည့်ပါ” ဟု ဆရာမှ ပြောသည်၊ “ဦးဇင်းအားလုံး ရနေလို့ မဖြည့်တော့ဘူး” ဟုပြောလိုက်သည်၊ သူက “ဖြည့်ပါ”ဟုဆိုသောကြောင့် တစ်မျက်နှာဖြည့်ခိုင်းသည်ကို လေးမျက်နှာ စလုံးဖြည့်ပြီး ဘေးနားတွင် ချထားကာ သူပြောသည့် အင်္ဂလိပ်အသံကိုပဲ စူးစိုက်စွာ နားထောင်နေသည်၊ ခဏကြာ မိမိအနားသို့ ပြန်ရောက်လာပြီး မိမိရေးထားသည့် စာရွက်ကိုကြည့်ပြီး “အမှားတွေ” ဟု ပြောပြီး စာရွက်ကို စာပွဲပေါ်သို့ ပစ်ချပြီး ကျောက်သင်ပုန်းနားသို့ ပြန်သွားသည်။

ဆရာအမူအရာနှင့် အပြောအဆိုကြောင့် ဒေါသထွက်သွားသည်၊ ထွက်သည်မှ ရိုးရိုးထွက်သည်မဟုတ်၊ ပေါက်ကွဲထွက်သွားသည်၊ Excuse me! ဟုဆရာကို ပြန်ခေါ်ပြီး ဒေါသကြောင့် အသံမှာ အနည်းငယ်တုန်နေပြီး ကျယ်နေသည်၊ “ ဘယ်နေရာမှာ မှားနေတာလဲ ပြောပါအုံး” ဟုမေးလိုက်သည်။ “ ဒီမှာ မှားနေတာ”ဟု ဆိုကာ မိမိရေးထားသော စာများပေါ်ကို လက်ညှိုးဖြင့် ခပ်ဆတ်ဆတ်လေး ထောက်ပြသည်။ ထို့နောက် " ဒီလိုရေးရတယ် ”ဟု ဆိုတာ ရှေ့က ကောင်မလေးတစ်ယောက်စာရွက်ကို ယူပြီး မိမိကို ပြသည်။ မိမိကြည့်လိုက်သည့်အခါ သူ့ဝါကျအားလုံးမှာ simple sentences များဖြစ်သည်၊ မိမိမှာ simple sentencesများရေးလျှင် ကလေးဆန်မှာစိုးသောကြောင့် complexed sentences ရေးလိုက်သည်။ မိမိဝါကျများမှာ Principle clauses များဖြင့် တည်ဆောက် ထားသည်။

စာရွက်ကိုပြပြီး ပြန်လှည့်သွားမည်လုပ်နေသော ဆရာကို

“နေပါအုံး…မင်း ဂရမ္မာ ဘယ်လောက်နား လည်လို့တုံး”

“သူရေးထားတာတွေက simple sentences တွေနဲ့ရေးထားတာ”

“ အဲဒါက ကလေးကလား ဝါကျတွေ၊ ငါ့ ဝါကျအားလုံးက Principle clauses နဲ့ ရေးထားတာ”

“မင်း Principle clauses အကြောင်း ကိုနားလည်ရဲ့လား” မေးသည့်အခါ ထိုဆရာ မဖြေတော့။

မိမိမှာ ဒေါသထွက်နေသောကြောင့် ဘေးပတ်ဝန်းကျင်ကို ဂရုမစိုက်တော့၊ အရင်နေ့တွေတုံးကလို အေးတိအေးစက် မဟုတ်တော့၊ ခုအချိန်မှာ ပူတိပူစက် ဖြစ်သွားပြီ၊ မိမိစကားသံကြောင့် အခန်းတစ်ခုလုံးလည်း ငြိမ်ကျနေသည်၊ အားလုံးသော မျက်လုံးအစုံတို့သည် မိမိနှင့် သင်တန်းဆရာတို့ထံသို့ရောက်နေသည်။

မိမိ ဆက်ပြောသည်....

“မင်းတို့လောက် အင်္ဂလိပ်စကားပြော မကျွမ်းကျင်ဘူးဆိုတာ ငါဝန်ခံတယ်၊

ဒါပေမဲ့ ခု မင်းကိုင်တားတဲ့ Intermediate Grammar တစ်အုပ်လုံး ငါအလွတ် ကျက်ထားတာ၊ ဂရမ္မာက မင်းထက် အများကြီး နားလည်တယ်" ဟုပြောချလိုက်သည်။

"ဒါ မင်းစာသင်ချိန်မို့လို့ ငါ ဆက်မပြောချင်ဘူး၊ စာသင်ပြီးရင် ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာ ဆွေးနွေးမယ်။

"မှားတယ်" ဆိုတဲ့ စကားကို မင်းတာဝန်ယူရမယ်၊ သွားတော့…" ဟု ပြောလိုက်သည်။

ဆွေးနွေးဖို့ရာလည်း မကြောက်ပါ၊ မိမိမဟာဂန္ဓာရုံမှာနေစဉ် အင်္ဂလိပ်လိုရေးတတ်ချင်သောကြောင့် Heinman Intermediate Grammar၏ စည်းမျဉ်း တစ်အုပ်လုံးကို အလွတ်ကျက်ဖူးသည်၊ အခန်း (၁၈၀) ရှိရာ သုံးလကျက်လျှင် အကုန်ရသွားသည်၊ မေ့သွားမည် စိုးသောကြောင့် တစ်ညလျှင် အခန်း (၃၀) စီ အလွတ်ပြန်နေလေသည်၊ သီရိလင်္ကာရောက်တော့လည်း ဆက်လက် အလွတ်ပြန်နေခဲ့ သေးသည်။

သီရိလင်္ကာတွင် ဆရာကို အင်မတန်လေးစားပြီး ချစ်ကြသည်၊ ဆရာကို စိန်ခေါ်ဖို့ဆိုတာ သူတို့အတွက် အထူးအဆန်းဖြစ်နေသည်၊ ဆရာလည်း တပည့်တစ်ယောက်မှ စိန်ခေါ်ခံရသောကြောင့် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်နေပုံရသည်၊ မိမိကလည်း လုံးဝဂရုမစိုက်သည့်အမူအယာဖြင့် စာရွက်ပစ်ချသည့် ရိုင်းစိုင်းသည့်အမူအယာကို ဘယ်လိုမှ လက်ခံလို့မရပါ၊ ဒေါသမှာ အသံများတုံနေ သည့်အထိ ထွက်နေသည်။ ထို့နောက် အခန်းထဲတွင် ဆရာစိတ်မပါတစ်ပါနှင့် စာသင်သံကလွဲ၍ အသံများ ငြိမ်နေ သည်။

အားလပ်ချိန်တွင် ကျောင်းသားတို့သည် ဒီအကြောင်းကိုပဲ သူတို့ဘာသာစကားနှင့် ပြောပြီး မိမိကို ကွက်ကြည့်ကွက်ကြည့်နှင့် လုပ်နေကြသည်၊ ဒီသတင်းသည် အခြားအခန်းများသို့လည်း ပြန့်သွားပုံရသည်၊ ကျောင်းသားအချို့လာပြီး ကွက်ကြည့်ကွက်ကြည့် လာလုပ်ကြသည်၊ ပွဲကတော့ ပိုကောင်း လာပြီဆိုတာကို သိလိုက်သည်။ ဒုတိယစာသင်ချိန်တွင်လည်း စောစောက အဖြစ်အပျက်ကြောင့် ခြောက်တိ ခြောက်ကပ်ကြီးနှင့် ပြီးသွားသည်။
သင်တန်းချိန်ပြီးသွားသည့်အခါ ကျောင်းသူကျောင်းသားများ မပြန်သေးဘဲ အခန်းထောင့်နားတွင် စုရုံးစုရုံး လုပ်နေသည်၊ အခြားအခန်းက ကျောင်းသားများရော မိမိအခန်းက ကျောင်းသားအချို့က ပြတင်းပေါက်နားတွင် ရစ်သီရစ်သီ လုပ်နေသည်၊ မိမိက အခန်းထဲတွင် တစ်ပါးတည်း ပစ္စည်းများ မသိမ်းသေးဘဲ တစ်ယောက်တည်း ကျန်နေခဲ့သည်၊ ဆရာက သင်ကြားသည့်ပစ္စည်းများနှင့် သူ့ပစ္စည်းများကို သိမ်းနေသည်၊ ပြီးသွားသည့်အခါ မိမိက " ဆရာ လာပါ..ဆွေးနွေးရအောင်" ဟု သွားပြောသည်။

"အချိန်မရှိဘူး၊ သွားစရာရှိသေးတယ်" ဟုပြောပြီး ထွက်သွားသည်။

မိမိမှာ ဒေါသထွက်၍ ဆရာကိုလက်ညှိုးထိုးပြီး

"မင်းက ဟာသပဲ" " ဂရမ္မာလည်း နားမလည်ဘူး၊ ဒါလား ဆရာ…..ကိုယ့်စကားကိုယ်လည်း တာဝန်မယူဘူး" ဟု နောက်က လိုက်ပြောသည်။

ဘုန်းကြီးတစ်ပါး နှင့် မငြင်းချင်လို့လား၊ ရှုံးရင် တစ်ရက်ကနေ နှစ်ရက်ဖြစ်မှာ ကြောင့်လားတော့ မသိ၊ ဘာမှပြန် မပြောပဲ အခန်းထဲမှ ထွက်သွားလေသည်၊ မိမိလည်း နောက်မှ လိုက်ထွက်ခဲ့သည်၊ မိမိထွက်သွားသည့်အခါ ကျောင်းသားများက အထူးတဆန်းသဖွယ် မိမိကို လိုက်ကြည့်နေကြသည်၊ သူတို့ဘာတွေ တွေးနေတယ် ဆိုတာကို သူတို့သာပဲ သိနိုင်လိမ့်မည်။ အဲဒီနေ့မှစ၍ ထိုဆရာကို မတွေ့ရတော့ပါ။

နောက်တစ်ရက်တွင် ဆရာမတစ်ယောက် ရောက်လာသည်၊ ထိုဆရာမလည်း ရောက်ကတည်းက မိမိကို ကွက်ကြည့် ကွက်ကြည့်လုပ်နေသည်၊ သူဝေသည့်စာရွက်ကိုလည်း ရောက်တာနှင့် အကုန်ဖြည့်ပြီး ထားထား သည်၊ သူမသင်သေးပဲ ဖြည့်ထားသော စာရွက်ကို ယူကြည့်ပြီး "နားလည်ပြီးသားပဲ" ဟုဆိုကာ မိမိ စာရွက်ပေါ်တွင် excellent! ဟုရေးသွားသည်။

မီးမလောင်ခင် ကြိုတင်တားသည့် သဘောလားတော့ မသိပါ၊ မိမိစာမေးပွဲအောင်သော်လည်း ထိုကောလိပ်မှ အောင်လက်မှတ်ကို သွား မယူဖြစ်ပါ၊ အောင်လက်မှတ် ဆိုသည်မှာ စက္ကူချပ်တစ်ခုမျှသာဖြစ်ပြီး ပညာကမှ တကယ့်တန်ဖိုးရှိတာဟု ခံယူထားသောကြောင့်ဖြစ်သည်။ ယခုအချိန်အထိ ဆရာကို စိန်ခေါ်သည့်အတွက် မှားတယ်ဟု မခံယူပါ၊ ဆွေးနွေးပွဲတွင် မိမိများလျှင် မိမိသိနေသည့် အသိများကို ပြင်လိုက်ရုံသာ၊ မိမိမှန်နေလျှင်လည်း မြန်မာဆိုတာ ဒါမျိုးဟု သိစေချင်သည်။

ပညာတော်သင်ခရီး အပိုင်း (၄)

ကြက်သားတစ်တုံးနှင့်ပြီးသောနေ့ဆွမ်းတစ်နပ် နှင့်ကွဲပြားသော ယဉ်ကျေးမှုများ

သီရိလင်္ကာသို့ရောက်ပြီး တစ်ပတ်လောက် အကြာတွင် မိတ်ဆွေရဟန်းတစ်ပါးမှ "ဆွမ်းစားလိုက်ခဲ့ပါ လား..... ဗဟုသုတ ရတာပေါ့" ဟုဆိုသောကြောင့် ဆွမ်းစားလိုက်သွားခဲ့သည်၊ မှန်ပါသည်၊ မိမိသည် ရောက်ကတည်းက မြန်မာကျောင်းတွင်နေသောကြောင့် မြန်မာလိုချက်ထားသည့် အစားအသောက်ကိုသာ စားနေရသည်၊ ထို့ကြောင့် လိုက်သင့်သည်ဟု ထင်သည်၊ သီရိလင်္ကာတွင် ဆွမ်းစားရာ၌ မြန်မာနိုင်ငံကဲ့သို့ ဝိုင်းကြီးနှင့်ပြင် ထားသည်မဟုတ်၊ ဆွမ်းစာကျွေးရာတွင် ကြမ်းပြင်ပေါ်တွင် အခင်းခင်းထား ပြီး ထိုအခင်းပေါ်တွင် ထိုင်ရသည်က များသည်၊ အချို့အိမ်တွင် ကုလားထိုင်များပြင်ထား သောကြောင့် ကုလားထိုင်ပေါ်တွင် ထိုင်ရသည့်အခါလည်း ရှိသည်။

မိမိ၏ ပထမဦးဆုံးဆွမ်းစာကျွေးရာတွင် သီရိလင်္ကာမှဆရာတော်ကြီးများနှင့် မြန်မာသံဃာ (၅)ပါးတို့ကြွကြသည်၊ ဆွမ်းဒကာ အိမ်သို့ရောက်လျှင် အိမ်ပေါက်ဝတွင် ဒကာတစ်ဦးမှ ဘုန်းကြီးများ၏ ခြေထောက်ကို ရေဆေးပေး သည်၊ ဒုတိယ ဒကာတစ်ယောက်မှ ခြေထောက်ကိုသုတ်ပေးသည်၊ ရဟန်းသံဃာများအပေါ် ရိုသေမှုမှာ သီရိလင်္ကာကို အခြားနိုင်ငံများ မှီအံမထင်၊ ကလေးမှစ၍ လူကြီးအထိ ရဟန်းသံဃာများအပေါ် ရိုသေ ကိုင်းရှိုင်းကြသည်၊ ဘာကြောင့်ဆိုသည်ကို နောက်မှပြောပြပါအံ့၊ ဝါစဉ်အလိုက် ထိုင်ကြသည်၊ မိမိသည် နောက်ဆုံးဖြစ်သည်၊ စားပွဲဝိုင်းနှင့် ဆွမ်းဟင်းများမတွေ့ရ၍ "ငါတို့ကို ဆွမ်းကော ကျွေးပါ့မလား..." ဟု ကလေးကလားပင် တွေးမိ သေးသည်။

ဆွမ်းနှင့်ဆွမ်းဟင်းများ ကြမ်းပြင်ပေါ်တွင်ချထားပြီး အဝတ်ဖြူကြီးနှင့် အုပ်ထားသည်၊ အိမ်သူအိမ်သား အားလုံးကလည်း ဝတ်ဖြူစင်ကြယ်ကို ဝတ်ထားကြသည်၊ သီရိလင်္ကာတွင် ဘာသာရေးယူနီဖောင်းနှင့် စတိတ်ကျောင်းယူနီဖောင်းသည် ဝတ်ဖြူစင်ကြယ် ဖြစ်သည်၊ မလေးရှား၊ ထိုင်းစသည်တို့တွင်လည်း ဘာသာရေး ဝတ်စုံသည် အဖြူရောင်ဖြစ်သည်၊ မြန်မာနိုင်ငံတွင် ထောင်သားများကို အဘယ်ကြောင့် အဝတ်ဖြူ ဝတ်ပေး သည်ကိုကား မိမိမသိချေ။

ခဏကြာလျှင် ဆွမ်းပန်းကန်ပြား တစ်ပါးလျှင် တစ်ချပ်စီလိုက်ကပ်သည်၊ (သပိတ်ပါလာလျှင် ဆွမ်းပန်းကန်ပြား မလို)၊ ပန်းကန်စောက်တစ်လုံးစီလည်း လိုက်ကပ်သည်၊ ထို့နောက် အချို့အိမ်တွင် ရေ၊ အချို့အိမ်တွင် ရေနွေး ကြက်သီးနွေးလေးကို ပန်းကန်စောက်ထဲတွင် လိုက်ထည့်ပေးသည်၊ အချို့သံဃာများသည် ထိုပန်းကန်စောက်ထဲမှ ရေကိုသောက်ကြပြီး အချို့မှာ ပုဂံပြားကိုသာ ဆေးကြသည်၊ စီနီယာသံဃာများ၏ ဆွမ်းစား လမ်းညွှန်မှာ လွယ်ကူပြီး ရိုးရှင်းပါသည်၊ "သူများတွေကို ကြည့်ထားပြီး သူတို့အတိုင်း လိုက်လုပ်ရုံသာ"၊ မိမိမှာ ပထမဆုံးဆွမ်းစားဖြစ်၍ တချိန်လုံးနီးပါး သူများကိုသာ ကြည့်နေရသည်၊ သူတို့အတိုင်းလိုက် လုပ်ရတာ လွယ်သည်တော့ မဟုတ်လှပါ။

ပုံပြင်တစ်ပုဒ်ကြားဖူးပါသည်၊ ရေးတုံးက လင်းမယားနှစ်ယောက်ရှိသည်၊ ဇနီး မအား၍ ယောကျာ်းကို သီလယူဖို့ လွှတ်လိုက်သည်၊ "သီလယူတာ ကုသိုလ်ရပါတယ်" ဆိုပြီး အကျိုးအကြောင်း ရှင်းပြသည်၊ ယောကျာ်းမှာ တစ်ခါမှ သီလမယူဖူး၍ ဘာလုပ်ရမှန်းမသိကြောင်း ပြောရာ "

လွယ်လွယ်လေး ….ဘုန်းကြီးပြောတဲ့အတိုင်း လိုက်ဆိုလိုက်" ဟု လမ်းညွှန်ပေးလိုက်သည်၊ ယောကျာ်း မှာ " အော်…ဒါဆို တော့ လည်း လွယ်လွယ်လေးပဲ" ဟုဆိုတာ ကျောင်းကို သွားပြီး သီလယူရန်လာကြောင်း ဘုန်းကြီးကို လျှောက်ရာ
"အေး …အဲဒါဆိုရင် ကန်တော့" ဟု ဘုန်းကြီးမှ ပြောရာ သီလယူ အစီအစဉ်စပြီမှတ်၍
"အေး …အဲဒါဆိုရင် ကန်တော့" ဟု ဒကာမှလည်း လိုက်ပြောသည်။

ဘုန်းကြီးက "ဟာ့… မဟုတ်သေးဘူး"
ဒကာမှလည်း ဟာ…မဟုတ်သေးဘူး" ဟု ပြောသည်။ ထိုအခါ ဘုန်းကြီးက စိတ်ဆိုးလာကာ
"ဘာသဘောလဲ…လာ နောက်နေတာလား" ဟုပြောသည်။ ဒကာကလည်း သူ့ကို ချပေးနေသည်ဟု ထင်ကာ

ဘာသဘောလဲ ..လာ နောက်နေတာလား…ဟု လိုက်ဆိုသည်။

ဘုန်းကြီးမှာ လက်သီးလက်မောင်းတန်းပြီး "သတ္တိရှိလို့ တစ်ယောက်တည်း နေတာ"

ဒကာလည်း လက်သီးလက်မောင်းတန်းပြီး "သတ္တိရှိလို့ တစ်ယောက်တည်း နေတာ" ဟု လိုက်ပြောသည်။
"သတ္တိရှိရင် ချမလား" စသည်ကိုလည်း အကုန်လိုက်ပြောသည်။

ဘုန်းကြီးမှာ စိတ်ဆိုးပြီး နဘန်းလုံးတော့သည်၊ ဒကာလည်း သီလပေးနေတယ်ဟုပဲထင်မှတ်ပြီး ကုသိုလ်ရဖို့ ဘုန်းကြီးနှင့် နဘန်းပြန် လုံးသည်။ ထို့နောက် အိမ်ရောက်သည့်အခါ မိန်းမကို " သီလယူရတာ မလွယ်ဘူး…. တော်တော် ပန်းတယ်" ဟု ပြောသည်။

မိမိအတွက်လည်း မလွယ်လှပါ၊ အကုန်လိုက်ကြည့်နေရသည်၊ ဆေးပြီးသားပန်းကန်ပြားကို ကိုင်ပြီးစောင့်နေရသည်၊ ခဏကြာ ပုဂံပြားထဲ (သပိတ်ပါလျှင် သပိတ်ထဲ)သို့ ဆွမ်းများ လိုက်ထည့်ပေးသည်၊ တဆက်တည်းမှာပဲ ဟင်းများလည်း လိုက်ထည့်ပေးသည်၊ ဟင်းထည့်လျှင် ချက်ချင်းတော့ ထည့်မပေးသေး၊ ဟင်းကို အရင် ပြပါသည်၊ မကြိုက်လျှင် မိမိပန်းကန်အထက်တွင် လက်ကို ခပ်စောင်းစောင်းကလေး အုပ်ပြလိုက်လျှင် "အဲဒီဟင်းကို မယူတော့ဘူး" ဟူသော အဓိပ္ပါယ်ပင် ဖြစ်သည်၊ သီရိလင်္ကာမှာ အိန္ဒိယ ယဉ်ကျေးမှုနှင့် ပိုမိုနီးစပ်ပြီး မြတ်စွာဘုရားခေတ်ကလည်း မိမိအတွက်ပြည့်စုံလျှင် လက်ကာသည့်ယဉ်ကျေးမှုမှာ မြတ်စွာကိုယ်တော်တိုင် ကျင့်သုံးတော်မူခဲ့သည်။

ပြန်ဆက်ရလျှင် မိမိမှာ သူတို့ဟင်းများကို တစ်ခါမှ မမြင်ဖူးသောကြောင့် ဘယ်ဟင်းကို ယူသင့်၊ ဘယ်ဟင်းကို မယူသင့်ဆို တာကိုလည်း မသိပေ၊ ထို့ကြောင့် အခြားသူများယူသည့်ဟင်းကို လိုက်ယူသည်။သီရိလင်္ကာတွင် အိမ်တိုင်းပါသည့်ဟင်းမှာ ဂျေပ်သီးထောင်း၊ အုန်းသီးကို ဂျေပ်သီးစပ်စပ်ဖြင့် ထောင်းထားသည့် အုန်းသီးထောင်း၊ ဂျေပ်သီးစပ်စပ်နှင့် ပိန္နဲသီးချက်၊ ပိလောပိနန်အရွက်ထောင်းတို့ဖြစ် သည်။

သီရိလင်္ကာ လူမျိုးအများ စုမှာ သက်သက်လွတ်သမားများဖြစ်ကြသည်၊ အချို့မှာ ငါးကို စားကြပြီး အသားကိုကား စားသူ နဲလှသည်၊ သို့သော်လည်း မိမိကြွသည့် ဆွမ်းကပ်တွင် ကြက်သားပါသည်၊ မိမိကို ဒကာမှ ကြက်သားကိုပြပြီး "ကြက်သား ဘုန်းပေးလား" ဟုမေးသည်၊ "ဟုတ်…သိပ်ဘုန်းပေး တာပေါ့" ဟု ပြုံးပြပြီး ပြန်ပြောလိုက်သည်။

ထို့နောက် ကြက်သားတစ်တုံး ပုဂံပြားထဲ ထည့်ပေးသည်၊ ငေးကြည့်နေမိသည်၊ နောက် တစ်တုံး ထပ်ထည့်သည်၊ ငေးကြည့်နေမိပြန်သည်၊ နောက်တစ်တုံးထပ်ထည့်ပေးသည်၊ အဲဒီနောက်မှ သတိရသည်၊ လက်မကာသေးလျှင်

ထပ်ထပ်ထည့်နေအုံးမည်သာ၊ ထို့ကြောင့် လက်ကလေးကို ဆွမ်းပုဂံများပေါ်မှာ အမြန် အုပ်လိုက်သည်၊ အဲဒီအခါကျမှ ကြက်သားဟင်းထည့်တာ ရပ်သွားသည်။

"အင်း....ကြက်သားနဲ့ ပထမဆုံး ဆွမ်းစားကို ဖွင့်ရမှာပဲ" ဟုတွေးပြီး ဆွမ်းအဖြူထည် သက်သက်ကို မိတ်ဆက်သဘောဖြင့် အရင်ဆုံးစားလိုက်သည်၊ မိမိမှာ ကြက်သားပေါ်များနေသည့်အလျှောက် ကြက်သားတုံးပေါ် ဆွမ်းလေး နဲနဲအုပ်ပြီး ကြက်သားတစ်တုံးလုံး ပါးစပ်ထဲ ထည့်လိုက်သည်၊ ထို့နောက်မှ စတင်ဝါးတော့သည်။

ဝါးပြီးမှ သိလိုက်သည်၊ "မြတ်စွာဘုရား.....ကြက်သားက နံလိုက်တာ" ဟင်းခတ်အမွှေးအကြိုင် ပေါင်းများစွာ ထည့်ထား၍ ဘယ်လိုမှ စားလို့မရအောင်ကို နံနေသည်၊ တစ်ချက်ဝါးလိုက်တိုင်း အနံ့ က "ထောင်း" ခနဲဆို တစ်ချက်ထွက်လာသည်၊ ထိုအနံ့ကြောင့် ပျို့တက်လာသည်၊ သို့သော်လည်း ပါးစပ်ထဲမှာ တစ်တုံးလုံးက ထည့်ထားပြီးပြီ၊ ဆက်ပြီး ဝါးရမှာလည်း ကြောက်နေသည်၊ သို့သော် ထွေးပြစ်ရန်လည်း မိမိအနားမှာ ထွေးခံက မရှိ၊ ပြီးတော့ ထေရ်ကြီးဝါကြီး အများထဲတွင် မိမိမှာ သူတစ်ပါး လှူသည့်အစားအသောက်ကို ထွေးပြစ်ရန်မှာလည်း မသင့်တော်၊ ကြက်သားတစ်တုံး ပါးစပ်ထဲ တွင်ထည့်ပြီး မိမိမှာ တစ်ယောက်တည်း ဒုက္ခ ရောက်နေသည်။

သီရိလင်္ကာနိုင်ငံတွင် ဟင်းရည်သောက်တို့ဘာတို့ကို သောက်လေ့မရှိကြ၊ အရေသောက်မှာ ရေ၊ သို့ မဟုတ် အချို ‌ရည်အိမ်တွင် အုန်းရည်တို့သာ ရှိသည်၊ ထို့နောက်အကြံရသည်မှာ ရေနှင့် မျှောချရန်ဖြစ် သည်၊ ထို့နောက် အနံမထွက်စေရန် ကြက်သားတုံးကို အသာကလေး ခိုးဝါးသည်၊ မိမိတို့ ကလေးဘဝ တွင် ဘုန်းကြီးမနိုးစေရန် ခြေလှန်းကို ဖွဖွလေးခိုးနင်း၊ ဘုန်းကြီးလှုပ်လာလျှင် အသာကလေးရပ်၊ ပြီးတော့ အသာလေးဆက်လှမ်းပြီး အပြင်ထွက်သလို ယခုလည်း မိမိပါးစပ်ထဲရောက်နေသော ကြက်သား မသိစေရန် အသာလေး ခိုးဝါးသည်၊ သိလျှင် အနံ့ထွက်မည်စိုးသောကြောင့် ဖြစ်သည်၊ ထို့နောက် ရေနှင့်မျှောသည်။

နဲနဲချင်း ဝါးသည်၊ နဲနဲချင်း ရေနှင့်မျှောချသည်၊ ဤသို့နှင့်ကြိုးစားလိုက်ရာ အဆုံးတွင် မိမိသည် ကြက်သား တစ်တုံးကို အောင်မြင်စွာ မျိုချနိုင်ပါပြီ၊ Congradulation!!! ဟုလည်း ကိုယ့်ကိုယ်ကို ပြောမိသည်၊ ကြက်သားတုံးမျိုချနိုင်သောအောင်မြင်ခြင်းသည် စာမေးပွဲ အောင်မြင်ချက်ထက် ပိုပြီး ပျော်စရာကောင်းသည် ဟုလည်း ထင်မိသည်၊ ထို့နောက် အခြားသူများကို လှမ်းကြည့်လိုက်သောအခါ သူတို့ ဆွမ်းဘုန်းပေးပြီးသွားပြီ၊ ထို့ကြောင့် မိမိလည်း ပြီးလိုက်တော့သည်၊ ထိုနေ့နေ့ဆွမ်းသည် ကြက်သားတစ်တုံးဖြစ်သာ ပြီးလိုက်ရသည်။

ပညာတော်သင်ခရီး အပိုင်း (၅)

ဆွမ်းကပ်ယဉ်ကျေးမှု

ဆွမ်းစားပြီးသည့်အခါ အချိုပွဲကပ်သည်၊ မြန်မာနိုင်ငံလို ဗိုင်းတွင် ပြင်ထား သည်မဟုတ်ပါ၊ ကပ်မည့် အချိုပွဲများကို သံဃာစေ့ ပန်းကန်ပြားများဖြင့် ပြင်ထားသည်၊ ထို့နောက် တစ်ပါး အချိုပွဲတစ်စုံစီ လိုက်ကပ်သည်၊ မိမိလိုသလောက် ဘုန်းပေးနိုင်သည်၊ အများကြီးစားလျှင်လည်း ပန်းကန်တစ်ချပ်တည်းသာဖြစ်သောကြောင့် အစားကြီးလည်း သိက္ခာမကျပေ၊ ထို့ကြောင့် ထိုစနစ်ကို ကြိုက်သည်၊ ထိုအိမ်တွင် စားနိုင်လျှင်လည်း စားလို့ရသည်၊ မစားနိုင်တော့လျှင်လည်း ကျောင်းယူသွား၍ ရသည်၊ အိမ်တော်တော်များမှာ ကပ်ပြီးသား အချိုပွဲများကိုလည်း ပြန်ယူမထားကြ၊ ကျောင်းသို့သာ ထည့်ပေးလိုက်ကြသည်၊ အချိုပွဲများကို ကျောင်းကို ယူဖို့အိပ်စသည်တောင်းလျှင် ဒကာဒကာမများမှာ "ငါတို့ကို ချီးမြှောက်ကြတယ်"ဟုတွေးပြီး ပျော်ပြီး အကျေနပ်ကြီး ကျေနပ်နေသည်၊ မိမိမှာ အံ့သြနေ မိသည်။

မြန်မာနိုင်ငံမှာသာ အချိုပွဲလေး ကျောင်းကိုယူသွားချင်လို့ဟု ဆိုလျှင် "တင်းပါး ဘုရား" ဟုပြောပြီး စိတ်ထဲက "ဘုန်းကြီးလောဘ အန္တန္တဆိုတာ ဒါမျိုးပဲ" လို့များ ပြောမလားဟုတွေးပြီး တစ်ခါမှ အချိုပွဲ ယူသွားချင်တယ်ဟု မပြောဘူးပါ။ သီရိလင်္ကာတွင် မိမိသည် ရိပ်သာတစ်ခုတွင် နေသည်၊ မိမိအပါအဝင် သံဃာ (၃)ပါး သာ ရှိ၍ အစားအသောက် အင်မတန်ပေါသည်၊ ထို့ကြောင့် အချိုပွဲစသည်တို့ကို လုံးဝမယူချင်ပါ၊ ကျောင်းမှာ အများကြီးရှိကြောင်း ပြောသော်လည်း မရပါ၊ ဖွတ်ကို လှူပါသည်၊ ထို့ကြောင့် သူတို့ သဒ္ဓါ တရားကိုငဲ့ ပြီး ယူလာခဲ့ရပါသည်။

သီရိလင်္ကာတွင် အခမ်းအနား၊ ဆွမ်းစားကွမ်းစား၊ အလှူအတန်းစသည်တို့တွင် ဘုန်းကြီးများထိုင်သည့် အခါ ဘုရားဆင်းတုတော်ရှေ့တွင် မထိုင်ကြ၊ ဘုရားဆင်းတုတော် ရှေ့တည့်တည့်တွင်ထိုင်လျှင် ဘုရားကို ကျောခိုင်းသလို ဖြစ်နေသည်၊ ဘုရားကို ကျောခိုင်းထားသည်မှာ အင်မတန်ကိုမှ ရိုင်းသည်ဟု ယူဆကြသည်၊ ထို့ကြောင့် ဆင်းတုတော်၏ ဘေးနစ်ဘက်နစ်ချက်တွင် ဂငယ်ပုံသဏ္ဍာန် ဝိုင်းပြီး ထိုင်ကြသည်၊ စွယ်တော်၊ ဗောဓိပင်စသည်တို့တွင် ဘုရားကိုကျောပေးပြီး ဓာတ်ပုံရိုက်လျှင် ထိုသို့မရိုက်ဖို့ လာပြောကြသည်၊ ထိုအယူအဆကို သဘောကြပါသည်။

သို့သော် တရားနာသည့်အခါ ဘုရားဘက်ဆီ၊ သံဃာများဘက်ကို ခြေဆင်းပြီး တရားနာ၊ ပရိတ်နာ ကြသည်၊ သူတို့ယဉ်ကျေးမှုအရ မသင့်တော်ဟု မယူဆကြပေ၊ ရိုးရာအစဉ် အလာတစ်ခု ဖြစ်နေသည်၊ မြန်မာနိုင်ငံသားဖြစ်သော မိမိအတွက်မှာ တစ်မျိုးကြီးဖြစ်နေသည်၊ သို့သော်လည်း တစ်ချို့အိမ်များ အထူးသဖြင့် အခြားနိုင်ငံများကို သွားလာ နေထိုင်ဖူးသူတို့သည် ထိုသို့ဘုန်းကြီးများဘက်သို့ ခြေမဆင်းရန် သူတို့မိသားစု ဝင်များကို တားမြစ်သည်ကိုတော့ တွေ့ရသည်၊ ထိုသို့ဘုန်းကြီးများဘက်သို့ ခြေဆင်းပြီး တရားနာနေတာ ကိုတွေ့သည့် အံ့သြပြီး ပထမ ခြေဖဝါးကို သရေကွင်းဖြင့် ပြစ်ချင်စိတ်ပင် ပေါက်သွားသည်၊ နောက် ကြာသည့်အခါ ရိုးသွားပါသည်။

သီရိလင်္ကာတွင် တရားနာသည့်အခါ ဓမ္မဂါရဝရှိပုံမှာ အင်မတန်ပင်လေးစားစရာကောင်းလှသည်၊ တရားကို အာရုံစိုက်ပြီး တလေးတစား နားထောင်သည်၊ မိမိတို့နေသည့်ရိပ်သာမှ ဘုန်းကြီးသည် တရား တစ်ပုဒ်ကို အကြိမ်ပေါင်းများစွာဟောသည်၊ သူရွတ်သည့်ပါဠိများကို မိမိပင်အလွတ်ပင်ရနေပြီ၊ သို့သော် "နာပြီးသား တရားကြီး" ဟု ပေါ့တီပေါ့ဆ နာသည်ကို မတွေ့ဘူးပါ၊ ရိုရိုသေသေ နာယူကြသည်၊ လေးစား အတုယူစရာကောင်းသည်၊ သို့သော်လည်း ထိုင်းနိုင်ငံတွင် ဘုန်းကြီးများ တရားဟော၊ ပရိတ်ရွတ်နေစဉ် ဘုန်းကြီးတွေရှေ့မှာ ဆဲလ်ဖီ (selfelf) ဆွဲနေသည့် မိန်းခလေးများကိုလည်း တွေ့ရသည်၊အံ့သြစရာပင်၊ မြန်မာနိုင်ငံတွင် အဲဒီလောက်တော့ မဆိုးသေးဟု ထင်သည်၊ သို့သော် တရားပွဲများတွင် လက်အုပ်ချီရာတွင် လက်အုပ်ကို ဘယ်ဖက်လက် တစ်ဖက်သာချီပြီး ညာဘက်လက်က ဖေ့စ်ဘုတ် ပွတ်နေသည်ကိုတော့ တွေ့ဖူးသည်။

ဗုဒ္ဓဘာသာနိုင်ငံချင်းတူလင့်ကစား တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယဉ်ကျေးမှုခြင်းကား မတူကြပါ၊ ထိုသို့ မတူသည်ကိုလည်း ညှိဖို့မကြိုးစားပါ၊ သို့သော် အခြားနိုင်ငံများမှ ယူသင့်ယူထိုက်၊ လိုက်နာသင့်လိုက် နာထိုက်သော ယဉ်ကျေးမှုမျိုးကိုကား အတုယူပြီး မိမိနေရာတွင် ကျင့်သုံးလျှင် မိမိတို့လူမျိုးအတွက် အကျိုးရှိမည်သာ ဖြစ်သည်။

**ပညာတော်သင်ခရီး (အပိုင်း ၆)**

**ချက်ပြုတ်ခြင်း၏ သုခုမသဘော**

အတွေ့အကြုံတွေကို ပြန်ပြောသည့်အခါ ရယ်စရာအဖြစ် ပြောပြကြသော်လည်း တကယ်ဖြစ်နေ ချိန်မှာ ပြောပြသလို ပျော်စရာကောင်းမနေပါ။ အလားတူပဲ ယခုအချိန်တွေ့နေရသော အခက်အခဲများမှာ နောင်တစ်ချိန်တွင် ရယ်စရာအမှတ်တရအဖြစ် ပြန်ပြောစရာဖြစ်မည် ဖြစ်သည်၊ ဘာ့အတွက်ကြောင့် ယခုအခက်အခဲကို ကျော်လွှားဖို့ နောက်ဆုတ်ရမှာနည်း၊ အတိတ်အကြောင်းကို လွမ်းစရာအဖြစ်ပြန် ပြောပြသော်လည်း တကယ်ရုန်းကန် နေချိန်မှာ လွမ်းစရာ အချိန်မရှိပါ၊ စာလဲ ဖွဲ့မနေနိုင်ပါ။

သီရိလင်္ကာတွင် ကျောင်းတက်နေသည့်သံဃာ အများစုမှာ ကိုယ့်ထမင်းကို ကိုယ်ချက်စားရသည်၊ ဆေးရသည်၊ ကြောရသည်၊လှီးရသည်၊ ချွတ်ရသည်၊ချက်ဖို့ ပြုတ်ဖို့ ဈေးဝယ်ရသည်၊ ဈေးဆစ်ရသည်၊ ဈေးဝယ်ရာတွင် အင်္ဂလိပ်ဝေါဟာရ၊ ဆင်ဟာလီ ဝေါဟာရ မလိုပါ၊ မြင်တာကို လက်ညှိုးထိုးပြီး " This ...This..." တစ်လုံးဖြင့် မြင်သမျှကို အကုန်ဝယ်နိုင်သည်၊ လူတွေနှင့်အတူ ကုန်စိမ်းများကို ဝင်ရွေးရသည်၊ (အမှန်အတိုင်းပြောရလျှင်) တော်တော်ရှက်ပါသည်၊ လိုင်းကားဖြင့် တက္ကသိုလ်သွားရသည်၊ အိပ်ပျော်နေသောကြောင့် ဂိတ်ဆုံးကို တစ်ခါ နှစ်ခါတော့လည်း ရောက်ဖူးသည်။

မိမိသီရိလင်္ကာမှာ ကျောင်းတက်စဉ်က မိမိချက်သော ဟင်းတစ်ခွက်ကို သတိရမိသည်၊ မိမိသည် ဟင်းမချက်တတ်ပါ၊ မြန်မာသံဃာအများစုမှာ မိမိတို့ဘာသာ မိမိတို့ ချက်စား ကြရသည့်အလျောက် မိမိတို့ သူငယ်ချင်းတစ်ခုလည်း ချက်ပြုတ်စားကြရသည်၊ မိမိက မချက်တတ်သဖြင့် ကြက်သွန်နွှာ၊ ကြက်သွန်လှီး အမြဲပြုလုပ်ပေးလေ့ရှိသည်၊ အမြဲတမ်း လုပ်နေရသောကြောင့် ယခုဆိုလျှင် ကြက်သွန်လှီးရာတွင် ကျွမ်းကျင်အဆင့် သို့ရောက်နေလေပြီ။

တစ်ရက် ဟင်းချက်မည့်သူများ တစ်ပါးမှမရှိ၊ မိမိတစ်ပါးတည်းကျန်ရစ်သဖြင့် သူငယ်ချင်းတစ်ပါးကို ချက်ပုံချက် နည်းမေးပြီး ဟင်းတစ်ခွက် စီစဉ်လိုက်သည်၊ ထိုဟင်းမှာ ငါးခြောက်ချက်ဖြစ်သည်၊ ငါးခြောက်ဝယ်၊ တုံးတစ်ပြီး ရေစိမ်းထားသည်၊ ကြက်သွန်နီနှင့် အရောင်တင်မှုန့်တို့ဖြင့် ဆီသတ်သည်၊ ထို့နောက် လှီးထားသည့်ခရမ်းချဉ် သီးထည့်ပြီး မွှေသည်၊ ပြီးတော့မှ ငါးခြောက်ကိုထည့်၊ နောက်ဆုံးမှ ရေထည့်သည်။

ထိုဟင်းမှာ ပွက်လာသည့်အခါ မွှေးကြိုင်လာသည်၊ အရောင်တင်မှုန့်ပါသည့်အတွက် ဟင်း၏ အရောင်မှာလည်း စားချင်သဖွယ်ဖြစ်သည်၊ သို့ဖြစ်၍ ချထားလိုက်သည်. ထိုဟင်းမှာ "ပထမဟင်းလျာ" ဖြစ်သည်၊ အရသာတွင် ပထမစွဲလောက်သည့် ဟင်းလျာ ဟု ပြောသည်မဟုတ်ပါ၊ မိမိဘဝတွင် ပထမဦးဆုံး ချက်သော ဟင်းဖြစ်သောကြောင့် ပထမဟင်းလျာဟု စိတ်ထဲတွင် နာမည်ပေးထားသည်။

သူငယ်ချင်းများ စုံလင်ပြီ၊ အားလုံးလည်း ဗိုက်ဆာနေကြပြီ၊ ထမင်းဝိုင်းတွင် မိမိချက်ထားသည့် ဟင်းခွက်သာရှိသည်၊ မိမိချက်ထားသည့်ဟင်းကို အားလုံးက စားကြတော့မည် ဆိုတော့လည်း ကျေနပ်မိသည်၊ ပင်ပန်းခဲ့သည်များ ပျောက်သွားသည်၊ မိမိဟင်းကို စားကြတော့ ကြည်နူးသလိုလို၊ ရင်ခုန်သလိုလိုတော့ဖြစ်သည်၊ ရင်ထဲကလည်း "ဟင်းလက်ရာက ဘယ်ဆိုး လို့လဲ" ဟူသော ချီးမွှမ်းသံကို ကြိုပ်ပြီး တောင်းတနေလေသည်၊ ထိုအချိန်တွင် ဦးဇင်းတစ်ပါးက

"ကိုနေမိန်...ဟင်းချက်တုံးက မြည်းကြည့်သေးလား" ဟုမေးသည်၊ မိမိ မြည်းမကြည့်ရသေးပါ၊

"ဘုရား...တပည့်တော် မြည်းမကြည့်မိဘူးဘုရား...ဘာပြုလို့လဲ" ဟု မေးလိုက်သည်၊

ထိုဦးဇင်းက ပြောပါသည်

"ကိုနေမိန်ရဲ့ဟင်းက မကျက်သေးဘူး"

ဟုတ်ပါသည်၊ မိမိစားကြည့်လိုက်သည့်အခါ ငါးမှာ အစိမ်းညှီနံ့က မပျောက်သေး၊ အကျက်လိုနေသေးသည်။

ထို့နောက် "ဟင်းက အကျက်လိုသွားလို့သာ၊ လက်ရာကတော့ မညံ့ " ဟု ကြံဖန်ပြီး ချီးမွှမ်းပေးကြပါသည်၊ ထိုသို့ပင် ချီးမွှမ်းကြသော်လည်း နောက်နောင်တွင် သူငယ်ချင်းများ ဘယ်ကိုရောက်ရောက် ဟင်းချက်အမှီ တစ်ပါးကတော့ ပြန်လာကြပါသည်၊ ဟင်းတစ်ခွက်ဖြစ်ဖို့ မလွယ်ပါ၊ ဟင်းတစ်ခွက်

ချက်ရမည့်အစား စာတစ်အုပ်လုံးသာ ကျက်ပြစ်လိုက်ချင်ပါသည်၊ မိမိမှာ ယခုအချိန်အထိ "ဟင်းများတယ်၊ နည်းတယ်။ ပေါ့တယ်၊ ငန်တယ်" ဟု စိတ်ထဲတွင်မရှိပါ၊ မိမိရှေ့တွင်ရှိသော ဟင်းသည် ဟင်းကောင်း ဖြစ်နေပါပြီ။ သီရိလင်္ကာက ပေးလိုက်သော ဘဝသင်ခန်းစာဖြစ်သည်။

---

ပညာတော်သင်ခရီး အပိုင်း (၇)

အချစ်စစ် အချစ်မှန်များ

သီရိလင်္ကာလူမျိုးများမှာ အသားမဲကြသည်၊ ဒကာတွေလည်း မဲသည်၊ ဒကာမတွေလည်း မဲသည်၊ ကောင်မလေးများလည်း မဲသည်၊ ကောင်လေးများလည်း မဲသည်၊ ရဟန်းသာမဏေများလည်း မဲသည်၊ အားလုံး မဲကြသည်၊ သူတို့ကြားတွင်နေသော မိမိမှာ တခါတလေ "ငါ အသားဖြူတာ မှားများ မှားသွားပြီလား မသိဘူး" ဟုပင် သံသယ ဝင်လာမိသည်။

မြန်မာလူမျိုးတို့သည် အသားဖြူခြင်းကို အလှအင်္ဂါတစ်ရပ်ဟု သတ်မှတ်ထားကြသည်၊ အသားမဖြူသော ပတ်ဝန်းကျင်တွင်နေရသောကြောင့် သီရိလင်္ကာတွင် မြန်မာရဟန်းသာမဏေများအတွက် ဈာန်မင်္ဂဖိုလ် အန္တရာယ် သိပ်မရှိလှပါ၊ မိန်းခလေးများ၊ ဒကာမများနှင့် ငြိစွန်းကာ သာသနာ့ဘောင်မှ ထွက်သွားနိုင်သော အန္တရာယ်မှာ အလွန်ပင် နဲပါးလေသည်၊ သို့ကြောင့်လည်း ရဟန်းမယ်တော်ကြီးမှ မိမိကို "သီရိလင်္ကာမှာ တစ်သက်လုံး သီတင်းသုံးပါ" ဟု လျှောက်လေသည်၊ ကျောင်းတက်သည့် ငါးနှစ်မှာပင် တွန့်လိမ် ကောက်ကွေးအောင်ပျင်းပြီး တက်လာရသည့်အတွက် တစ်သက်လုံး နေဖို့ဆိုတာ မဖြစ်နိုင်ပါ။

သီရိလင်္ကာလူမျိုးတို့ အသားမဲသော်လည်း သဘောဖြူကြသည်၊ ဖော်ရွေသည်၊ ဘာသာတရား ကိုင်းရှိုင်းသည်၊ သီရိလင်္ကာတွင် ဘဝသည် လုံခြုံသည်၊ မည်သည့်အချိန်တွင် သိသာသလဲဟုဆိုလျှင် စင်္ကာပူမှ ပြန်လာချိန်တွင် သိသာသည်၊ စင်္ကာပူနိုင်ငံသည် တိုးတက်သည့်နိုင်ငံဖြစ်သည့်အလျောက် လူတို့လည်း တိုးတက်မှုကို အမီလိုက်နေရသည်၊ ပင်ပန်းနေသည်၊ အပြုံးများတွင် အားမပါပါ၊ လူအများစု၏ မျက်နှာတွင် အပြုံးအစား စိတ်ဖိစီးမှုများကိုသာ တွေ့နေရသည်၊ စင်္ကာပူမှ သီရိလင်္ကာလေဆိပ်သို့ ရောက်သည့်အခါ သီရိလင်္ကာလူမျိုးတို့၏ နွေးထွေးမှု၊ ဖော်ရွေမှုနှင့် လူတိုင်းနီးပါးမျက်နှာတွင် ဖိစီးမဲ့ အပြုံးများကို တွေ့လိုက်ရသောကြောင့် ရင်ထဲကို အေးသွားရသည်၊ လုံခြုံသွားသလိုလဲ ခံစားလိုက်ရသည်၊ အခြားသီတင်းသုံးဖော်များလည်း အလားတူ ခံစားရကြောင်းကို ပြောပြကြသည်။

မိမိတက်သောတက္ကသိုလ်၏ ပညာရေးစနစ်၊ တက္ကသိုလ်၏ စည်းမျဉ်းအားနဲချက်ကို နှစ်လုံးပေါက် ကျောင်း ပြေးပြီး ပြောပြသည့် အကြောင်းကို မပြောမီ ဘုရားဖူးခရီးစဉ်အကြောင်းကို အနည်းငယ် ပြောပြလိုပါသည်၊ မိမိတို့အဖွဲ့သည်ရောက်ပြီး များမကြာမီ ၂၀၀၆ ဒီဇင်ဘာလလောက်တွင် ဘုရားဖူးခရီးထွက်ကြသည်၊ မေမြို့နှင့်ဆင်သော စွယ်တော်ရှိသော ကန္ဒီမြို့၊ မြန်မာနိုင်ငံတွင် ပုဂံကဲ့သို့ ရှေးဟောင်းမြို့ဖြစ်သော အနုရာဓပူရ မြို့တို့သို့ ဘုရားဖူးထွက်ခဲ့သည်။

သစ်ပင်မခုတ်သော သီရိလင်္ကာတွင် လမ်းတစ်လျှောက် စိမ်းစိုနေပြီး လမ်းဘေးတွင် ရေတံခွန်များ၊ ကျောက်ကြားမှ ရေစိမ့်ထွက်နေသောနေရာများ၊ သစ်ကြီးဝါးကြီးများကို သဘာဝအတိုင်း မြင်ရသည်၊ တောအုပ် တွင်းမှ လမ်းကို စီးနင်းရသလို ခံစားရသည်။ စိတ်ဝင်စားစရာကောင်းသော နောက်ခံသမိုင်းကြောင်း များနှင့်မို့

ပျော်လည်း ပျော်စရာကောင်းပါသည်။ ကန္ဒီမြို့ရှိ စွယ်တော်တိုက်၊ အနုရာဓပူမြို့ရှိ မဟာစေတီ၊ မဟာဗောဓိပင်၊ အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ သီတင်းသုံးသွားသော မဟာဝိဟာရကျောင်းတော်၊ စတုတ္ထ သင်္ဂါယနာ တင်ခဲ့သော အာလုဝိဟာရတောင်၊ စီဂီရိယမြို့ တော်စသည်တို့ကို လေ့လာခဲ့ရသည်၊ ရောက်ရှိခဲ့သော နေရာတို့၏ နောက်ခံသမိုင်းကြောင်းများနှင့် စိတ်ဝင်စားစရာ ရှေးရဟန်းတော်တို့၏ အချစ်ဇာတ်လမ်းများကို အနည်းငယ် ပြောပြပါမည်။ (သမိုင်းစာစု မဟုတ်သောကြောင့် လေးလေးနက်နက် အကျယ်တဝင့်ကို ပြောပြရန် ဆန္ဒမရှိပါ)။

၁။ စွယ်တော်တိုက်သည် သီရိလင်္ကာမင်းဆက်တို့၏ နောက်ဆုံးမင်းဆက် နေထိုင်သော ကန္ဒီမြို့တော်တွင် တည် ရှိသည်၊ စွယ်တော်တိုက်သည်ပင် ကန္ဒီနန်းတော်၏ ပရဝုဏ်ထဲတွင် တည်ရှိလေသည်၊ စွယ်တော်တိုက်ကို ရှေးဟောင်း ကမ္ဘာ့အမွေအနှစ်အဖြစ် ထိန်းသိမ်းစောက်ရှောက်ထားသည်၊ ယခုလက်ရှိစွယ်တော်ကို အိန္ဒိယမှ ခမည်းတော် ဂူဟာသီဝ၏ ညွှန်ကြားချက်ဖြင့် သမီးတော် ဟေမမာလီမင်းသမီးနှင့် ခင်ပွန်း ဒန္တမင်းသားတို့မှ AD ၄-ရာစုတွင် သီရိလင်္ကာသို့ တိတ်တဆိတ် ပင့်ဆောင်လာခြင်းဖြစ်သည်။
စွယ်တော်မြတ်ကို နံနက်၊ နေ့လည်၊ ညနေ၊ တစ်နေ့ သုံးကြိမ် အတီးအမှုတ်များဖြင့် ပူဇော်ကြသည်။ ဗုဒ္ဓနေ့တိုင်း စွယ်တော်ကို ရေသပ်ပယ်ကြသည်၊ စွယ်တော်တိုက်တွင် အချိန်ပြည့် လူစည်ကားနေသည်။

၂။ အနုရာဓပူရမြို့သို့ဝင်လျှင် ရှေးဟောင်းဘုရားများကို ဖူးမြင်ရသည်၊ ပုဂံလိုတော့ ဘုရားများ မှိုလိုပေါ်မနေပါ၊ အနုရာဓပူရမြို့၌ BC ၃-ရာစုနှစ်တွင် ဒေဝါနံပိယတိဿမင်း တည်ထာကိုးကွယ်သော ထူပါရာမယ စေတီရှိသည်၊ ထိုစေတီမှာ သီရိလင်္ကာတွင် အစောဆုံးတည်ထားကိုးကွယ်သော စေတီဖြစ်သည်၊ ထိုဝန်းကျင်တွင် ဖြစ်လောက် မည်၊ ဘီစီ တစ်ရာစုတွင် အနုရာဓပူရမြို့ရှိ မရိစဝတ္တိအမည်ရှိသော ဘုန်းကြီးကျောင်း တစ်ကျောင်းရှိခဲ့သည်၊ ဇာတ်လမ်းတစ်ပုဒ်*လည်း ရှိခဲ့သည်၊ ထိုမရိစဝတ္တိကျောင်းဘုရားပွဲနေ့တွင် ဘိက္ခု၊ ဘိက္ခုနီ၊ သာမဏေ၊ သာမဏေရီ (အလွယ်ပြောလျှင် ရဟန်းတော်နှင့် သီလရှင်များ)၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များတို့ဖြင့် စည်ကားသည်၊ နံနက်စောစောတွင် ဒကာ၊ ဒကာမများမှ ကိုရင် ဦးဇင်းများကို ယာဂုဆွမ်း( ဆန်ပြုတ်) လောင်းလှူကြသည်။

ထိုအထဲတွင် (၇) နှစ်အရွယ် ကိုရင်လေးတစ်ပါးလည်း ပါသည်၊ ဒကာ ဒကာမများလောင်းလှူလိုက်သော ယာဂုမှာ အလွန်ပူသောကြောင့် သပိတ်ကိုကိုင်သော လက်ကို ဟိုရွှေ့လိုက် ဒီရွှေ့လိုက်လုပ်နေသည်၊ သို့သော် လည်း အပူဒဏ်ကို ဘယ်လိုမှ မခံနိုင်သောကြောင့် သပိတ်ကို မြေကြီးပေါ်ချပြီး အပေါ်ရုံသင်္ကန်းစလေးကို နဲနဲခေါက်ပြီးကိုကြည့်လိုက်သည့်အခါ စောစောကထက် အပူအနဲငယ် လျော့သည့်အတွက် ထိုအတိုင်း သပိတ် ကို ကိုင်လိုက်သည်။
" ရော့....ဒီပန်းကန်ပြားလေးနဲ့ ခုပြီး ကိုင်လိုက်လေ..." ပြောလိုက်သော အသံနှင့်အတူ ပန်းကန်ပြားလေး တစ်ချပ်ကို လာပေးသော ကိုရင်လေးအရွယ် မယ်သီလရှင်လေး တစ်ပါးကို တွေ့လိုက်ရသည်။ ကိုရင်လေးက မယ်သီလရှင် လေးကို တစ်ချက်ကြည့်လိုက်ပြီး ပန်းကန်ပြားလေးကိုယူပြီး သပိတ်အောက်မှာခံ၊ သပိတ်ကိုပွေ့ကာ ထွက်လာခဲ့သည်၊ "ကျေးဇူးတင် ပါတယ်" လို့လဲ မပြောခဲ့ရ၊ နောက်ဆုံး ပြုံးတောင်မှ ပြုံးမပြခဲ့ရ။
 မယ်သီလရှင်လေးလဲ ကိုရင်လေး ထွက်သွားတာကို ငေးကြည့်နေမိသည်၊ ထိုမြင်ကွင်းလေးက တစ်ရက်လည်း ပျောက်မသွားခဲ့ပါ၊ တစ်နှစ်လည်းပျောက် မသွားခဲ့ပါ။
ဒီလိုနဲ့ နှစ်ပေါင်းများစွာ ကြာသည့်အခါ သီရိလင်္ကာတွင် နိုင်ငံရေးမတည်ငြိမ်မှု၊ သူပုန်တွေ ထကြွသောင်းကျန်းမှု ကြောင့် ငတ်မွတ်ခေါင်းပါးဘေး ဖြစ်လေသည်၊ လူတို့ငတ်မွတ်သည့်အခါ ဘုန်းကြီး မယ်သီလရှင်များမှာ သူတစ် ပါးလှူမှ စားရသူများဖြစ်သောကြောင့် ထိုငတ်မွတ်ဘေးကို စောစောစီးစီး ခံကြရသည်၊ ထိုကြောင့် ထိုမယ်သီလရှင်မှာ အိန္ဒိယဘက်အချမ်းသို့ ကူးကာ နေထိုင်ရတော့သည်၊ ထိုမယ်သီလရှင်ပင် အသက် (၆၀)

အရှယ်သို့ ရောက်လာပြီ၊ ဒီလိုနှင့် ဘုန်းကြီး မယ်သီလရှင်များ သပိတ်တစ်လုံး အိပ်တစ်လုံးနှင့် သီရိလင်္ကာမှ အိန္ဒိယဘက်အချမ်းသို့ ကူးလာကြသည်။
"သီရိလင်္ကာမှ ဘုန်းကြီးတစ်ပါး ထပ်ရောက်လာတယ်" ဟုဆိုသောကြောင့် နိုင်ငံရေးအခြေအနေများ မေးရန် အရင်ရောက်နှစ်နေသော ဘုန်းကြီးများ မယ်သီလရှင်များက လာရောက်တွေ့ ဆုံကြ၊ စကားပြောကြသည်။ ယခုခေတ်ကဲ့သို့ ဖေ့စ်ဘွတ်မှ အကြောင်းစုံကို ကြည့်၍မရခြင်းကြောင့် ဖြစ်သည်။ ထို့နောက် စကားစမည်ပြောရင်း မယ်သီလရှင်က
" အရှင်ဘုရား… ထိုမရိစဝတ္တိကျောင်းဘုရားပွဲ ကြွဖူးလားဘုရား" ဟု မေးကြည့်သည့်အခါ ကြွဖူးကြောင်းကို ပြောသည်၊
"အဲဒီ ဘုရားပွဲမှာ ကိုရင်လေးတစ်ပါး သပိတ်က ပူလို့ မကိုင်နိုင်လို့ တပည့်တော် ပန်းကန်ပြားလေး လှူဖူးတယ်၊ အဲဒီကိုရင်လေးကို တပည့်တော် မေ့မရဘူးဘုရား" ဟုပြောလိုက်သည်သည်။
ဘုန်းကြီးက သူ့အိပ်ကလေးကိုဖွင့်ကာ ဟောင်းနွမ်းနေသော ပန်းကန်ပြားလေးတစ်ချပ်ကို ထုပ်ပြပြီး
" ဒီ ပန်းကန်ပြားလေးလား" ဟု မေးလိုက်သည်၊ ဟုတ်ပါသည်၊ မယ်သီလရှင်လေး လှူသော ပုဂံပြား လေးဖြစ်သည်၊ သီရိလင်္ကာမှ အိန္ဒိယဘက်အချမ်းကို လာရသေကြောင့် ဘာမှမသယ်နိုင်သော်လည်း ပန်းကန် ပြားလေးကိုတော့ ရအောင်သယ်လာခဲ့ပါသည်၊ ကိုရင်လေးလဲ မယ်သီလရှင်လေးကို တစ်ရက်မှ မေ့မရပါ၊ အသက် (၆၀) အရွယ်မှ ပြန်လည်ဆုံရခြင်းဖြစ်သည်၊ ထို့ကြောင့် ၂-ပါးစလုံး လူထွက်ပြီး ကျန်ရှိနေတဲ့ အချိန်လေးကို လူ့ဘောင်တွင် ပျော်ပျော်ရွှင်ရွှင်ဖြစ် နေထိုင်သွားတော့သည်၊ လွန်ခဲ့သည့် နှစ်ပေါင်း ၂၁၀၀ ခန့်က အနုရာဓပူရမြို့၏ အထင်ကရ ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

*မစ္ဈိမ အဋ္ဌကထာ၊ MA.P.354၊ History of Buddhism in Ceylon. P.198

ပညာတော်သင်ခရီး အပိုင်း (၈)

မိမိနှင့် စီဂီရိယသင်ခန်းစာ

မိမိတို့အဖွဲ့သည် စီဂီရိယ(အပြည့်အစုံမှာ သီဟဂီရိ) တောင်ဟု ခေါ်သော ခြသေ်္ကျောက်တောင်သို့ ရောက်ခဲ့ သည်၊ ထိုတောင်သည် ဒမ္ဗူလ မြို့နားတွင် တည်ရှိသည်၊ ထိုတောင်ကိုလည်း ကမ္ဘာ့ရှေး ဟောင်းအမွေ အနှစ်အဖြစ် UNESCO မှ ထိန်းသိမ်း စောင့်ရှောက်ထားသည်၊ ပေ ၆၆၀ မြင့်ပြီး တောင်ထိပ်တွင် ဘုန်းကြီး ကျောင်းဟောင်း နေရာရှိနေသေးသည်၊ ကဿပဘုရင်မှ အေ. ဒီ ငါးရာစု နှောင်းပိုင်းတွင် နန်းတောင်အဖြစ် တည်ထား ခြင်းဖြစ်သည်၊ ထိုဘုရင်လက်ထက်သာ နန်းတောင်အဖြစ် တည်ရှိပြီး နောက်ပိုင်း ၁၄ ရာစုနှစ် နှောင်းပိုင်းအထိ ဘုန်းကြီးကျောင်းအဖြစ်သာ တည်ရှိခဲ့သည်။

မိမိတို့အဖွဲ့ တောင်ပေါ်သို့ တက်ကြသည်၊ တောင်အောက်မှ တောင်ပေါ်အထိ ကျောက်တောင်ဘေးတွင် ကပ်ရိုက်ထားသော သံလှေကား သေးသေး လေးသာ ရှိသည်၊ လှေကားလေးမှာလဲ လှုပ်တုပ် လှုပ်တုတ် ဖြစ်နေသည်၊ ပြုတ်ကျလိုက်လျှင် တက်နေသူအားလုံး ကိုင်စရာမရှိပဲ အကုန် မသာပေါ်ကုန် မည်သာဖြစ်သည်၊ နံရံများတွင် ရှေးနံရံဆေးပန်းချီများလည်း ရှိသည်၊ သို့သော်လည်း လှုပ်တုပ်တုပ်လှေကားလေးကြောင့် ပုံတော်ထက် ဂုဏ်တော်ကို အာရုံပြုနေရသည်၊ အောက်ကိုလှန်းကြည့်လိုက်သည့်အခါ "ဘုရား…ဘုရား…ငါ ..တော်တော် မိုက်ကမ်းလုပါလား…. မမေးမစမ်းပဲ ရမ်းတက်လာတာ…ဒီလောက်အမြင့်ကြီးကသာ ပြုတ်ကျပြီး သေသွားလို့ သရဲဖြစ်ရင်တောင် သရဲဒုက္ခိတပဲ ဖြစ်လိမ့်မယ်" ဟု တစ်ယောက်ထဲ တွေးမိနေသည်။

ကြောက်ကြောက်နှင့်တက်လာရင်း နောက်ဆုံးတော့ တောင်ထိပ်သို့ ရောက်လာခဲ့သည်၊ "ဟာ…လှလိုက်တဲ့ရှုခင်းကြီး" ပါးစပ်ကပင် ယောင်လို့ ထွက်သွားသည်၊ တောင်ပေါ်မှ ပတ်ဝန်းကျင်အားလုံးကို မြင်ရသည်၊ ပြီးတော့ လတ်ဆတ်လိုက်တဲ့လေ၊ စောစောက ပင်ပန်း၊ ကြောက်ရွံ့ခဲ့သမျှတွေ အားလုံးပျောက်သွားသည်၊ အော်..ဘဝဆိုတာလည်း ဒါမျိုးပါလား၊ ပြုတ်ကျမှာ မကြောက်ပဲ အမြင့်ကိုမရောက်နိုင်ပါ၊ စာဖတ်သူက ကျရှုံးမှာကြောက်နေလျှင် သေချာသည် သင်သည် တစ်ခုခုကို ရရှိနိုင်ဖို့ ကြိုးစားအားထုတ်နေသူဖြစ်သည်၊ မကြာမီအောင်မြင်ပါ လိမ့်မည်၊ မကျိုးစားထားသူမှာ ဘာမှ ကျရှုံးဖို့ရာ ကြောက်စရာမရှိ၊ အောင်မြင်စရာလည်းမရှိပေ၊ "ပြုတ်ကျမှာ မကြောက်ပဲ အမြင့်သို့ မရောက်နိုင်ပါ"။

စီဂီရိယ သမိုင်းကြောင်းမှာ စိတ်ဝင်စားစရာနှင့် တုန်လှုပ်ချောက်ခြားစရာများလည်း ရှိနေသည်၊ ကဿပဘုရင်မှာ ဘုရင်ဓာတုသေန၏ သားအကြီးဖြစ်ပြီး ကိုယ်လုပ်တော်အိမ်မှာ မွေးဖွားသောကြောင့် နန်းအမွေဆက်ခံခွင့်မရ၊ ဘုရင်၏သားအငယ် မောဂ္ဂလာနကသာ ဆက်ခံခွင့်ရသည်၊ ဘုရင်ဖြစ်ချင်သော ကဿပမင်းသားမှာ စစ်သူကြီးမိဂါရအကူအညီဖြင့် ဖခင် ဓာတုသေန ဘုရင်ကို ဖယ်ရှားပြီး ထောင်သွင်းအကျဉ်းချကာ အာဏာသိမ်း၍ ဘုရင်ပြုလုပ်ခဲ့လေသည်၊ ထို့နောက် စစ်သူကြီး၏ ကုန်းချောမှုဖြင့် ဘုရင့်ထံမှာ ရတနာသိုက်တောင်းရာ ဓာတုသေနဘုရင်မှာ မိမိရတနာသိုက်မှာ မိမိတည်ဆောက်ထားသော ဆည်မြောင်းသာဖြစ်ကြောင်း ပြောသည့်အတွက် စိတ်ဆိုးကာ ဖခင်ကို အရှင်လတ်လတ် တံတိုင်းထဲတွင် မြှုတ်ပြီး သတ်ပြစ်လိုက်သည်။

ရဟန်းပြည်သူတို့က လေးစားကြည်ညိုသော ဘုရင်ဓာတုသေနကို ထိုကဲ့သို့ ပြုလုပ်လိုက်သောကြောင့် အိန္ဒိယတောင်ပိုင်းသို့ ထွက်ပြေးတိမ်းရှောင်နေသော ညီတော် မောဂ္ဂလာနနှင့် ရဟန်းပြည်သူများမှာ မခံမရပ်နိုင်အောင် ဒေါသဖြစ်သွားကြသည်၊ ကဿပဘုရင်လည်း ပုန်ကန်မည်ကို ကြောက်သောကြောင့် အနုရာဓပူရမြို့ မှ ယခု စီဂီရိယတောင်ထိပ်တွင် နန်းတော် တည်ဆောက်ထားခြင်းဖြစ်ပါသည်၊ မြို့ ရိုး၊ ကျုံး၊ ဥယျာဉ်ကြီးများ၊ ရေကန်ပေါင်းများစွာတို့ကိုလည်း ကာကွယ်ရေးအတွက် ခန်းခန်းနားနား တည်ဆောက်ထားခဲ့သည်၊ (ယခုထက်တိုင်လည်း လေ့လာနိုင်သေးသည်) သို့သော်လည်း ညီတော် မောဂ္ဂလာနတို့ စစ်အောင်သောကြောင့် နန်းသက် (၁၈)နှစ်အကြာတွင် ဘုရင်ကဿပသည် ကိုယ့်ဓားဖြင့် ကိုယ့်ကိုယ်ကို အဆုံးစီရင် သွားတော့သည်။

ပညာတော်သင်ခရီး အပိုင်း (၉ )

ကလျာဏီမြစ်ကမ်း သက်သေတည်

ကလျာဏီကမ်းနဖူးတွင်တည်ရှိသော ကေလနိယကျောင်းမှ ရဟန်းငယ်တစ်ပါးမှာ ကာလဒီယဝါပိဒ္ဓါရ ပရိယတ္တိစာသင်တိုက်တွင် စာပေသင်ကြား နေသည်၊ ထိုစာသင်တိုက်၏ စည်းကမ်းမှာ ရွာထဲသို့ မည်သည့်အကြောင်းကြောင့်မှ မသွားရဟူသော စည်းကမ်းရှိသည်၊ ရွာထဲသို့ ကြွလျှင် ဒုက္ခရောက်မည့်အကြောင်းကိုလည်း ဆရာတော်မှ မကြာခဏ မိန့်ကြားလေသည်၊ တစ်ရက်တွင်.....ရဟန်းငယ်တစ်ပါးမှာ ဆရာတော် ဘာကြောင့်များ ခဏခဏပြောနေတာလဲ ဟုသိချင်သောကြောင့် နွေရာသီကျောင်းပိတ်ချိန် မိမိ၏ငယ်ကျောင်း ကေလနိယကျောင်းသို့အပြန်တွင် ရွာထဲမှ ဖြတ်ကြွသွားသည်။
ထိုအချိန်တွင် အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းမပျို ငယ်ငယ်ချောချော တစ်ယောက် ဆန်ပြုတ်ပုဂံကိုင်ပြီး ထွက်လာသည်၊ ရဟန်းငယ်လည်း ဆွမ်းလောင်းတော့မည်ဟု သိသောကြောင့် မျက်လွှာချပြီး ရပ်ပေးလိုက်သည်၊ အနီးသို့ရောက်လာသည့်အခါမှသာ အမျိုးသမီးငယ်ငယ် ချောချော တစ်ယောက်

ဖြစ်နေသည်ကို သိလိုက်သည်၊ အမျိုးသမီးလေးသည် ရဟန်းငယ်၏ မျက်နှာကို အသေအချာ ကြည့်လိုက်သည်၊ ရဟန်းငယ်၏ မျက်နှာမှာ တည်ငြိမ်နေသည်၊ ကြည်လင်နေသည်၊ ထို့နောက် အမျိုးသမီးလေးမှ ပါလာသည့် ယာဂုပူပူကို လောင်းလှူလိုက်လေသည်၊ စကား တစ်ခွန်းနှစ်ခွန်းလောက် ပြောချင်သည်၊ သို့သော်လည်း စကားထွက်မလာသေးခင်မှာပင် ရဟန်းငယ်မှာလည်း ဆက်ကြွ သွားပါပြီ၊ ဘာမှမပြောပဲ အိပ်ခန်းထဲသို့ ပြေးဝင်သွားကာ အိပ်ယာပေါ်လှဲပြစ်လိုက်သည်။

မိဘများမှာ " ဘာများဖြစ်သွားတာပါလိမ့်"ဟု စိုးရိမ်ပြီးဝင်လိုက်သွားပြီး အကျိုးအကြောင်း မေးကြည့်သည်၊ "ရဟန်းငယ်ကို မြင်မြင်ချင်း မေတ္တာသက်ဝင်မိသွားပြီး သူ့ကိုမှမရလျှင် ဘာမှမလုပ်တော့၊ နောက်ဆုံး အစားပင် မစားတော့" ဟု ဆိုသောကြောင့် မိဘများမှာ ငယ်ထိပ်ကို မြွေပေါက်ခံလိုက်ရသလို ဖြစ်သွားတော့သည်၊ သီရိလင်္ကာသည် ဘာသာရေးအလွန် လေးစားသော နိုင်ငံဖြစ်သောကြောင့် ဒီအကြောင်းသာ သိသွားလျှင် ပတ်ဝန်းကျင်က ပြောမည့်အရေး တွေးကြည့်ရင်းပင် မဖြစ်နိုင်လှ။

သို့သော်လည်း မိမိတို့သမီး စိတ်ဓာတ်ကို သိသော မိဘများမှာ သမီးထက် ဘာမှအရေးမကြီးနိုင်သောကြောင့် ထိုရဟန်းငယ်နောက်မှ ပြေးလိုက်သွားပြီး ထိုရဟန်းငယ် ဆွမ်းစားပင့်သည်၊ ရဟန်းငယ်က လက်မခံပေ၊ လက်မခံသည့်အခါ စောစောလေးကမှ ဆွမ်းထွက်လောင်းသော သမီးပျို၏ မိဘများ ဖြစ်ကြောင်း၊ မိမိတို့မှာ စည်းစိမ်ဥစ္စာကြွယ်ဝ၍ မိမိတို့မှာ သမီးလေးတစ်ယောက်သာရှိ၍ (မျက်နှာပူပူနှင့်) သမီးလေးနှင့် လက်ထပ်ပြီး သားကြီးနေရာမှ နေဖို့အကြောင်း လျှောက်လေသည်။

ရဟန်းငယ်မှာ "အော်....ဒီလိုတွေ ဖြစ်မှာစိုးလို့ ....ဆရာဘုန်းကြီးက ရွာထဲကို မကြွခိုင်းတာကိုး" ဟုတွေး မိပြီး " မဖြစ်နိုင်ဘူး" ဟု ငြင်းကာ ဆက်ကြွသွားသည်။

မိဘများအပြန်ကို မျှော်နေသော အမျိုးသမီးငယ်မှာ ရဟန်းငယ် ပါမလာသောကြောင့် သောကများစွာနှင့် အစာ မစားပဲ နောက်ဆုံး အသေခံသွားသည်။ မိဘများမှာ "ငါတို့သမီးလေး ကုသိုလ်ရပါစေတော့" ဟုဆိုကာ သမီးလေး မသေခင် ဝတ်ထားသော အဝါရောင် ဝတ်စုံလေးကို ရွာဦးကျောင်းကို လှူလိုက်သည်၊ ဇာတ်လမ်းအစုံကို သိသော ရွာဦးကျောင်းမှ ဦးဇင်းလေးလဲ ထိုဝတ်စုံကို ကေလနိယဘုရားဖူးရာတွင် ယူသွားပြီး ကေလနိယကျောင်းမှ ထိုရွာထဲတွင် ဆွမ်းခံကြွသော ရဟန်းငယ်ကို " ဒီအဝတ်လေးက ရွာထဲက အမျိုးသမီးလေး အဝတ်ဖြစ်ကြောင်း၊ ဦးဇင်းအပေါ် စွဲလမ်းစိတ်နဲ့ပဲ သေသွားလို့ ဒီအဝတ်လေးကို လှူလိုက်တာ" ဟု ဆိုကာ ထိုအဝါရောင် အဝတ် ကလေးကို ပေးလိုက်သည်။

ထိုရဟန်းငယ်လည်း အဝါရောင်အဝတ်လေးကို မှတ်မိသည်၊ ထိုအဝါရောင်းအဝတ်လေးကို ကိုင်ကာ သနားစဖွယ် အပြစ်ကင်းစင်သော အမျိုးသမီးလေးမျက်နှာကို မြင်ယောင်ပြီး " အော်...ငါ့အပေါ် တကယ်မေတ္တာရှိ ရှာတာပဲ...ငါသာ လက်ခံလိုက်ရင် သူ...ဒီလိုဖြစ်သွားမှာ မဟုတ်ဘူး..." ဟုတွေးမိပြီး ယူကြုံးမရ ဖြစ်သွားသည်။ ထိုအဝါရောင်ဝတ်စုံလေးကို ကိုင်းရင်း တမှိုင်မှိုင်တတွေတွေနှင့် မစားနိုင် မသောက်ဖြစ်ကာ နောက်ရက် အနည်း ငယ်တွင် ထိုရဟန်းငယ်လေးလည်း ပျံတော်မူသွားသည်။ ကေလနိယကမ်းမှ သနားစရာ ဇာတ်လမ်း * လေးဖြစ်သည်၊ နောက်ဘဝတွေမှာများ ထပ်များတွေ့ ခဲ့ရင် ဒီလိုအဖြစ်မျိုးတွေ မကြုံပါစေနဲ့ဟု စိတ်ထဲမှာပဲ ဆုတောင်းပေးခဲ့ပါသည်။

*MA. PP 353-354. A.A p. 13. History of Buddhism in Ceylon. P.188

အာလုဝိဟာရ ကျောက်ဆောင်ကျောင်းတော်

ကန်ဒီမြို့ မြောက်ဘက် ကီလိုမီတာ (၃၀) ခန့်အကွာတွင် တည်ရှိသည်၊ B.C သုံးရာစုတွင် ဒေဝါနံပိယတိဿမင်း ကြီး လှူဒါန်းထားသော ကျောက်အတိပြီးသော ကျောင်းတော်ဖြစ်သည်၊ ကျောင်းထဲကို ဝင်သွားသည်နှင့် တစ်ပြိုင်နက် အေးစိမ့်သွားသည်၊ တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျောင်းတော်ကြီး၏ ထင်ရှားရသည့်အကြောင်းအရာမှာ စာတတ်ပေကျော် ရဟန်းတော် ငါးရာတို့ ပိဋကတ်တော်များကို ရွတ်ဆိုခြင်း၊ တည်းဖြတ်ခြင်းတို့ပြုလုပ်ပြီးနောက် ပေထက်အက္ခရာတင်၍ စတုတ္ထသင်္ဂါယနာ တင်ခြင်းကို ထိုကျောင်းတော်တွင် ပြုလုပ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

B.C ၁. ရာစု ဝလဂမ္ဘမင်းလက်ထက် ငတ်မွတ်ခေါင်းပါးဘေးနှင့် အိန္ဒိယတောင်ပိုင်းသူပုန်တို့၏ ကျူးကျော်မှုကြောင့် သီရိလင်္ကာတွင် ၁၄ နှစ်ကြာ အစာရေစာ ငတ်မွတ်ခေါင်းပါးဘေး ဖြစ်လေသည်။ ရဟန်းတော်တို့မှာ အိန္ဒိယတောင်ပိုင်းတွင် ခဲခဲယဉ်းယဉ် အသက်ရှင်ကြရပြီး တိုင်းပြည်အေးချမ်းသွားသည့်အခါ သီရိလင်္ကာကို ပြန်လာကြပြီး ထိုအာလုဝိဟာရကျောင်းတော်တွင် နောက်နောင် ဒါမျိုးကြုံလျှင် ပိဋကတ်တော်များ ပျောက်ကွယ်သွားမည်ကို စိုးရိမ်သောကြောင့် ပေထက်အက္ခရာ တင်ခဲ့ခြင်း ဖြစ်လေသည်။

မဟာစေတီ

စေတီတော်မှာ ၃၃၈ပေမြင့်ပြီး ၉၅၁ ပေ အကြွယ်အဝန်းရှိလေသည်၊ရှေးတုန်းကဆိုလျှင် စေတီကို နေပြောက်မထိုး လောက်အောင်ကို ရဟန္တာများ လာဖူးသော စေတီဟု အဋ္ဌကထာဆရာတို့ ညွှန်းသော စေတီဖြစ်သည်။ မဟာစေတီကို ဒုတုဂေမုနုဘုရင်မှ B.C 140 တွင် တည်ထားကိုးကွယ်သော စေတီဖြစ်သည်၊ ဒုတုဂေမုန ဘုရင်သည် မြတ်စွာဘုရားဓာတ်တော်များကို ဌာပနာထားလိုကြောင်း သံဃာတော်အရှင်မြတ်များကို လျှောက်ရာတွင် သံဃာတော်များမှလည်း ရှာန်အဘိဥ ၁ဉ်ရ သာမဏ ရှင်သောဏုတ္တရကို ပင့်ဆောင်ခိုင်းရာ နဂါးပြည်မှ ဓာတ်တော်များကို ရှင်သောဏုတ္တရာမှ ပင့်ဆောင်ခဲ့ပြီး သံဃာတော်များကို ကပ်လှူလေသည်။ သံဃာတော်များမှ ဘုရင်ကြီးအား ထပ်မံ ပေးအပ်လေသည်၊ နတ်ပြဟ္မာ အခြံအရံတို့ဖြင့် မြတ်စွာဘုရား ဓာတ်တော်ကို ဌာပနာထားလေသည်။

ထူပဝံသတွင် ဒုဋ္ဌဂါမဏီမင်းလက်တွင် မြတ်စွာဘုရားဓာတ်တော်တို့ကို ခေါင်းပေါ်တင်၍ ပင့်ဆောင်လာရာ ဓာတ်တော်တို့မှ လက္ခဏာတော်ကြီးငယ်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရားအသွင် ပေါ်လာပြီး ရေမီးအစုံ တန်ခိုးပြာဋိဟာပြတော်မူသောကြောင့် သန်းပေါင်းများစွာသော လူ နတ် ပြဟ္မာတို့ ကျွတ်တမ်းဝင်သွားကြောင်းကို မှတ်တမ်းတင်ထားလေသည်။

ပညာတော်သင် ခရီး အပိုင်း (၁၀)

ဇယသီရိမဟာဗောဓိပင်

မြတ်စွာဘုရား ပွင့်တော်မူသော မဟာဗောဓိပင်၏ တောင်ကိုင်းကို ကူး၍ သီရိလင်္ကာတွင် စိုက်ပျိုးထားသော ဇယသီရိ မဟာဗောဓိပင်ကိုလည်း အနုရာဓပူရမြို့တွင် ဖူးတွေ့နိုင်သည်၊ ဘီ.စီ ၃-ရာစုတွင် အသောကမင်းကြီး၏သမီး သံဃမိတ္တာထေရီမှ ယူဆောင်လာကာ စိုက်ပျိုးထားခြင်းဖြစ်သည်၊ သက်တမ်း အကြာဆုံး လူစိုက်ပျိုး းသည့် ဘာသာရေးအထိမ်းအမှတ် အပင်အဖြစ် အသိအမှတ်ပြုခံထားရသော အပင်ဖြစ်သည်၊ တောဆင်ရိုင်းစသော အန္တရာယ်မှ ကာကွယ်ဖို့ရန်လည်း ၁၀-ပေ အမြင့်ရှိသော တံတိုင်းကြီးကိုလည်း တည်ဆောက်ထားသည်၊ ဂိတ်ဝတို့တွင် လက်နက်အပြည့်ရှိသော စစ်သားများလည်း စောင့်ကြပ်နေကြသည်၊ နှစ်ပေါင်း ၂၃၀၀ နီးပါးရှိသော မဟာဗောဓိပင် ပျက်စီးမှာ စိုးသောကြောင့် မဟာဗောဓိပင်၏ ပတ်ပတ်လည် မီတာ-၅၀၀ တွင် မည်သည့် အဆောက်အဦးကိုမှ ထပ်ဆောက်ခွင့် ပေးမထားတော့ပါ၊ သီရိလင်္ကာတွင် ဘုရားကို ကျောပေးခြင်းသည် အင်မတန်း ရိုက်ပြသည်ဟု ယုံကြည်ကြသည်၊ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမှ ဗောဓိပင်ကို

ကျောပေးပြီး ဓတ်ပုံရိုက်ခွင့်မရှိပေ၊ သို့သော်လည်း တစ်ပုံရအောင်တော့ ခိုးရိုက်ခဲ့သေးသည်။ ( ယခုအချိန်တွင် သူ့နေရာတွင် သူ့စည်းကမ်းကို လိုက်နာဖို့ရာ အဆင်သင့်ဖြစ်နေပါသည်)

**မဟာဝိဟာရ ကျောင်းတော်ရာ**

ဘီ.စီ ၃-ရာစုတွင် ဒေဝါနံပိယတိဿမင်းကြီးကောင်းမှုလည်းဖြစ်၊ အေ.ဒီ ၅-ရာစုတွင် ပေါ်ပေါက်ခဲ့သော ကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသ သီတင်းသုံးသွားသော မဟာဝိဟာရကျောင်းနေရာသို့ ရောက်သည့် အခါ ကျေနပ်မှု တို့နှင့်အတူ ကြက်သီး... ငှက်သီး ..များပါ ထသွားခဲ့သည်၊ ကျမ်းပြုအကျော်၏ ကျမ်းပေါင်း များစွာကို ပြုစုသွားသည့်နေရာကို ခြေချမိလိုက်သည်နှင့် ထိုအရှင်၏ ဝီရိယဓာတ်၊ ဉာဏ်ပညာတို့အရှိန်တို့ လာရိုက်ခတ်သလို ခံစားရသည်၊ ထိုအရှင်ကဲ့သို့ ကြိုးစားဖို့အဓိဋ္ဌာန်မပြုဘဲ "အရှင်ဘုရားလို အောင်မြင်ရ ပါလို၏" ဟု ရလိုရငြား လူပျင်းဆုတောင်းလေး တောင်းလာခဲ့သည်။

မိမိနှင့် မိမိတက္ကသိုလ်

မိမိတက်သော တက္ကသိုလ်မှာ ဟောမဂါမတွင် ရှိသော Buddhist and Pali University ဖြစ်သည်၊ ကိုလံဘို (၉ ) တွင်ရှိသော မြန်မာကျောင်းနှင့်ဆိုလျှင် ၄၅ ကီလိုမီတာ ကျော်ကျော်ဝေးသောကြောင့် လိုင်းကားနှင့်ဆိုလျှင် ၁ နာရီခွဲနှင့် တစ်နာရီခွဲ အထက်စီးရသည်၊ ဝေးသည့်အတွက် "ကျောင်းသွားရတာ အဆင်ပြေရဲ့လား" ဟု မေးလျှင် ပြေပါသည်၊ မျက်လုံးမှိတ်ထားလျှင် အိပ်ယာထဲမှာကဲ့သို့ နှစ်နှစ်ချိုက်ချိုက်သာမက သုံးသုံး ချိုက်ချိုက်အထိပင် အိပ်ပျော်သော မိမိအဖို့ ဘာမှမဖြစ်၊ လိုင်းကားပေါ် စတတ်တတ်ချင်းမှာ မိမိဘေးမှာ လူတစ်ယောက်၊ တက္ကသိုလ်မှတ်တိုင်ရောက်လို့ ကြည့်လိုက်သည့်အခါ အခြားလူတစ်ယောက်၊ လမ်းမှာ ဘယ်နှစ်ယောက် ပြောင်းသွားသလဲဆိုသည်ကို မိမိမသိပါ၊ တက္ကသိုလ်ရောက်သည့်အခါ အိပ်ရေးဝပြီး လန်းဆန်းနေလေသည်၊ "ဘာကြောင့် ဝေးသည့်တက္ကသိုလ်ကို ရွေးရပါသလဲ " ဟုမေးလာပါလျှင် မရှက်တမ်းဖြေရလျှင် ပိုက်ဆံမရှိသောကြောင့် ဖြစ်သည်၊ မိမိတက်သော တက္ကသိုလ်မှာ အစိုးရတက္ကသိုလ်ဖြစ်သောကြောင့် ကျောင်းစရိတ် သက်သာသည်၊ သို့သော် အောင်ဖို့ရာ ခဲယဉ်းသည်၊ အောင်ဖို့ခဲ့ယဉ်းသည်ကို ကြိုးစားခြင်းဖြင့် ရှင်းနိုင်သည်၊ ကျောင်းစရိတ် မတတ်နိုင်သည်ကိုတော့ မရှင်းတတ်။

မြန်မာနိုင်ငံမှ ဘာမှအဆင်သင့် မဖြစ်သေးဘဲ ထွက်လာစဉ် ဟိုကျရင် ဘယ်လိုလုပ်မလဲ ဟူသော အမေးကို " ဟိုရောက်မှ ဓားပြဖြစ်ရင်လည် တိုက်ယုံပဲ၊ သူတောင်းစားဖြစ်ရင်လည်း တောင်းယုံပဲ၊" ဟု ကြုံးဝါးပြီး ထွက် လာခဲ့သည်၊ တကယ်တမ်းကျတော့ တောင်းစားဖို့ နေနေသာသာ ပိုက်ဆံပင် မချေးငှားရဲပါ၊ ဓားပြတိုက်ဖို့ နေနေ သာသာ ဘဏ်ထဲရောက်လျှင် စကားပင် ကျယ်ကျယ်မပြောရဲခဲ့ပါ။ ဘာပဲပြောပြော တောသားတစ်ယာက် အခြားနိုင်ငံတစ်ခုတွင် တက္ကသိုလ်ကျောင်းသား တစ်ယောက်တော့ ဖြစ်လာခဲ့ပါပြီ။ တောသားပင် ဖြစ်သော်လည်း အချိန်တိုအတောအတွင်းမှာပင် ကျောင်းပြေးခြင်း အတတ်ပညာကို ကျွမ်းကျင်စွာ တက်မြောက်ခဲ့ပြီး အခြား နိုင်ငံမှ သူငယ်ချင်း များကပင် "ကျောင်းအပြေးဆုံး သူ" ဟု အသိအမှတ်ပြုခြင်းကို ခံရသည်၊ "ကျောင်းပြေး" ခြင်းဟူသည် တက္ကသိုလ်ကို လာပြီး အတန်းမတက်သည်ကို မဆိုပါ၊ ကျောင်းမှ တက္ကသိုလ်ကို လာကို မလာခြင်း ကို ဆိုလိုသည်။

ပညာတော်သင်ခရီး အပိုင်း (၁၁)

ကျောင်းပြေးခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများနှင့် ကျောင်းပြေးခြင်း၏ နောက်ကွယ်၌

တက္ကသိုလ်တစ်ခုတွင် စည်းမျဉ်း စည်းကမ်း၊ အုပ်ချုပ်မှု၊ သင်ကြားမှုပုံစံစသည်တို့တွင် အားနည်းချက် ရှိတတ်သည်၊ ထိုအားနည်းချက်ကို ကျောင်းသား၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့တို့ စုပေါင်းပြီး ပြုပြင်ယူမှ ထိုတက္ကသိုလ် တို့ တိုးတက်လာကြသည်၊ မိမိတို့တက္ကသိုလ်၏ အားနည်းချက်ကို မိမိတို့အဖွဲ့သည် အန္တရာယ်နှင့်ရင်းပြီး ပြုပြင်ပေးခဲ့သည်၊ ဘယ်လို ပြုပြင်ပေးခဲ့ သလဲဟု မေးလျှင် ကျောင်းပြေးပြီး ပြုပြင်ပေးခဲ့ သည်။ ပထမဆုံးအနေဖြင့် ကျောင်းပြေးခြင်း၏ ဆိုးကျိုးကို ပြောပြလိုသည်။

ကျောင်းပြေးဂုဏ်ကျော်စောမည့် မိမိသည် အချိန်ဇယားတွင် စိတ်အဝင်စားဆုံး ဘာသာရပ် ၂-ခုကို မှတ်လိုက်ပြီး ထိုရက်နှစ်ရက်တွင် တက္ကသိုလ်ကို သွားသည်၊ ကျန်သည့် ၃-ရက်တွင် တက္ကသိုလ်ကို မသွားပါ။ နှစ်ပေါက်ကို မသွားပါ။ (ထိုဘာသာရပ်များ လေ့လာပုံကို နောက်မှပြောပြပါမည်) ထို့ကြောင့် တစ်ချို့ ၎ဆရာကို မြင်ကို မမြင်ဘူးပါ။ (ဆရာကို မသိလောက်အောင်ကို ကျောင်းပြေးသောကြောင့် မိမိ မဟာချုလာလောင်ကွန် တက္ကသိုလ်တွင် ကထိကလုပ်သည့်အခါ ကျောင်းပြေးသော ကျောင်းသူ ကျောင်းသားများကို မိမိ ဘာမှ မပြောခဲ့ပါ)

နှစ်ကုန်ခါနီးတစ်ရက်တွင် ဗီဇာသက်တမ်းတိုးရန်အတွက် ပါမောက္ခဘုန်းကြီးတစ်ပါးထံမှ ဆိုင်းလက်မှတ် ယူရသည်၊ ထိုဘုန်းကြီးမှာ Pali Grammar ပို့ချသည့် ဆရာဖြစ်သည်ဟု သူငယ်ချင်းများပြောပြ၍ သိရသည်၊ ထိုဘုန်းကြီးထံ လက်မှတ်ထိုးပေးဖို့ သွားလျှောက်သည့်အခါ "ငါက ပထမနှစ်ကျောင်းသားတွေနဲ့ပဲ ဆိုင်တာ..ဦးဇင်းက ဘယ်နှစ်ကျောင်းသားလဲ" လို့မေးတော့ " တပည့်တော် ပထမနှစ် ကျောင်းသားပါဘုရား" လို့ဖြေလိုက်တော့ လူကို အသေအချာကြည့်ပြီး " မင်းကို ငါ တစ်ခါမှ မတွေ့ဘူးပါ" တဲ့။

ဟုတ်ပါသည်၊ မိမိလည်း ထိုပါမောက္ခကြီးကို တစ်ခါမှ မတွေ့ဘူးပါ၊ သို့သော်လည်း မတတ်နိုင်ပါ၊ မမှန်စကားကိုတော့ ဆိုရပါတော့မည်၊ "မုသားမပါ လင်္ကာမချော" မဟုတ်ပါ၊ "မုသားမပါ ဗီဇာမရ" ဖြစ်သည်၊ ထို့ကြောင့် "အရှင်ဘုရား pali Grammar ပို့ချတာ၊ တပည့်တော် လာရောက်သင်ယူပါတယ် ဘုရား… တပည့်တော်က နောက်ဆုံးအတန်းမှာ ထိုင်လို့ ဆရာတော် မသိတာပါဘုရား…" ဟု ခပ်တည်တည်ပဲ လျှောက်လိုက်သည်၊ သိပ်ပြီးယုံကြည်ပုံမရသော်လည်း မိမိစကားမှာ ဖြစ်နိုင်ခြေရှိနေ သောကြောင့် လက်မှတ်ထိုး ပေးလိုက်သည်။

ကျောင်းပြေးခြင်းအနုပညာကြောင့် စာမေးပွဲမှာ ပြဿနာတက်ဘူးသည်၊ ပထမနှစ်ကျောင်းသားများ ဘာသာရပ် (၆) ခုအပြင် Oral Test ခေါ် နှုတ်ဖြေစာမေးပွဲလည်း တစ်ခုပါသည်၊ တက္ကသိုလ်တွင် ကျောင်းသားများ အင်္ဂလိပ်စာ တိုးတတ်ရေးအတွက် သင်ကြားသော ဘာသာရပ်များအပြင် အခြား အတန်းတစ်ခုလည်း ရှိသေးသည်၊ ထိုအတန်းကိုလည်း တစ်ရက်မှ မတက်ဘူးပါ၊ ဆရာ ဘယ်သူဆိုတာပင် မသိပါ၊ သီရိလင်္ကာ ကျောင်းသားများလည်း မတက်ကြပါ၊ နိုင်ငံခြားသား ကျောင်းသာ ၇/၈ ယောက်လောက်သာ တက်ပါ သည်၊ ထိုသင်တန်းအတွက် စာမေးပွဲ မဖြေခင် တစ်ရက်အလိုမှာ Oral Test အဖြစ် ကျောင်းသား တစ်ဦးကို ၃/၄ မိနစ်ခန့် ရောက်တတ်ရာရာ မေးခွန်းများမေးသည်။ ထို့နောက် Comprehension test အဖြစ် ရေးဖြေတစ်ခု ဖြေရသည်။

Oral Test ဖြေဆိုရန် အလှည့်ရောက်သည့်အခါ ဆရာ တစ်ဦးထံ သွားပြီး ထိုင်ရသည်။ မိမိသည် တော်တော် လေး ကြိုးစား ပြုံးထားပြီး " ဆရာ…နေကောင်းလား" ဟု မေးလိုက်သည်။

( မိမိကို မေးခွန်းမေးမည့် သူမှာ အင်္ဂလိပ်စာ သင်တန်းဆရာဖြစ်နေသည်၊ သို့သော် မိမိ မသိပါ)

ဆရာ။ ကောင်းတယ်…….ဒါနဲ့….မင်း ပထမနှစ်ကျောင်းသား မဟုတ်လား…….ဘာဖြစ်လို့ ငါ့ သင်တန်း မလာတာလဲ…..ဟု မိတ်ဆက် စကားမဖြေပဲ ငေါက်ဆက်စကားဖြေသည်။

မိမိ။ ("လာပါသည်" ဟု ညာမရသော အခြေအနေဖြစ်၍ အတိုးကြီးကြီးဖြင့် ချေးငှားယူထားသော အပြုံးဖြင့်) ဆရာ့သင်တန်းကို တကယ် လာချင်ပါတယ် ဆရာ……ဒါပေမဲ့ ဆရာသင်တန်းချိန်မှာ ကျောင်းမှာ မဖြစ်မနေလုပ်ရမည့်……….

ဆရာ။ အဲ ဒါတွေ ပြောလို့မရဘူး… ဒါက စည်းမျဉ်း….. တက္ကသိုလ်စည်းမျဉ်းကွ….. တက္ကသိုလ်ကျောင်းသား ဆိုတာ တက္ကသိုလ် စည်းမျဉ်းကို လိုက်နာရတယ်။ ( ဒေါကြီးမောကြီးဖြင့် ပြောသည်)

ပြုံးရမှာကို ပျင်းသော မိမိစရိုက်အဖို့ ထိုဆရာအတွက် အတိုးကြီးကြီးဖြင့် ချေးငှားထားသော အပြုံးများမရှိ တော့ပဲ ဈေးချောင်ချောင်ဖြင့် ရသော ဒေါသများဖြင့်)

မိမိ။ ဒါနဲ့ နေပါအုံး……အဲဒီ စည်းမျဉ်းက နိုင်ငံခြားသား ကျောင်းသားတွေ အတွက်တင်လား၊ ဒါမှမဟုတ် Local ( သီရိလင်္ကာ)ကျောင်းသားတွေအတွက်ရောလား……
ဆရာ။ (ဒေါသတကြီးဖြင့်) စည်းမျဉ်းဆိုတာ အားလုံးအတွက်ကွ…..

မိမိ။ အဲဒါဆိုရင် သင့် အတန်းထဲမှာ Local ကျောင်းသား ဘယ်နှစ်ယောက် တက်လို့လဲ၊ ဘာပြုလို့ သူတို့ကျ မပြောတာလဲ…..

( Local ကျောင်းသားများမှာ Student Union ရှိသောကြောင့် ဆရာများ တော်ယုံတန်ယုံ အကြောင်းအရာကို မပြောရဲကြ၊ နိုင်ငံခြားသားကျောင်းသားများကို Student Union မှတ်ပုံတင် ချမပေးပါ)

ဆရာ။ …………(ပြောစရာ စကားမရှိပဲ ဒေါသပိုထွက်သွားသောကြောင့် မျက်လုံးကြီး ပြူးလာသည်)

မိမိ။ အဲဒါ အသင်အပြ မကောင်းလို့ ကျောင်းသားတွေ မလာကြတာနေမှာ…..ဟု ထပ်ဆောင်းပြောလိုက်သည်။

ထိုဆရာဒေါသမှာ အထွတ် အထိပ်မှာ တစ်ထိပ်သာမဟုတ် နှစ်ထိပ်လောက်ပင် ရောက်သွားသည်။
ဆရာ။ အဲဒါတွေ နားမလည်ဘူး….မင်း အတန်းကို လာကို လာရမယ်……(ထိုသို့ပင်ပြောသော်လည်း ထိုအတန်းမှာ ပထမနှစ်ကျောင်းသားတို့အတွက်တင်သာ ဖြစ်သည်)

ထိုနောက်…မိမိဝါသနာကို မေးသည်၊ စာရေးဆရာဖြစ်ချင်ကြောင်းကို ပြန်ဖြေလိုက်သည်၊ စာသင်ခန်းထဲရှိ စားပွဲပေါ်တွင် စာရွက် ခဲတံတင်ထားသော ပုံပါသည့် စာရွက်တစ်ရွက်ထုတ်ပေးပြီး
ဆရာ။ ပုံထဲမှာ မြင်တာတွေ ပြော………
မိမိ။ အခန်းထဲမှာ…. စားပွဲတစ်လုံးရှိတယ်၊ စာရွက် တစ်ရွက်၊ ခဲတံတစ်ချောင်းရှိတယ်……..ဟု ပြောပြီး ရပ်နေသည်။
ဆရာ။ ဆက်ပြော……..
မိမိ။ ကုလားထိုင်တွေရှိတယ်….လူတော့ တစ်ယောက်မှ မရှိဘူး…ဟု ပြောပြီး ရပ်နေသည်။
ဆရာ။ မင်းက စာရေးဆရာ လုပ်ချင်တယ် ပြောပြီး ဘာမှလဲ မပြောနိုင်ဘူး၊ ဘာအတွေးအခေါ်မှလည်း မရှိဘူး… ..ဟုပြောသည်။
မိမိ။ ငါ စာရေးမှာက အကြောင်းအရာတွေ ဖတ်ပြီးရေးမှာ၊ သုတေသန လုပ်ပြီးရေးမှာ…..မင်းပေးတဲ့ ပုံကို ကြည့်ပြီး ရေးမှာ မဟုတ်ဘူး…..ဟု ပြန်ပက်သည်။

ထိုဆရာ၏ ဒေါသမှာ ထပြီး နဘမ်းမလုံးရုံတမယ် ထွက်သည်၊ ဤသို့ဖြင့် မိမိ၏ Oral Test မှာ Quarreled Test အဖြစ်သို့ ပြောင်းသွားသည်၊ အခြားသူများ ၃/၄ မိနစ်သာကြာသော်လည်း မိမိမှာ ၁၅ မိနစ်ကျော်ကျော် ကြာသည်၊

စာမေးပွဲစစ်တာ၊ စာမေးပွဲဖြေတာနှင့် မတူပဲ ရန်ဖြစ်တာနှင့် တူသောကြောင့် မိမိတို့ကို အခြားသူများက လှည့်ကြည့် လှည့်ကြည့် လုပ်သွားကြသည်။

" သွားလို့ ရပြီ" ဟုပြောသောကြောင့် ထပြန်ပြီး လှည့်ကြည့်လိုက်ရာတွင် မိမိနာမည်နောက်၏ အမှတ်ပေး နေရာတွင် မိမိတို့ ဆွမ်းစားသော သပိတ်နှင့်တူသော Zero ပြူးပြူးကြီးကို တွေ့လိုက်ရသည်။ သို့သော်လည်း ရေးဖြေအမှတ်ကောင်းသောကြောင့် ထိုဘာသာကို 'B' တော့ ရလိုက်သည်။

ပညာတော်သင်ခရီး အပိုင်း (၁၂)

ကျောင်းပြေးခြင်း၊ ထောင်ဖောက်ခြင်းနှင့် စာမေးပွဲ ဂေဇက်

တက္ကသိုလ်စည်းမျဉ်းမှာ ၇၅ ရာခိုင်နှုန်း ကျောင်းတက်မှ စာမေးပွဲဖြေခွင့်ရသည်၊ မိမိမှာ ကျောင်းတက်သည့် ရာခိုင်နှုန်းမှာ ၂၅ လောက်သာရှိသော်လည်း "ဦးအာသဘ"ခေါ်သော သူငယ်ချင်းတစ်ပါးမှ လက်မှတ် ထိုးပေးသောကြောင့် ကျောင်းတက်ရာခိုင်နှုန်းမှာ (လက်မှတ်အလို ရာခိုင်နှုန်း ၁၀၀) အပြည့်ဖြစ်နေသည်။ မိမိကဲ့သို့ကျောင်းသား များလည်း မနဲလှပေ။ အတန်းထဲတွင် ကျောင်းသား ၂၀ လောက်သာရှိသော်လည်း တက်ရောက်သည့် ကျောင်းသားလက်မှတ်မှာ ၅၀ ခန့်ရှိနေသည်။
တက္ကသိုလ်က ထိုအချက်ကို သတိထားမိသွားပြီး မိမိတို့ ဒုတိယနှစ်ရောက်သည့်အခါ ပထမနှစ် ကျောင်းသားများသည် ကထိက/ ပါမောက္ခရှေ့မှာတင် လက်မှတ်ကို ထိုးရလေသည်။ မိမိတို့ တတိယနှစ် ရောက်သည့် အခါ ဒုတိယနှစ်ကို စည်းမျဉ်းတင်းကြပ်၊ မိမိတို့ကျောင်းပြီးသွားသည့်အခါ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်း သားများအားလုံးတို့ လက်မှတ်ထိုးအပြင် အခြားစည်းမျဉ်းအသစ်တို့ဖြင့် နေရရှာသည်။ ထို့ကြောင့် အချို့သော ကျောင်းသားများက မိမိတို့ အသုတ်ကို တက္ကသိုလ်ကို ဖျက်စီးခဲ့၍ စည်းမျဉ်းအသစ် တိုးစေသည့်အဖွဲ့ဟု တီးတိုး ပြောကြသည်။ တီးတိုးပြောသည်ဖြစ်စေ ကျယ်လောင်စွာပြောသည်ဖြစ်စေ သူတို့ပြောသည့် အချက်မှာ လည်း ဟုတ်မှန်နေလေသည်။

မိမိမှာ အချို့ ဘာသာရပ်တို့အတွက် အတန်းမတက်သော်လည်း သူငယ်ချင်းများ ဖမ်းယူလာပေးသော အသံဖိုင်များကို နားထောင်ခြင်း၊ သူတို့သင်ကြားသည့် ဘာသာရပ်နှင့်ပ တ်သက်၍ စာကြည့်တိုက်မှ စာအုပ်များ ငှားရန်း၍ ဖတ်ခြင်း၊ ရှေ့ကျောင်းသားဟောင်းကြီးများမှတ်သားထားသော မှတ်စု၊ တော့ပစ်များကို မှတ်ခြင်း၊ ဖတ်ခြင်းတို့ကို ပြုလုပ်သည်။ ပြည်ပတက္ကသိုလ်တို့တွင် သင်ရိုးစာအုပ်မရှိပါ၊ သင်ကြားမည့်ဘာသာရပ်သာရှိပြီး ထိုဘာသာအတွက် တက္ကသိုလ်မှ ဖတ်ရန် မှတ်ချက်ပြုထားသော စာအုပ်များတော့ ရှိသည်၊ ထို ဘာသာရပ် တို့ကို အင်တာနက်၊ စာကြည့်တိုက်တို့မှ စာများရှာပြီး ဖတ်ရှု ၍နိုင်ပြီး မိမိတို့အတွေးအခေါ်ဖြင့် ဖြေနိုင်လျှင် စာမေးပွဲတွင် အမှတ်မှာ ပိုမိုကောင်းမွန်လေသည်၊ တစ်ချို့ ဆရာတို့ဆိုလျှင် မိမိသင်ကြား ပေးလိုက် သော အကြောင်း အရာအတိုင်း တသွေမတိမ်း စာမေးပွဲတွင် ဖြေဆိုလျှင် အမှတ် မပေးပါ၊ အကြောင်းမှာ ကျောင်းသားတို့၏ ကိုယ်ပိုင် အတွေးအခေါ်တို့နှင့် ကိုယ်ပိုင်အရေးအသားများကို မတွေ့ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မိမိအတန်း ပျက်ခြင်းသည် မိမိစာမေးပွဲအတွက် အကျိုးသက်ရောက်မှု သိပ်မဖြစ်ပါ။

အတန်းမတတ်ခြင်းကလည်း တနည်း အားဖြင့် စာကြည့်ချိန်လည်း ပိုရလေသည်။ တက္ကသိုလ်ကို အသွား အပြန် ဆိုလျှင် ကားပေါ်တွင် ပျမ်းမျှ (၄) နာရီခန့် ကြာသည်၊ ကျောင်းမှာနေလျှင် အနဲဆုံး ၂ နာရီတော့ စာကြည့် ဖြစ်သည်။ ထိုသို့ စာကြည့်ဖြစ်ခြင်းက မိမိသည် ခပ်ပေပေနေသော်လည်း စာမေးပွဲအမှတ်မှာ သိပ်မနဲလှပါ။ မိမိပေပုံလေးကိုတော့ သတိရမိသည်။ မိမိမှာ ဗီဒီယိုကြည့်ရာတွင် ဝါသနာအတော်ကြီးလေသည်၊ မဟာဂန္ဓာရုံ ကျောင်းတိုက်တွင်နေစဉ် ကျောင်းတိုက်မှ ခွင့်မပြုသော်လည်း ဗီဒီယို ခိုးကြည့်သည်၊ တစ်ကားကို ၂- ကျပ်ပေးရသည်။ ၂ ကျပ်ပင်ပေးရသော်လည်း ပိုက်ဆံမရှိသောကြောင့် နေ့စဉ်မကြည့်နိုင်ခဲ့ပါ၊ ယခုအခါ နေ့စဉ်

ဆက်တလိုက်မှ လိုင်းကောင်းများကို တစ်ဝကြီး ကြည့်လို့ရသည်၊ ဗီဒီယိုရုံတွင် တစ်ကားသာ ကြည့်ရသည်။ ယခုအခါ ကြိုက်သလောက်ကြည့်နိုင်သည်။ စာကြည့်သည့်အချိန်တွင် ကျန်းမာရေးအတွက် ၁၂ နာရီ မကျော်ခဲ့ သော်လည်း တီဗီရှေ့တွင်ကား ညလုံးပေါက်သွားသည့် ရက်လည်း မနည်းပေ။

မိမိ၏ ဗီဒီယို ဝါသနာ၏ သင်္ကေတဖြစ်သော ဗီဒီယိုကြည့်မိပုံကတော့ ဤ မေ့မရပါ။တက္ကသိုလ် နောက်ဆုံးနှစ် Final စာမေးပွဲဖြေနေချိန်တွင် သူငယ်ချင်းတစ်ပါးမှာ Prison Break ဇာတ်ကားတွဲ ကြည့် နေသည်။ ထိုဇာတ်ကားမှာ ထွက်သည်မှာ မကြာသေးပေ၊ ခဏရပ်ကြည့်လိုက်သည်၊ ဇာတ်ကားမှာ တော်တော် စိတ်ဝင်စားစရာ ကောင်း သည်။ ၂/၃ ပိုင်းပြီးသည့်အခါ
သူငယ်ချင်းမှ " ဦးနေမိန် မနက်ဖြန် စာမေးပွဲရှိတယ်လေ၊ တော်ကြစို့"။
မိမိက " ခဏလေး....ဒီတစ်ပိုင်းလေးတင်" ဟုဆိုကာ ဆက်ကြည့်နေမိသည်။

ည ၁၂ နာရီကျော်သွားသည့်အခါ သူငယ်ချင်းမှာ အိပ်သွားသည်၊ မိမိက "ဒီတစ်ပိုင်း လေးတင်" ဆိုပြီး ဆက်ကြည့်နေသည်၊ မင်းသားကလည်း ထောင်ဖောက်ပြေးမည့်အရေး မဖောက်နိုင်သေး၊ ထောင်ဖောက်နီး ဖောက်နီးနှင့် ဆက်ကြည့်နေမိလိုက်ရာ မနက်မိုးလင်းသွားသည်။ အဲဒီအခါကျမှ သတိထားမိပြီး " ဟာ...ငါ....စာမေးပွဲရှိသေးတယ်ဟ" ဆိုပြီး ကွန်ပျူတာ ပိတ်ပြီး အိပ်ရန်လုပ်သည်။ အိပ်မည်ဆိုလျှင် တစ်နာရီ နီးပါးတော့ ရသေးသည်။ အိပ်သာအိပ်သော်လည်း အိပ်ပျော်သွား မှာကိုတော့ ကြောက်နေသည်။ စိတ်ထဲတွင်လည်း ထောင်ဖောက်မည့်အရေး တော်တော်နှင့် ထောင် မဖောက်သေးသော ထိုမင်းသားကို စိတ်ဆိုးနေလေသည်။ သည်လိုနှင့် နာရီဝက်လောက်ကြာတော့ ထ၊ အရှက်ဆွမ်းစားပြီး သူငယ်ချင်းများနှင့် တက္ကသိုလ်ကို သွားသည်။ တက္ကသိုလ်ရောက်သည့်အခါ တစ်ညလုံး ဗီဒီယိုကြည့်ထားသည့်အရှိန်၊ အရက်ဆွမ်း စားထားလို့ ဗိုက်ပြည့်သည့်အရှိန်တို့ကြောင့် မျက်လုံးတွေ စပ်ပြီး တအားအိပ်ချင်နေသည်။

ထို့ကြောင့် စာမေးပွဲခန်းမ အဝင်ဝရှိ ထိုင်ခုံပေါ်တွင် ထိုင်ရင်း " တပည့်တော် အိပ်ချင်လို့ အိပ်လိုက်အုံးမယ်၊ စာမေးပွဲ အခန်းထဲဝင်ရင် နိုးပါအုံး" ဟု ပြောပြီး ထိုင်လျက် အိပ်သည်၊ သူငယ်ချင်းက မနိုးပဲ ထွက်သွားမှာ စိုးသောကြောင့် သူ့လက်နှင့် ကိုယ့်လက် လွယ်အိပ်ဖြင့် တွဲချည်ထားသည်။ စက်ရုပ်ကို ဘက်ထရီဖြုတ်ထား သလို ကို ဘာမှန်းမသိအောင်ကို အိပ်ပျော်သွားသည်။ သူငယ်ချင်းက " ဦးဇင်း ထတော့...သူများတွေ အခန်းထဲ ဝင်ကုန်ကြပြီ" ဟုဆိုကာ နိုးသည့်အချိန်တွင် ၄၅ မိနစ်လောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရသည်။ လူမှာလည်း လန်းဆန်းသွားသည်၊ အားအင်တွေ ပြည့်သွားသည်။ စာမေးပွဲ အခန်းထဲလှန်းကြည့်လိုက်သည့်အခါ " ဟုတ်ပါသည်" စာဖြေမည့် ကျောင်းသား ထက်ဝက်ကျော်ကျော် နေရာယူပြီးနေကြပြီ။

မိမိလည်း မိမိစားပွဲခုံနံပါတ်ကို သွားပြီး ထိုင်ကာ ထိုဘာသာရပ်ကို ဖြေဆိုခဲ့သည်၊ ထိုဘာသာသည် မိမိဝါသနာပါသည့် ဘာသာဖြစ်သည်က တစ်ကြောင်း၊ အိပ်ရေးဝသည်က တစ်ကြောင်း အတော်ကို ဖြေကောင်း ခဲ့သည်။ ဘာပဲပြောပြော စာမေးပွဲဖြေဆိုနိုင်သောကြောင့် ဗီဒီယို ညလုံးပေါက် ကြည့်ရတာ အမြတ်ပဲဟု ဆုံးဖြတ်လိုက်သည်။
Result ထွက်သည့်အခါ ထိုဘာသာမှာ မိမိသည် "A" ရသည်။ နောက် တက္ကသိုလ်မှ သီးသန့်ဖုန်းဆက် သောကြောင့် သွားလိုက်ရာ မိမိမှာ ထိုဘာသာရပ်အတွက် တက္ကသိုလ်တစ်ခုလုံးတွင် အမှတ် အများဆုံး ဖြစ်သော ကြောင့် "ရွှေတံဆိပ်" ဟုခေါ်သော " The best Result" ဆုကို ရရှိလေသည်။ ထိုအချိန်တွင် Prison Break မင်းသားကို ကျေးဇူးများ တင်မိနေသည်။ သို့သော်လည်း နောက်နောင် ထိုကဲ့သို့ မပေတော့ ပါဟု ထိုအချိန်တွင် စိတ်ထဲ လျော့ရဲရဲလေး ဆုံးဖြတ်တော့ ထားလေသည်။

ပညာတော်သင်ခရီး အပိုင်း (၁၃)

ဆင်းရဲခြင်းသုခ

သီရိလင်္ကာတွင် အစားအသောက် ဆင်းရဲသည်။ "အစားအသောက်ဆင်းရဲ" ဟူရာ၌ အစားအသောက် မရှိခြင်းကို မဆိုလိုပါ၊ မိမိတို့နှင့် အဆင်ပြေသည့်အစားအစာ မပေါများခြင်းကို ဆိုလိုသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံမှ ငါးပိကြော်၊ ချဉ်ပေါင်ကြော်ကဲ့သို့ အစားအသောက်များရောက်လာလျှင် သူငယ်ချင်းများကို ဖုန်းဆက်ပြီး ကျောင်းပိတ်ရက်တွင် လူစုသည်၊ ထိုဟင်းကို အလယ်မှာထားပြီး အိမ်ခြေတစ်ဝက် အလုတစ်ဝက်နှင့် စားရသည်။ မိမိရဟန်းဒကာကြီး ဒကာကြီး အဂ္ဂါတင်အုံးတို့အဖွဲ့ ကိုလံဘိုရှိ မြန်မာကျောင်းကို အရှက် မုန့်တီဆွမ်း လာကပ်တုံးက ဆွမ်းစားကြွလာ သော အချို့သံဃာများကို မိမိက " ဦးဇင်း ဒီနေ့ စောစော ထလို့ပါလား" မေးရာ " စောစောထတာ မဟုတ်ဘူး၊ မအိပ်ရသေးတာ၊ အိပ်ရင် မနိုးမှာစိုးလို့ မအိပ်ပဲ စောင့်နေတာ" ဟု ပြန်ဖြေလေသည်။

သီရိလင်္ကာတွင် အများစုမှာ အသားမစားကြ၊ တချို့မိသားစုများသည် ငါးကိုတော့ စားကြသည်၊ ကြက်သား ဝက်သားစားသူမှာ အတော်ပင် နည်းလေသည်။ မိမိရောက်စက အတန်းထဲတွင် ဝက်သားဖြင့် ဆွမ်းစားခဲ့သည်ဟု ပြောမိရာ ဆရာရော၊ ကျောင်းသူကျောင်းသားများရော ရေခဲချောင်းသည့်လူနား ကလေးများ ဝိုင်းလာသလို ဝိုင်းလာပြီး ဘုန်းကြီးတန်မဲ့နဲ့ ဝက်သားစားရလားဟု ပြောသောကြောင့် ငြင်းခုန်ပွဲ အသေးစားလေး ဖြစ်သွားဖူးသည်။( နောက်မှ အကျယ်တဝင့် ပြောပြပါမည်) ဘုန်းကြီးများ ကိုယ်တိုင် အသား ငါး ဝယ်လျှင် အတော်ကို မကြိုက်ပါ။ အဆိုးဆုံးမှာ ကြက်ဥ၊ ဘဲဥဝယ်လျှင် ဂျီဝ...ဂျီဝ...( ဇီဝ...ဇီဝ)ဆိုကာ သူ့အသက်ကို သတ်ဖြတ်စားသုံးသူဟု ပြောဆိုကြသည်။ မိမိတို့မရောက်မီ မြန်မာ ဘုန်းကြီးတစ်ပါး အသားဝယ်နေသည်ကို ဓာတ်ပုံရိုက်ပြီး သတင်းစာထဲ ထည့်ရေးဖူးကြောင်း စီနီယာကျောင်းသား များထံမှ မှတ်သားဖူးသည်။

မိမိမှာ သီရိလင်္ကာကျောင်းတွင် အနေများသောကြောင့် အသီးအရွက်၊ သစ်ဥသစ်ဖုပေါင်းများစွာကို စားရသည်။ အသီးအရွက်တို့ကို ချက်သော်လည်း ဟင်းခတ်အမွှေးအကြိုင် အလွန်အကျွံသုံးစွဲကြသည်။ ဆီမပါ ပြားမပါပဲ ချက်ထားသောကြောင့် အရသာမှာ မြန်မာဟင်းလျာများနှင့် မတူပါ။ အမှန်အတိုင်း ပြောရလျှင် ဘာအရသာကြီးမှန်းကို မသိပါ၊ အရသာမကြိုက်သောကြောင့် များများ မစားဖြစ်၊ များများ မစားဖြစ်သောကြောင့် ကျန်းမာရေးအတွက် ကောင်းလှသည်။

မိမိ မဟာဂန္ဓာရုံတွင် နေထိုင်စဉ်လည်း အစားအသောက်ဆင်းရဲခဲ့သည်။ "ကံစမ်း မန်းတက်" ဆိုတဲ့အတိုင်း မန္တလေး ရောက်မှ မိမိကံကို သိရသည်၊ အမရပူရမြို့ထဲသို့ ဆွမ်းခံကြွလျှင် ဆွမ်းဝအောင် မရသောကြောင့် အမရပူရမြို့အနားရှိ ရွှေခဲ၊ မရမ်းခြံကဲ့သို့ ရွာများကို ဆွမ်းခံကြွရသည်။ ထိုရွာကလေးများမှာလည်း သာမန်ရွာကလေးများ ဖြစ်သောကြောင့် ကြွလာသော သံဃာထုကို ဆွမ်းရော ဟင်းရော မလောင်းနိုင်ရှာ။ အများစုမှာ ဆွမ်းသာ လောင်းနိုင်ကြလေသည်။ တော်တော်လေး ပြေလည်သည့်အိမ်ကြမှ ဟင်းလေး နည်းနည်း လောင်းနိုင်လေသည်။ ထိုဟင်းမှာလည်း အမရပူရမြို့ထွက် လက်ပန်ခေါင်းဟင်း သာဖြစ်သည်။ လက်ပန်ပွင့်ချိန်တွင် လက်ပန်ပွင့်များကို ကောက်၊ အခြောက်လှန်းထားပြီး နောင်တွင် ခရီးသီးတို့ဖြင့် ရေလုံပြုတ်ချက်ပြီး သံဃာများကို လောင်းလှူလေသည်။

မိမိ၏ သပိတ်ထဲတွင် လက်ပန်ခေါင်းသာ ရသည်။ နေ့တိုင်း လက်ပန်ခေါင်းဟင်းချည် စားရသောကြောင့် မိမိငယ်စဉ်က လက်ပန်ပင်ကို မုန်းသည်။ " တစ်နေ့ ငါ....အရေးပါတဲ့သူများသာဖြစ်ကြည့်.....အမရပူရမြို့မှာရှိတဲ့ လက်ပန်ပင်တွေ အကုန် လှဲပြစ်မယ်" ဟုလည်း ကြိမ်းဝါးထားခဲ့သည်။ သို့သော်လည်း ယခုအချိန်တွင်

ထိုလက်ပန်ပင်တို့ကို ကြည့်မဝအောင် ချစ်နေပါပြီ။ ထိုကဲသို့ ဆွမ်းကြမ်း ဟင်းကြမ်းတို့ကိုသာ စားခဲ့ရခြင်း၊ နာရီလောက်ကို ၃ မိုင်ကျော်ကျော် အပြေးသွားရခြင်းတို့ကြောင့် သံဃာများမှာ ကျန်းမရေးကောင်းကြသည်။ မိမိတို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ နေစဉ် ၃၀ ကျော် ၄၀ အရွယ်ရှိ သံဃာများ ဆီချို သွေးတိုးဖြစ်တာကို မကြားဖူးပါ။ သွေးတိုးဖို့နေနေသာသာ သွေးလည်ပတ်ဖို့ပင် မနဲ စားနေရသောကြောင့် ဖြစ်သည်။ မြတ်စွာဘုရား၏ ဆွမ်းခံကျင့်ဝတ်သည် မိမိသူတစ်ပါး နှစ်ဦးသားကို အကျိုးများစေသည်။

သီရိလင်္ကာတွင်လည်း ဈေးထဲတွင် အသီးအရွက်တို့ချည်းသာတွေ့ရသည်။ ဘာအရွက် ညာအရွက် မေးမနေတော့ပဲ စားကောင်းလို့ ဈေးထဲမှာ လာရောင်းတာဟု သဘောပိုက်ထားကာ ဝယ်ယူစားသုံးရလေသည်။ အသီးအရွက်ချည်း စားနေရသောကြောင့် လူလည်း စိမ်းဖန့်ဖန့် ဖြစ်လာနေသည်ဟု ခံစားနေရသည်။ ထို့ကြောင့် တစ်လ တစ်ခါဖြစ်စေ၊ နှစ်ခါ ဖြစ်စေ နေရာအသီးသီးက သူငယ်ချင်းများ တစ်နေရာတွင် စုပြီး အသားဟင်း ဝယ်ချက်ကာ ဝိုင်းဖွဲ့ပြီး စားကြသည်။ ဆင်းရဲတုန်းကာလ အတူတူကျော်ဖြတ်ခဲ့ရသောကြောင့် အဆက်အသွယ် မရှိသော်လည်း သူငယ်ချင်းများကို မမေ့ကြပါ။
ထိုသို့ဆင်းရဲခဲ့ခြင်းသည် ကျန်းမာရေးကောင်းခြင်းဟူသော ချမ်းသာကို ပေးခဲ့သည်။ ယခုစာဖတ်သူတို့ တွေ့ကြုံနေရသော ဆင်းရဲခြင်းတို့ကို သည်းခံလိုက်ပါ၊ ထိုဆင်းရဲတို့က နောင်တစ်ချိန်တွင် မုချကေန် ချမ်းသာကို ပေးမည်ဖြစ်သည်။ သို့သော် ယခုဆင်းရဲကြောင့် သင်ထွက်ပြေးပါလျှင် သင်သည် ရှုံးနိမ့်သူ ဖြစ်လိမ့်မည်။ ထွက်ပြေးတဲ့ အောင်နိုင်သူဆိုတာ လောကမှာ မရှိပါဘူး။

ပညာတော်သင်ခရီး အပိုင်း (၁၄)

ရာထူးနှင့် တာဝန်

သီရိလင်္ကာရောက်ပြီး တစ်နှစ်ခွဲခန့် (၂၀၀၈-နှစ်လယ်) တွင် သံဃာများ၏ မဲပေးမှုကြောင့် ကိုလံဘိုမြို့ ၊ မကုဋ္ဌာရာမ မြန်မာကျောင်း၊ မန္တလေးအဖွဲ့တွင် နာယက ဖြစ်လာခဲ့သည်။ ခပ်ညံ့ညံ့ခေါင်းဆောင်များကဲ့သို့ "အခွင့်အရေးယူဖို့" ခေါင်းဆောင်လုပ်သည် မဟုတ်ပါ။ မြင့်မြတ်သော ခေါင်းဆောင်များကဲ့သို့ "တာဝန်ယူဖို့ " ခေါင်းဆောင်လုပ်သည်လည်း မဟုတ်ပါ။ "နာယက ရာထူး"ကိုလက်ခံရသည့်အကြောင်းမှာ သံဃာများမဲပေးသည်ကို ငြင်းဆန်ရန်အားနာပြီး သူတို့ဆန္ဒကို လေးစားသောကြောင့် ဖြစ်သည်။ ခေါင်းဆောင်တာဝန် ထမ်းဆောင်နေစဉ်ကာလတွင် အသင်းအဖွဲ့ညီညွတ်ရေးနှင့် အသင်းအဖွဲ့တိုးတက်ရေးကို ဦးစားပေးခဲ့ပါသည်။ အများအကြိုက်လိုက်ပြီး အားလုံးပျော်ရွှင်အောင် လိုက်လံလုပ်ဆောင်နေခြင်းကိုတော့ အလျဉ်းမလုပ်ခဲ့ပါ၊ အဘယ့်ကြောင့်ဆိုသော် မိမိမှာ ခေါင်းဆောင်တာဝန် ထမ်းဆောင်နေခြင်းဖြစ်သည်။ ကပြ အသုံးတော်ခံနေခြင်း မဟုတ်သောကြောင့် ဖြစ်သည်။ ပျမ်းမျှ ၈၅ ရာခိုင်နှုန်း လောက်သောသံဃာများမှာ မိမိထက် အသက်၊ သိက္ခာ၊ ဂုဏ်၊ ဝါ ကြီးရင့်သူတို့ဖြစ်ကြပြီး အတွေ့အကြုံများလှသူတို့ဖြစ်ကြသည်။ ထိုသံဃာတော်တို့နှင့် လက်တွဲပြီး အဖွဲ့အစည်း တိုးတက်ရေးအတွက် လုပ်ဆောင်ခဲ့သည်။
မိမိမှာ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ခပ်ညံ့ညံ့ စာသင်သားတစ်ပါး မျှသာဖြစ်သည်၊ ခေါင်းဆောင်ရာထူးမှာ တံမျက်စည်းလှည်းသည့်နေရာမှာပင် ခေါင်းဆောင် မဟုတ်ချင်။ ထို့ကြောင့် ယခုကဲ့သို့ မိမိကို"နာယက" ရာထူး စအပ်ပြီး သံဃာများ သာဓုခေါ်လိုက်သည့်အခါ ခေါင်းတွေ ပူထူးပြီး ထမင်းစားချင်သလိုလို ရေသောက်ချင်သလိုလို ဖြစ်လာသည်။ " အို....ဘာပဲဖြစ်ဖြစ်...နာယကလည်း...အနည်းဆုံးတော့ ကိုယ် ဝါသနာပါတဲ့ TV တော့ ကြည့်လို့ ရတာပဲ.... ဘာတွေများ စိုးရိမ်နေတာလဲ...." ဟု တစ်ယောက်တည်း ကြိတ်ပြီး ကိုယ့်ကိုယ်ကို အားပေးနေသည်။

မည်သူကိုမျှ မပြောပြသည့် နာယက ရာထူးကို လက်ခံရသော နောက်အကြောင်းတစ်ခုမှာ အရှက်ဆွမ်းချက်ရန် ပျင်းသောကြောင့်လည်း ပါသည်။ သီရိလင်္ကာ မကုဋ္ဌာရာမမြန်မာကျောင်းရှိသံဃာများမှာ အလှည့်ကျ အရှက် ဆွမ်းချက်ရသည်။ ဆွမ်းချက်ရခြင်း၊ ပဲဟင်းချက်ရခြင်း၊ ငါးခြောက်ကြော်ရခြင်းတို့ကို အပတ်စဉ် ပြုလုပ်ရသည်။ မိမိ၏ အချက်အပြုတ် စကေးများကို သိသောကြောင့် သူငယ်ချင်းများ ဝိုင်းဝန်း ကူညီကြသော်လည်း အချက်အပြုတ်ပျင်းသော မိမိအဖို့မှာ တာဝန်အကြီးကြီးဖြစ်နေသည်။ နာယက ဖြစ်လျှင် အရှက်ဆွမ်း ချက်စရာ မလိုတော့ပြီ။ တွေးကြည့်ယုံမျှပင် တော်တော် ပျော်စရာကောင်းလှသည်။ သို့သော် မိမိ သတိ မထားမိသည်မှာ အရှက်ဆွမ်း မချက်ရသော်လည်း အရှက်ဆွမ်းနှင့် နေ့ဆွမ်းအတွက် စီမံရလေသည်။

သီရိလင်္ကာကို ကျောင်းတက်လာသည့် သံဃာများမှာ လူမျိုးပေါင်းစုံ၊ အရှည် အတို၊ အဖြူ အမဲ ဘယ်လိုပင် ကွဲပြားသော်လည်း တူညီသော ဆန္ဒတစ်ခုမှာ ကိုယ့်နိုင်ငံက အစားအသောက်ကို စားချင်ရာသည်။ မြန်မာနိုင်ငံနှင့် ဝေးသောကြောင့် ဘုရားဖူးများလည်း ရှားလှသည်။ တစ်နှစ်ပတ်လုံးမှ တစ်ဖွဲ့ နှစ်ဖွဲ့ လောက်သာ ရှိသည်။ မိမိကိုယ်တိုင်လည်း မြန်မာအစားအသောက်ကို စားချင်သလို အခြားသံဃာများကိုလည်း မြန်မာအစား အသောက်ကို စားစေချင်သည်။
တစ်ရက် လှရတနာဆရာတော် ဦးဆောင်သော UPG သုတ်ဆေးဘုရားဖူးအဖွဲ့ ကိုလံဘိုမြို့ ရှိ မိမိတို့ မြန်မာကျောင်းကို ရောက်လာပြီး သံဃာများကို အရှက် မုန့်ဟင်းခါးဆွမ်းကပ်ခြင်း၊ နေ့ဆွမ်းကပ်ခြင်း၊ ကော်ဖီမစ်ထုပ် တစ်ပါးကို အထုပ်ကြီး တစ်ထုပ်လှူခြင်း တို့ကို ပြုလုပ်သည်။ စားရခဲသော မုန့်ဟင်းခါး ဆွမ်းစားရ သောကြောင့် သံဃာများမှာ ပြုံတုံးပြုံးတုံး ဖြစ်နေချိန်တွင် ကော်ဖီမစ်အထုပ်ကြီး တစ်ထုပ်ပါရသောကြောင့် ပြုံးတုံးပြုံးတုံးမှ ရယ်ကျဲ ရယ်ကျဲဖြစ်လာလေသည်။ မိမိ သီရိလင်္ကာတွင် နေစဉ် ကော်ဖီမစ်တစ်ထုပ်ကို တစ်ကြိမ်တည်း မသောက်နိုင်ကြ။ တစ်ထုပ်ကို တစ်ဝက်သာ ထည့်ပြီး ကျန်တစ်ဝက်ကို သရေကွင်းဖြင့်စီးထားပြီး နောက်တစ်ကြိမ်အတွက် ခွဲထားရသည်။ ထိုသို့ပင် ချွေတာသော်လည်း ကော်ဖီမစ် ပြတ်သောလက ပိုများ လေသည်။

ထိုဘုရားဖူးအဖွဲ့ ပြန်သွားပြီးနောက် တစ်ပတ်လောက်အကြာတွင် ဦးဇင်းတစ်ပါးမှ " ဘုန်းကြီး ဘီဒိုထဲမှာ မုန့်ဟင်းခါးဖတ် အထုပ်တွေ အများကြီးပဲ" ဟုဆိုသောကြောင့် ကြည့်မိလိုက်ရာ ဟုတ်ပါသည်၊ အများကြီး ကျန်နေသေးသည်။ "အဲဒီလောက်ဆိုရင် အရှက်ဆွမ်း ကပ်ဖို့ လောက်လောက်လား ဘုရား" မေးကြည့်ရာ " ဒီလောက်အများကြီး လောက်တာပေါ့ ....ဘုန်းကြီး" ဟုဆိုသောကြောင့် မနက်ဖြန်တွင် အရှက် မုန့်ဟင်းခါး ဆွမ်း ကပ်မည်ဖြစ်ကြောင်း ကြော်ငြာသင်ပုန်းတွင် ရေးထားလိုက်လေသည်။ မုန့်ဟင်းခါးကပ်မည်ဟူသော သတင်းကို အချင်းချင်း မက်စေ့တွေပို့၊ ဖုန်းတွေဆက်ကြသောကြောင့် အဝေးအနီးမှ သံဃာများ မကုဋ္ဌာရာမ မြန်မာကျောင်း သို့ ရောက်လာကြပြီ။
မိမိသူငယ်ချင်းများကလည်း မုန့်ဟင်းခါး ချက်ပေးဖို့ ချီတက်လာကြသည်။ ဆွမ်းစားကျောင်းထဲသို့ သွားပြီး မိမိက မုန့်ဟင်းခါးဖတ် ထုပ်များကိုထုတ်ပေးပြီး
မိမိ။ " ဒါဆိုလောက်လား"
အရှင်ပညာနန္ဒ ( ကိုမင်းအောင်) ။ " ကောင်းကောင်း လောက်တာပေါ့"
မိမိ။ " အဲဒါဆို ချက်ကြတာပေါ့"
အရှင်ပညာနန္ဒ ( ကိုမင်းအောင်) ။ " ဟုတ်ပြီ...မုန့်ဖတ်ကတော့ ရပြီ၊ ငါးက ဘယ်မှာလဲ...
မိမိ။ " ဟင်...ငါးက ဘာလုပ်ဖို့လဲ..."
အရှင်ပညာနန္ဒ ( ကိုမင်းအောင်) ။ " မုန့်ဟင်းခါးဟင်းရည်ချက်ရအောင်လေ........အဲဒါက ငါးရှိမှ ဖြစ်မှာ......
မိမိ။ " ဟင်...ဟုတ်လား...ငါးက မရှိဘူး၊ မုန့်ဖတ်ပဲ ရှိတာ"
မိမိ။ " မုန့်ဖတ်နဲ့တင် မုန့်ဟင်းခါးဆွမ်း ကပ်လို့မရဘူးလား"

သူငယ်ချင်းများ။ " ဘယ်ကသာ ရမှာလည်း မုန့်ဟင်းခါးက ဟင်းရည်က အရေးကြီးတာ၊ မုန့်ဖတ်က အရေးမကြီးဘူး"

မုန့်ဖတ်ရှိရင် မုန့်ဟင်းခါး ဆွမ်းကပ်လို့ ရတယ်ဟု ထင်သော မိမိမှာ ဒုက္ခရောက်လေပြီ၊ အချိန်မှာ ညမှောင်စ ရောက်နေပြီ၊ ခုအချိန်မှ ဘယ်ငါးဆိုင်မှလည်း ဖွင့်မည်မဟုတ်၊ မုန့်ဟင်းခါးဆွမ်းကပ်မည်ဟုလည်း ကြော်ငြာထား ပြီးပြီ၊ သံဃာများလည်း ရောက်နေကြပြီ။
ခေါင်းတွေ ပူထူးပြီး ထမင်းစားချင်သလိုလို ရေသောက်ချင်သလိုလို ဖြစ်လာပြန်ပြီ။ သူငယ်ချင်းများက "ဟင်းရည်မပါပဲ မုန့်ဟင်းခါး ကပ်ချင်သူ"ဟု စကြသည်၊ နောက်ကြသည်။ အဖွဲ့လိုက်စုပြီး ဘာလုပ်ရင် ကောင်းမလဲဟု တိုင်ပင်ကြသည်၊ ဆွေးနွေးကြသည်၊ ဘာပဲပြောပြော ထိုဖြစ်ရပ်ကြောင့် ပြောပြစရာ မှတ်တမ်းလေး တစ်ခုတော့ ကျန်သွားသည်။ နောက်ဆုံး မကြံတတ်တဲ့အဆုံး ဆီချက်ချက်ပြီး မုန့်ဟင်းခါးလက်သုပ် လုပ်ပြီး ကပ်လိုက်ရသည်။ မိမိ၏ အချက်အပြုတ် ဗဟုသုတအကြောင်းမှာ သံဃာကြားထဲ သို့ ပျံ့နှံ့သွားတော့သည်။ ယခုဆိုရင် မုန့်ဟင်းခါးချက်ရာတွင် ငါး အရေးကြီးသည်ကို သိနေပါပြီ။

ပညာတော်သင်ခရီး အပိုင်း (၁၅)

ရေမှုတ်တစ်ဖက် မီးစတစ်ဖက်

"တက္ကသိုလ်ကျောင်းသား" ဟူသော ခေါင်းစဉ်အောက်တွင် အခြေအနေအားလုံးသည် စမ်းရေစီးသံလေးလို၊ ဆွဲလဲလှုပ်ခတ်သံလေးလို ညက်ညက်ညောညော လွင်လွင်ကျော့ကျော့ ဖော့တော့တော့လေး အမြဲမျော နေသည် မဟုတ်၊ တစ်ရံတစ်ခါ သရဲခြောက်သည့်အိမ်၏ ညသန်းခေါင်ယံ တံခါးခေါက်သံလိုမျိုး ထိတ်လန့်စရာ၊ တောင်းစားခိုက်မှာ တောင်းသည့်ခွက် အခိုးခံရသလိုမျိုး ပြတ်လပ်နေချိန်၊ ရေနစ်နေချိန် ကမ်းပေါ်မှ ပိုက်ဆံ လှမ်းချေးနေသလိုမျိုး စိတ်ဆိုးစရာ စသည့် အခြေအနေမျိုးပေါင်းများစွာကို တွေ့ကြုံရသည်။

"မြန်မာဆိုတာ ကမ္ဘာမှာ ဂုဏ်မငယ်ပါဘူး" " မြန်မာဆိုတာ သိပ်ထက်မြက်တာ" "ကမ္ဘာမှာ မြန်မာပဲရှိတာ" စသည့် ဝါဒဖြန့် စကားတွေကြောင့် ဘာမှမလုပ်သေးပဲ ကိုယ့်ကိုယ်ကိုအထင်ကြီးမှုတို့သည် မင်္ဂလာဒုံ လေဆိပ်တွင် ကျန်ရစ်ခဲ့ပြီး အခြားနိုင်ငံတစ်ခုတွင် ငွေရေးကြေးရေးဖြင့် ခင်းရသော လမ်းတွင် ငွေရေးကြေးရေး ချို့တဲ့ သောကြောင့် အားငယ်ရ၊ ဘာသာစကားဖြင့် ခင်းရသောလမ်းတွင် ဘာသာစကား အားနည်းသော ကြောင့် အားငယ်ရ၊ နိုင်ငံအချင်းချင်းမယှဉ်နိုင်၍ နိုင်ငံသားဖြစ်သော မိမိတို့မှာ အားငယ်ရ။ ဤသို့ စသည်ဖြင့် ပူးသီနနဂုုးပြီး နေပူထဲ ချထားသလို ရှုံ့ဇတွတွ မျက်နှာလေးဖြင့် နေထိုင်ရသည့် အခြေအနေမျိုးလည်း ရှိသည်။

အများစုကမေးလျှင် " ထိုင်းနိုင်ငံကလား" အချို့မှာ " ဂျပန်ကလား" ဟုသာ မေးကြသည်။ "မြန်မာနိုင်ငံကလား" ဟု မေးသူမှာ မရှိသလောက် ရှားသည်။ "မြန်မာနိုင်ငံကပါ" ဟုဖြေလိုက်လျှင် "အော်..." ဟုပြောပြီး ဘုန်းကြီးဖြစ်၍ မထိမဲ့မြင် မပြုသော်လည်း မိတ်ဆက်ခြင်း ကိစ္စကား ပြီးသွားပါသည်။ ထို့ကြောင့် ထိုဒဏ်ကို မခံနိုင်၍ " ထိုင်းနိုင်ငံကပါ" ဟု ပြောသူအချို့ကိုလည်း အပြစ်မဆိုသာပါ။ သို့သော် မိမိသည် ဘယ်လို အခြေအနေ ရောက်ရောက် " မြန်မာနိုင်ငံက"ဟုသာ ဖြေဆိုသည်။ သီရိလင်္ကာတွင် သီတင်းသုံး သွားတော် မူသော ရှေ့မြန်မာရဟန်းတော်တို့၏ သီလနှင့် စရဏတို့ကြောင့် ဘာသာရေးလေးစားသူတို့က မြန်မာရဟန်း တော် တို့ကို လေးစားသည်လည်း ရှိပါသည်။ ထို့ကြောင့် သီရိလင်္ကာတွင် ကျောင်းတက်နေရသည့် အရသာသည် သီရိလင်္ကာတွင် မိမိတို့၏ထမင်းဝိုင်းလို ဟင်းခွက်တစ်ခွက်တည်းမဟုတ်၊ ဆွမ်းကပ်သည့် ဒကာဒကာမများ

အိမ်တွင် ဟင်းခွက်ပေါင်းများစွာဖြင့် ဆွမ်းစားရသလို အရသာ စုံလှသည်။
ထိုအရသာထဲတွင်.......အရသာတစ်ခုမှာ

မိမိဒုတိယနှစ် Third Term ကာလတွင် တက္ကသိုလ်မှာ ကျောင်းသားများကို SSARC (South Asian Association for Regional Cooperation) နှင့် Non-SSARC ဟု ၂ မျိုး ခွဲလိုက်သည်။ SSARC နိုင်ငံများမှာ
1. အာဖကန်နစ္စတန်
2. ဘင်းဂလားဒေ့ရှ်
3. ဘူတန်
4. အိန္ဒိယ
5. မော်ဒိုက်
6. နီပေါ
7. ပါကစ္စတန်
8. သီရိလင်္ကာတို့ဖြစ်ပြီး
မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်းစသည်တို့သည် Non-SSARC နိုင်ငံများဖြစ်သည်။ Non-SSARC နိုင်ငံများမှ ကျောင်းသားများ Repeated fees ( ကျသည့်ဘာသာရပ်ကို ပြန်ဖြေရန်အတွက် သွင်းရသည့် ငွေ) ကို ယခင်နှစ်များတွင် ဘာသာရပ်တစ်ခုအတွက် ရူပီ (၂၀၀) သွင်းရသော်လည်း ယခုနှစ်တွင် US $ 20 ( အမေရိကန်ဒေါ်လာ ၂၀) သွင်းရမည်ဟု သတ်မှတ်လိုက်သည်။ Non-SSARC နိုင်ငံထဲတွင် မိမိတို့တက္ကသိုလ်မှာ မြန်မာနင့် ကမ္ဘောဒီးယားကျောင်းသားများသာ ရှိသည်။ ပိုက်ဆံမရှိသောကြောင့် အစိုးရတက္ကသိုလ်ကို လာတက်ကာမှ repeated fees တက်သည်နှင့် တွေ့ရပြီ။ ပထမနှစ်၊ ဒုတိယနှစ်တို့၌ ၃/၄ ဘာသာကျထားသော ကျောင်းသားများအတွက်မှာ ဒေါ်လာ ၂၀၀ နားကပ်သွားပြီ၊ ကျောင်းစရိတ်နှင့်ပါဆိုလျှင် ပုဂ္ဂလိက တက္ကသိုလ် ကျောင်းစရိပ်နီးပါးသို့ ကပ်သွားပြီ။ မတတ်နိုင်ကြပါ။

ထိုအတွက် တက္ကသိုလ်ကို ဖိုက်ဖို့လိုလာပြီ၊ ထို့ကြောင့် မြန်မာ ကမ္ဘောဒီးယားကျောင်းသားများ အစည်းအဝေး ထိုင်ကြသည်၊ ခေါင်းဆောင်ရွေးသည်။ ကျန်သည့်ကျောင်းသားများမှ လိုအပ်လျှင် လက်မှတ်ထိုးပေးရ မည်ဟု စည်းရုံးရသည်။ လက်မှတ်ထိုးလျှင် မိမိ၏ ကျောင်းသားကဒ်နံပါတ်ပါ ပါသောကြောင့် တက္ကသိုလ်က မကြိုက်လျှင် ထိုကျောင်းသားကို တစ်ခုခုလုပ်နိုင်သည်။ ထို့ကြောင့် ကျောင်းသားများမှာ လက်မှတ် ထိုးခြင်းကိစ္စကို တက်နိုင်သလောက် ရှောင်ကြသည်။ တစ်ခုမစွန့်ရဲလျှင် တစ်ခုကို ရဖို့ဆိုတာ မဖြစ်နိုင်ပါ။

မိမိမှာ မြန်မာကျောင်းသားခေါင်းဆောင်ဖြစ်ပြီး ကမ္ဘောဒီးယားကျောင်းသားခေါင်းဆောင်ကို မိမိအဆင်မပြေမှ သာ လိုက်ခဲ့ပါဆိုပြီး မိမိနှင့် မိမိသူငယ်ချင်းတစ်ပါး (ဦးအာသဘ) ဖိုက်တင်လုပ်ငန်း စပါပြီ။
ပထမ သီရိလင်္ကာကျောင်းသားသမဂ္ဂခေါင်းဆောင်ကို အကျိုးအကြောင်းသွားပြီး ပြောသည့်အခါ " ဖိုက်ပါ ...ရမှာပါ...အကူအညီလိုအပ်ရင်တော့ ပြောပါ" ဟုသာပြောပါသည်။ ယခုကိစ္စသည် နိုင်ငံခြားသား ကျောင်းသား များနှင့်သာဆိုင်သောကြောင့် ထိုကျောင်းသားသမဂ္ဂခေါင်းဆောင်ရဟန်းမှာလည်း စိတ်ဝင်စားမှု သိပ်မပြ။

မိမိ၏ကျောင်းသားကဒ်နံပါတ်ဖြင့် အသနားခံစာတစ်စောင်ရေးပြီး ပါမောက္ခနှင့် သွားပြီးဆွေးနွေးသည်။ စာကို ဖတ်တောင် ဖတ်မကြည့်။ " ဒီကိစ္စက ငါတို့နဲ့မဆိုင်ဘူး.. ငါတို့က သင်ကြားရေးပဲ ဆိုင်တာ...အုပ်ချုပ်ရေးနဲ့ စည်းမျဉ်းစည်းကမ်းတို့က မော်ကွန်းထိန်းနဲ့ဆိုင်တာ....သူတို့နဲ့ သွားဆွေးနွေး ကြည့်ပေါ့....." ဟု ဘော်လီဘောပုတ်လွှတ်သည်။
လက်ထောက်မော်ကွန်းထိန်းကို ဝင်တွေ့သည့်အခါ "ငါ ဆုံးဖြတ်လို့မရဘူး...မော်ကွန်းထိန်းဆီသွားပါ" ဟုဆိုသောကြောင့် မော်ကွန်းထိန်းဆီကို သွားသည်။

မော်ကွန်းထိန်းထံသို့ ရောက်သည့်အခါ လက်ထောက်မော်ကွန်းထိန်းက လွှတ်လိုက်လို့ပါ၊ ဒီစာလေး ဖတ်ကြည့်ပါအုံးဟု ပြောပြီး စာပေးလိုက်သည်။ မော်ကွန်းထိန်းလည်း ပါတီပွဲဖိတ်သည့်စာမှတ်လို့လား မသိ၊ ချက်ခြင်းယူဖတ်ပြီး၊ ပြီးတော့မှ " ဒီကိစ္စက ငါတို့ဌာနနဲ့ မဆိုင်ဘူး....စာမေးပွဲဌာနက ကိုင်တာ...အဲဒီကိုသွား" ဟုပြောသည်။ မိမိလည်း စိတ်ဆိုးသွားပြီး "တက္ကသိုလ်ကိစ္စက တက္ကသိုလ်က ဌာနနဲ့ မဆိုင်ဘူးတဲ့ လား....ဟိုသွားဒီသွားနဲ့ပဲ လွှဲချနေတယ်" ဟုပြောရာ "စည်းမျဉ်းစည်းကမ်းက စာမေးပွဲဌာနက လုပ်တာ ဒါတောင် မင်း..မသိဘူးလား" ဟုပြောသောကြောင့် မိမိလည်း ဘာမှမတတ် သာတော့ပဲ စိတ်ဆိုးဆိုးနှင့် ထွက်လာခဲ့ရသည်။

စာမေးပွဲဌာနသို့ရောက်သည့်အခါ လက်ထောက်မော်ကွန်းထိန်းနှင့် အရင်တွေ့ရသည်။ ဝင်ခွင့်တောင်းပြီး ဝင်တွေ့ကာ စာကိုပြသည့်အခါ စာကို အေးအေးဖတ်ပြီး " လျော့မပေးနိုင်ဘူး....ဒါက တက္ကသိုလ် အစည်းအဝေးက ဆုံးဖြတ်ထားတာ...ငါ လုပ်ထားတာ မဟုတ်ဘူး" ။

မိမိက "Non-SSARC နိုင်ငံက ကျောင်းသားတွေက ဆင်းရဲတယ်...၊ မတတ်နိုင်ဘူး၊ အစည်းအဝေးဆိုတာလည်း ဒီလူတွေပဲ လုပ်တာ၊ ဒီကိစ္စအတွက် စည်းဝေးပြီး repeated fees တွေ လျော့ပေးပါ" ဟု ဆက်ပြောသည်။ ထိုလက်ထောက်မော်ကွန်း ထိန်းမှာ စိတ်ဆိုးသွားပြီး " စာမေးပွဲ အောင်အောင်ဖြေပေါ့၊ ဘာပြုလို့ ခုမှ လာပြီး လျှော့ခိုင်းနေတာလဲ" ဟု ဒေါသ တကြီးပြောသည်။

မိမိလည်း " ဘယ်သူက စာမေးပွဲ ကျအောင်ဖြေမှာလဲ....အောင်အောင်တော့ လူတိုင်းဖြေတာပဲ...မင်းလည်း စာမေးပွဲ ကျဖူးမှာပဲ" ဟုဆိုပြီး ပြန်ပြောသည်။ ထိုနောက် တစ်ယောက်နှင့် တစ်ယောက်စိတ်ဆိုးပြီး စကားများကြသည်။ အနှစ်ချုပ်လိုက်လျှင် " လျော့မပေးနိုင်ဘူး" ဟုဖြစ်သည်။ နောက်ဆုံး စိတ်ဆိုးပြီး ပြန်လာခဲ့ရသည်။

သူငယ်ချင်းမှ မိမိကို အားနာလာပြီး " တော်ပါပြီ ဦးနေမိန်.....ထားလိုက်ပါတော့.." ဟုပြောလာသည်။ ယခု မော်ကွန်းထိန်းထံကို ရောက်သည်အထိဆိုလျှင် နှစ်ပတ်ခန့် ကြာသွားပါပြီ။ မိမိတို့လာချိန် အစည်းအဝေးသွားနေတာနှင့် မအားတာနှင့်မို့ ၄ စောင့်ရသည့်ရက်လည်း ရှိသည်။ ဘာပဲပြောပြော ထိုဌာနတွင် သူ့ထက်အကြီးအကဲ မော်ကွန်းထိန်း တစ်ယောက်ရှိသေးသည်၊ နောက်ရက်တွင် သွားပြီးတွေ့သည်။ ထိုမော်ကွန်းထိန်းမှ "အခြေအနေကို နားလည်တယ်...စိတ်မကောင်းဘူး၊ လျော့ပေးချင်ပါတယ်....ဒါမေပဲ့ ငါ့မှာ အဲဒီလိုမျိုး အာဏာမရှိဘူး..."။ မိမိက " အစည်းအဝေးမှာ တင်ပြပေးလို့ ရမလား....တကယ် မတတ်နိုင်လို့ပါ" ပြောရာ " တင်ပြပေးပါမယ်...ဒါပေမဲ့ ..ဒါမျိုးတွေဆိုရင် လပတ်အစည်းအဝေးမှာပဲ ဆုံးဖြတ်တာ...." ဟု ပြောသည်။ မိမိကလည်း ခု ချက်ချက် ဆုံးဖြတ်ပေးစေချင်သည်။ ထိုလပတ်အစည်းအဝေးကြီးကို မစောင့်ချင်ပါ။ သို့သော် ထိုမော်ကွန်းထိန်း စကားမှာလည်း ကုန်နေပြီ ဖြစ်သောကြောင့် အားမလို အားမရဖြင့် ပြန်လာရသည်။

ဌာနတွေလည်း ကုန်ပြီ၊ လမ်းစဆုံးပြီလား.....၊ မဆုံးသေးပါ၊ တက္ကသိုလ်တစ်ခုလုံးတွင် အကြီးဆုံးမှာ Dean ရာထူးရှိသည့် ဘုန်းကြီးဖြစ်သည်၊ အားလုံးကို ဆုံးဖြတ်ပေးခွင့်ရှိသည်။ ထိုဘုန်းကြီးကို တွေ့ရဖို့က မလွယ်ပါ။ တစ်ပတ်တွင် တစ်ရက် နှစ်ရက်လောက်သာ တက္ကသိုလ်ကို လာသည်။ လူတိုင်းလည်း တွေ့ခွင့်မရှိပါ၊ ထိုဘုန်းကြီးကိုတွေ့လျှင် တက္ကသိုလ်ဝန်းထမ်းများမှာ ပြာပြာသလဲကို ဖြစ်နေတတ်သည်။ မိမိတို့နှစ်ပါးလည်း "Dean ဆရာတော် ရှိလား" ဟုမေးရာ.... "ရှိတယ်." .ဟုဆိုသောကြောင့် ထိုဆရာတော်နှင့် တွေ့ဖို့ အပေါ်တက်သွားသည်။ အတွင်းရေးမှူးအမျိုးသမီးမှာ ပြာပြာသလဲနှင့် နောက်ကလိုက်လာပြီး appointment (တွေ့ဆုံရန် ရက်ချိန်း) ယူပြီးပြီလား.....ဒီအတိုင်းတွေ့လို့ မရဘူး" မိမိလည်း " ယူပြီးပြီ...ကြာနေလိမ့်မယ်.. သွားပြီ." ဟု ဝါးတားတားဆိုပြီး အခန်းတံခါးဖွင့်ကာ ဝင်သွားသည်။ အတွင်းရေးမှူးမ

တားဖို့ကြိုးစားသော်လည်း မိမိတို့မှာ အခန်းထဲရောက်သွားပြီ ဖြစ်သောကြောင့် အခန်းထဲ ဝင်မလိုက်ရဲ၍ အပြင်ဘက်မှာတင် ကျန်ရစ်ခဲ့သည်။
အခန်းကြီးမှာ အထပ်တစ်ထပ်လုံးကို အခန်းလုပ်ထားသောကြောင့် အကျယ်ကြီးဖြစ်သည်။ သန့်ပြန့် နေလေသည်။ မိမိက " လာလို့ရမလားဘုရား" ဟု အခန်းထဲရောက်မှ ခွင့်တောင်းသည်။ "လာပါ..ရပါတယ်" ဟု ဆိုသောကြောင့် မနီးမဝေးလေးကို သွားပြီး လက်အုပ်ချီကာ .....
" တပည့်တော်က မြန်မာနိုင်ငံက ဒီတက္ကသိုလ်ကျောင်းသား နေမိန္ဒဖြစ်ပါတယ်ဘုရား....ဒီရောက်တာ ၂ နှစ်ကျော်ပါပြီဘုရား...( ပျင်းသောကြောင့် ၁၀ နှစ်လောက်တောင် ကြာသွားပြီဟု ထင်နေသော်လည်း လျောက်သည့်အခါမှာ) စိတ်ထဲမှာ ၂ လ လောက်ပဲ ရှိတယ်စိတ်ထဲမှာ ထင်နေတာဘုရား...တပည့်တော် သီရိလင်္ကာမှာ နေနေတယ်လို့ မခံစားရဘူးဘုရား...ကိုယ့်နိုင်ငံမှာ ကိုယ်နေတယ်လို့ ခံစားရတယ်ဘုရား..." မဟုတ်တာရော ဟုတ်တာရော အကုန်ပြောသည်။
ဆရာတော်ကလည်း မြန်မာနိုင်ငံ ဘယ်ကလည်း ဘာညာစသည်ဖြင့် မေးမြန်သောကြောင့် စကားလက်ဆုံ ကြသွားသည်။ ထို့နောက် "လာရင်းကိစ္စက ဘာလဲ" မေးသောကြောင့် မိမိ၏ အသနားခံစာကို ကပ်လိုက်သည်။ တပည့်တော်တို့နိုင်ငံက ဆရာတော်သိတဲ့အတိုင်း စီးပွားရေးအဆင်မပြေ၊ ထောက်ပံ့မည့် ဒကာဒကာမများ အဆင်မပြေသောကြောင့် မိမိတို့မှာလည်း မပြေကြောင်း၊ တက္ကသိုလ်ကို ပေးရမှာဖြစ်တဲ့ အတွက်ကြောင့် ပေးချင်ကြောင်း၊ သို့သော် မတတ်နိုင်ကြောင်း လျောက်လိုက်လေသည်။ ဆရာတော်က စာကိုဖတ်ပြီး " ဘယ်လောက်အထိ လျော့ပေးစေချင်တာလဲ" ဟုမေးသည်။ မိမိက " အခါတိုင်းနှစ်တွေလိုပဲ ရူပီး ၂၀၀ လောက်ပဲ ထားပေးပါဘုရား..." ဟုလျောက်သည်။ ဆရာတော်က မိမိစာရွက်ပေါ်တွင် သီရိလင်္ကာလို ရေးပြီး မိမိစာရွက်ကို ဆိုင်းထိုးပြီး ပြန်ပေးလိုက်သည်။ "စာမေးပွဲဌာနက မော်ကွန်းထိန်းဆီကို သွားပေးလိုက်" ဟုပြောသောကြောင့် ကျေးဇူးတင်ကြောင်းပြောပြီး ရင်ကော့ပြီး ပြန်လာခဲ့သည်။

မော်ကွန်းထိန်းမရှိသောကြောင့် ချစ်မိတ်ဆွေကြီး လက်ထောက်မော်ကွန်းထိန်းကို ဝင်တွေ့သည်။ မိမိကိုတွေ့လျှင် ဂရုမစိုက်သလိုနေသော်လည်း Dean ဆရာတော်က စာပေးလိုက်တယ်ဟုပြောလိုက်ရာ ပြာပြာသလဲနှင့် စာကိုလှမ်းယူသည်။ လက်မှတ်နှင့် ဆရာတော်၏ လက်ရေးကိုတွေ့သော်လည်း သေချာအောင် ဖုန်းဆက်သည်။ Deanဆရာတော်ဆီကို ဆက်တာလား၊ ဆရာတော်၏ အတွင်းရေးမှူးမလေးဆီကို ဆက်တာလားတော့ မသိပါ။ ခဏကြာ ဖုန်းချပြီး " ဘယ်လောက်လျော့ပေးစေချင်တာလဲ" ဟုမေးရာ " ရူပီး ၂၀၀ အထိ" ဟု ပြောလိုက်သည်။ "အိုကေ" ဟုပြောပြီး မှတ်ချက်ရေးထားသည်ကို တွေ့လိုက်သည်။ နောက်နေ့ကျမှ announcement ထုတ်မည့်အကြောင်းပြောပြီး စာအုပ်တစ်အုပ်ကို ထုတ်လာကာ " ကောင်းပြီး...မင်းဘယ်ဘာသာတွေ ကျတာလဲ" ဟု မိမိကိုမေးသည်။ " ငါ...တစ်ဘာသာမှ မကျဘူး၊ ကျတဲ့ မြန်မာနိုင်ငံနဲ့ ၎ ကမ္ဘောဒီယားက ကျောင်းသားတွေ အတွက် လာပြောတာ" ဟု ပြောလိုက်သည်။ ထိုမော်ကွန်းထိန်းမှာ အံ့အားသင့်ဟန်ပေါက်သွားပြီး မိမိကို လက်ဆွဲ နှုတ်ဆက်၍ " Congratulation! Congratulation! ...တနေ့တချိန်ချိန်မှာ မင်းဟာ ထင်ရှားတဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်လိမ့်မယ်" ဟုပြောသည်။

မိမိတို့နှစ်ယောက်ကြားတွင် စိတ်ဆိုးမှုများမရှိတော့။ ပြန်ထွက်လာသည့်အခါ မိမိတွေးနေမိသည်။ " ငါသာ သူ့နေရာမှာဆို....ကိုယ်နဲ့ငြင်းခုံထားတဲ့သူတစ်ယောက်ကို ပြုံးပြီး ကွန်ကရက်ကျူးလေးရှင်းလို့ ပြောနိုင်ပါ့မလား" ဟုတွေးမိသည်။ အမှန်အတိုင်းပြောရလျှင် မပြောနိုင်ပါ။ ထိုလောက်အထိ သဘောထားမကြီးသေးပါ။ ထို့ကြောင့် ထိုလက်ထောက်မော်ကွန်းထိန်းသည် မိမိထက်သာသည်ကို လက်ခံလိုက်သည်။
ထို Dean ဆရာတော်နှင့် တွေ့ပြီး မလျော့သေးလျှင် ပညာရေးဝန်ကြီးနှင့် သမ္မတ မဟိန္ဒဆီကိုပါ သွားဖို့ စိတ်ကူးထား သည်ကိုတော့ ဘယ်သူကိုမှ မပြောပြခဲ့ပါ။

ပညာတော်သင်ခရီး အပိုင်း (၁၆)

ဆူးပင်လယ်တွင် ရှူးချင်စဖွယ် ဝင့်ထည်နေသော ပန်း ဒီဂရီ

သီရိလင်္ကာမှ ရရှိသော B.A. M.A. ဘွဲ့ကို ယခုအမေရိကမှ ယူမည့် ဘွဲ့ထက် ပိုမိုအလေးထားပါလိမ့်မည်။ အကြောင်းမှာ ဆင်းဆင်းရဲရဲ ဖြတ်သန်းခဲ့ရခြင်း၊ ဗုံးပေါ်ကို ကျော်ဖြတ်ကာ ကျောင်းသွားခဲ့ရခြင်းတို့ ကြောင့်ဖြစ်သည်။ တက္ကသိုလ်သွားရာလမ်းတစ်လျောက်တွင် ရင်ခုန်ပြီး သွားခဲ့ရသည် မဟုတ်၊ ရင်တုန်ပြီး သွားခဲ့ရခြင်း ဖြစ်သည်။ ဘေးဘီကြည့်လိုက်လျှင် လေပြေအဆော့မှာ ပန်းပွင့်လေးတွေ ယိမ်းကနေသည် မဟုတ်၊ ဗုံးပါသည့် ပိုင်ရှင်မဲ့အထုပ်တို့ ပျော်မြူးနေကြချိန်လည်းဖြစ်သည်၊ ကောင်းကင်ယံတွင် တေးသီငှက်တို့ တေးညီးသံ မကြားရ၊ ဗုံးလာကြဲသော လေယာဉ်သံတို့က ပိုမိုကျယ်လောင်နေသောကြောင့် ဖြစ်သည်။ အနီးတဝိုက်တွင် ပန်းဝတ်မှုံရနံ့ တို့ မသင်း၊ ယမ်း ဝတ်မှုံအနံ့တို့ ပြင်းသောကြောင့် ဖြစ်သည်။ မိမိ၏ ဘဝတစ်လျောက်တွင် ဘုရားစာ တရားစာ အရွတ်အဖတ် အများဆုံး ကာလလည်း ဖြစ်သည်။

မိမိ သီရိလင်္ကာတွင်နေစဉ် အစိုးရနှင့် တမီးလ်ကျားသူပုန်တို့ တိုက်ပွဲက မပြီးသေး။ သီရိလင်္ကာနိုင်ငံ အရှေ့ ၊ မြောက်ပိုင်းတွင် တမီးလ်ပြည်နယ် တည်ထောင်လိုသော တမီးလ်ကျားသူပုန်တို့နှင့် သီရိလင်္ကာစစ်တပ်တို့ ၁၉၈၃ ဇူလိုင်လမှ တိုက်ပွဲစတင်ခဲ့ပြီး ၂၀၀၉ ခုနှစ် မေလ ကျမှ သီရိလင်္ကာစစ်တပ်မှ တမီးလ်ကျားသူပုန်များကို အပြီးသတ် နှိမ်န င်းနိုင်ခဲ့သည်။ ထို (၂) ဖွဲ့၏ (၂၆) နှစ်ကြာ တိုက်ပွဲအကြား အပြစ်မဲ့ပြည်သူ အများအပြား သေဆုံးခဲ့ကြသည်။ တမီးလ်ကျား သူပုန်တို့မှလည်း အစိုးရကို ဖိအားပေးဖို့ရာ အများပြည်သူသုံး ကား၊ ရထား၊ လူစည်ကားရာ အရပ်ဒေသတို့တွင် ဗုံးထောင်ခြင်း၊ အစိုးရယာဉ်တန်းတို့ကို အသေခံဗုံးခွဲခြင်း စသည်တို့ကို ပြု လုပ်သည်။

တမီးလ်နှင့် ဆင်ဟာလတို့၏ တိုက်ပွဲမှာ ယခုမှ စသည်တော့ မဟုတ်၊ ဘယ်တုံးက စခဲ့သလဲဟု ဆိုလျှင် ဝဋ္ဋဂါမဏိမင်းလက်ထက် အေ.ဒီ ၄၃-၂၉ တွင် ဖြစ်ပွားခဲ့သော တိဿသူပုန်ထကြွသည့် အချိန်ကိုပင် ပြန်လည် ကောက်ယူရမည် ဖြစ်သည်။ သမိုင်းစာစုမဟုတ်၍ အရှည်မပြောလိုပါ။

ထိုကဲသို့ ဟိုဟို ဒီဒီအရပ်တို့တွင် ဗုံးပေါက်ကွဲသော်လည်း မိမိမှာ ဗုံးပေါက်ပြီး အသက်ဆုံးသည့်အထဲတွင် မပါသောကြောင့် ယခုကဲ့သို့ စာရေးနေနိုင်ခြင်း ဖြစ်သည်။ လူစည်ကားရာအရပ်သို့လည်း မသွားဖြစ်ခဲ့ပါ။ တက္ကသိုလ်ကိုတော့ မဖြစ်မနေ သွားရပါသည်။ လိုင်းကားစီးသည့်အခါ လူအားလုံးမှာ လိုင်းကား ပေါ်တက် လာသည့် လူသစ်တစ်ယောက်၏ လက်ကို အမြဲတမ်း အကဲခတ်နေရသည်။ အကယ်၍ လူတစ်ယောက် ယောက်က ပစ္စည်းထားခဲ့ပြီး ဆင်းသွားလျှင် တစ်ကားလုံး ဆင်းပြေးရသည်။ အပြေးနောက်ကျလျှင် တမလွန်သို့ အရောက်စောမည် ဖြစ်သည်။

တစ်ရက် စီနီယာမြန်မာဘုန်းကြီးတစ်ပါး ဈေးဝယ်ပြီးပြန်အလာ အထုပ်များစွာဖြင့် ကားပေါ်တက်လာသည်၊ အထုပ်များကို မိမိရှေ့ချထားရင် အထုပ်တစ်ထုပ်သည် နောက်ဘက်ကို ရွေ့သွားသည်၊ ထိုဘုန်းကြီးမှာ သတိမထားမိ။ နောက်ခုံမှ စီးလာသော ခရီးသည် တစ်ဦးမှ " ဒါ...ဘုန်းကြီးအထုပ်လားဘုရား" ဟု လှမ်းမေးသည်။ ဘုန်းကြီး အသေအချာမကြည့်ပဲ " ဘုန်းကြီး အထုပ်မဟုတ်ဘူး" ဟုဖြေသောကြောင့် ထိုဒကာမှာ ကားပေါ်မှ ဆင်းပြေးသည်၊ ကျန်သူများလည်း ကားပေါ်မှ အလုအယက်ဆင်းပြေးကြသည်။ နောက်မှ ဘုန်းကြီးက မိမိအထုပ်ကို အသေအချာစစ်လိုက်မှ မိမိအထုပ်တစ်ထုပ်လျော့နေ၍ မိမိအထုပ်ဖြစ်ကြောင်း ပြောမှ ကားပေါ်သို့ ပြန်တက်လာကြသည်။ ထို့ကြောင့် လားတော့ မသိ၊ သီရိလင်္ကာတွင် ဘုန်းကြီး အထုပ်များဆွဲလာသည်ကို ဒကာ

ဒကာမများက မသင့်တော်ဟု ယူဆကြသည်။ မိမိ သွားလာနေသော နေရာတို့တွင် ဖုံးမပေါက်သောကြောင့် ထိုဖုံးပေါက်သောကိစ္စများ မိမိနှင့် မဆိုင်ဟုပင် စိတ်ထဲမှတ်ထားသည်။

တစ်နေ့ မိမိတို့ တက္ကသိုလ်သွားလျှင် စီးသော ကားလိုင်းနံပါတ် (၂၅) ပေါ်တွင် ဖုံးပေါက်ခဲ့သည်။ အသေအပျောက် စာရင်းကို မမှတ်မိတော့ပါ။ အရင်က မိမိနှင့် မဆိုင်ဟုထင်ထားသော်လည်း ယခုဆိုင်လာပြီ။ မိမိစိတ်ဝင်စားသော ဘာသာရပ်ကိုကား ဖုံးပေါက်လို့ မသွားဆိုတာကိုတော့ မဖြစ်ချင်။ လိုင်းကားဖြင့်လည်း မသွားရဲ။ ထို့ကြောင့် သူငယ်ချင်း (၃)ပါးစုပြီး (၃)ဘီး တက္ကစီဖြင့် သွားသည်။ လပြတ်ငှားထားတာ မဟုတ်သည့်အတွက် ဈေးကြီးသည်။ အသွားအပြန် တစ်ပါးကို ရူပီး (၇၀၀) ကျော်ကျသည်။ လိုင်းကားဖြင့် သွားလျှင် (၄၀)သာ ကျသည်။ မစားရက် မသောက်ရက် အရိပ်တကြည့်ကြည့်နှင့် ယုယုယယ စုထားသော ပိုက်ဆံလေး ထွက်သွားသည်။ ဒီအတိုင်းသာ ကျောင်းသွားရလျှင် မြန်မာနိုင်ငံကို လေယာဉ်ဖြင့် ပြန်နိုင်မည် မဟုတ်။ ခြေလျင် ပြန်ရလိမ့်မည်။ ထို့ကြောင့် ဘုရားဂုဏ်တော်အားကိုးကာ ရှိသမျှသတ္တိလေးကို ခြုပ်ခြစ်ပြီး လိုင်းကားဖြင့် ကျောင်းပြန်တက်သည်။

သီရိလင်္ကာတွင်နေထိုင်စဉ် ည (၈) နာရီတွင် မိမိသည် မိမိသိသမျှ အင်္ဂလိပ်စာလေးကို ညီတော်နောင်တို့ကို ပြန်လည်မျှဝေ သည့်အနေဖြင့် အင်္ဂလိပ်သဒ္ဒါ ပြန်လည်ပို့ချပေးသည်။ တစ်ရက် ( 20.2.2009) နေ့ည မိမိ အင်္ဂလိပ်စာပို့ချနေစဉ် မီးပျက်သွားသည်။ သီရိလင်္ကာတွင် မီးမပျက်ပါ။ မီးပျက်သည်ဆိုသည်နှင့် တမီးလ်ကျား သူပုန်တွေ ကိုလံဘိုမြို့ကို ဖုံးလာကြသည်ကို မိမိတို့သိလိုက်သည်။ မီးနစ်ပိုင်းအတွင်း သေနတ်သံ တို့ ဆူညံနေအောင် ကြားရသည်။ တစ်မြို့လုံးမှာ အသံတိတ်သွားသည် ။ ကျောင်းဘေးမှ ကြောက်တတ်သော မိသားစုဝင်အချို့၏ ငိုသံ သဲ့သဲ့လေး ကိုတော့ ကြားနေရသည်။

မိမိတို့ မြန်မာသံဃာများကတော့ သတ္တိကောင်းတာလား၊ မိုက်ရူးရဲဆန်တာလားတော့ မသိ၊ ကျောင်းခေါင် မိုးပေါ်မှာ သံဃာများပြည့်နေသည်။ မိမိလည်း ထိပ်ဆုံးမှ ပါဝင်သည်။ ကိုလံဘိုမြို့ကလေးမှာ မှောင်မဲနေသော် လည်း ကောင်းကင်တွင် ထိန်လင်းနေသည်။ ရန်သူ့လေယာဉ်လာလျှင် မြင်ရအောင် မီးကျည်များဖြင့် ကောင်းကင်ယံကို အဆက်မပြတ် ပစ်ထားသည်။ ကောင်းကင်ယံသည် ရောင်စုံခြယ်သထားသော ယမင်းပျို၏ ပါးပြင်ကို မီးဆလိုက် ထိုးထားသည်နှင့်တူနေ၏။ ဆလိုက်မီးများကလည်း ဟိုဟို ဒီဒီကို လှည့်လည်ထိုးမြီး ရန်သူလေယာဉ်ကို ရှာနေသည်။

မိမိအဖို့မှာ တစ်ခါမှ မမြင်ဘူးသောကြောင့် ကောင်းကင်ကြီး လှနေသည် ထင်သည်။ တဖတ်မှာလည်း သေနတ်ဖြင့် ပစ်သည့်တပ်ကပစ်၊ အမြောက်ဖြင့် ပစ်သည့်တပ်ကပစ် ။ စက်သေနတ်ဖြင့် ဆွဲသည့်တပ်က ဆွဲနှင့်မို့ သံစုံတို့ဖြင့် ဆူညံနေသည်။ မိမိအတွက်မှာ ဂီတသံစဉ်လေး တစ်ခုလို ခံစားနေမိသည်။ မိမိဖုန်းအစုတ်ကလေးကို ထုပ်ပြီး ဗီဒီယို ရိုက်သည်။ မှောင်မဲမဲကလွဲပြီး ဘာမှမတွေ့ရ။ သူငယ်ချင်းများကို ဖုန်းလှန်းဆက်ပြီး ရန်သူ့လေယာဉ်လာနေသောကြောင့် အခန်းထဲမှာနေဖို့ ပြောပြီး မိမိကိုယ်တိုင်ကတော့ ကျောင်းခေါင်မိုးပေါ် ရောက်နေသည်။

တမီးလ်ကျားသူပုန်တို့၏ တိုက်လေယာဉ်မှာ ( ၂) စီးဖြစ်ပြီး တစ်စီးက လေယာဉ်ကွင်းသို့ ဖုံးကြဲဖို့ သွားသည်။ လေယာဉ်ကွင်း မရောက်ခင်မှာပင် ထိုအနားရှိ အမြောက်တပ်မှ ပြစ်ချနိုင်သောကြောင့် ထိုလေယာဉ်မှာ ပျက်ကြ သွားသည်။ ကိုလံဘိုမြို့ထဲသို့လာသောလေယာဉ်မှာ သမ္မတအိမ်တော်ယာ၊ လျှပ်စစ်ရုံးချုပ် နှင့် ဓာတ်ဆီသိုလှောင်ကန်ကို ဖုံးကြဲရန် လာခြင်း ဖြစ်သည်။ တိုက်လေယာဉ်လာပြီဟု သတင်းရသည်နှင့် တပြိုင်နက် ကိုလံဘိုမြို့ကို မီးဖျက်လိုက်သည်။ ရန်သူ့လေယာဉ်မှာ မှောင်သွားသောကြောင့် မိမိဖုံးကြဲချင်သော နေရာ မကွဲပြားသည့်အတွက် ကောင်းကင်တွင် လှည့်ပတ်ပြီး နေရှာနေသည်။ မိမိတို့ မြန်မာကျောင်းမှာ ထို (၃)

နေရာစလုံးနှင့် နီးသည်။ ရှာတဲ့နေရာမတွေ့လို့ တွေ့တဲ့နေရာမှာ ဖုံးကိုချခဲ့လျှင် မိမိတို့ ခေါင်းမိုးအဖွဲ့တော့ ထိုနေရာမှာတင် တစ်ဘဝပြီးသွား လောက်ပြီ။ ထိုအချိန်တွင် ဘုန်းကြီးတစ်ပါးမှ ကင်ပရာမီးဖလက်ကို သုံးပြီး ဓာတ်ပုံရိုက်လိုက်သောကြောင့် တစ်ဖွဲ့လုံး ခေါင်းမိုးပေါ်မှ ဆင်းပြေးခဲ့ရသည်။ စောစောက ရောင်စုံချယ် ယမင်းပျို၏ပါးပြင်နှင့် ဂီတသံစဉ်တို့လည်း ချက်ချင်း ပျောက်သွားသည်။ မှောင်နေသော အချိန်တွင် ကင်မရာ ဖလက်မီးက ရန်သူ့လေယာဉ်ကို နေရာပြလိုက်သည်နှင့် တူနေသည်။

ဘိုးတော်ဘုရားက အမတ်ကြီး ဦးပေါ်ဦးကို မေးဘူးသည် " ပေါ်ဦး လူမိုက် နဲ့ ငါ့ကို ဘယ်သူ့ကို ပိုကြောက်လဲ" ဟုမေးရာ "လူမိုက်ကို ပိုကြောက်ပါတယ်ဘုရား" ဟု ဖြေလိုက်သည်။ "ငါက မင်းကို ခုချက်ချင်း သတ်ပြစ်လို့ရတယ်" ဟု ဘိုးတော်ဘုရားမှ ပြောရာ " အရှင်မင်းကြီးက စဉ်းစားအုံးမှာ...ဟိုက စဉ်းစားမှာ မဟုတ်ဘူး" ဟုပြောလိုက်သည်။

ကံကောင်းစွာဖြင့်ပင် ထိုလေယာဉ်လည်း အောက်မှ အဆက်မပြတ်ပြစ်နေသော အမြောက်ကျည်ကြောင့် ပျက်ကြ သွား ခဲ့သည်။ " ဟူး......တော်ပါသေးရဲ့ " သက်ပြင်း ချမိလိုက်သည်။

မိမိတို့အဖွဲ့မှာ ကလေးဆန်ဆန် ခေါင်မိုးပေါ်သို့ တက်ပြီး ကြည့်နေသော်လည်း အချို ့သံဃာများမှာ ရှိသမျှပိုက်ဆံ၊ ပတ်စပို့၊ အရေးကြီး စာရွက်စာတမ်းများကိုယူပြီး လွင်တီးခေါင်တွင် ရပ်နေသည်ကို တွေ့ရသည်။ " အော် အမြော်အမြင် ကြီးသူတွေပါလား " ဟု စိတ်ထဲမှာ လေးစားမိသွားသည်။

ပညာတော်သင်ခရီး အပိုင်း (၁၇)

မိမိနှင့် သာသနာပြုလုပ်ငန်း

မိမိသည် သီရိလင်္ကာတွင် နေထိုင်စဉ် မြန်မာကျောင်းထက်စာလျှင် သီရိလင်္ကာကျောင်းတွင် နေထိုင်သည်က ပိုများသည်။ မိမိနေထိုင်သည့်ကျောင်းမှာ Dehivala အပိုင်း Mt Lavinia ရပ်ကွက်ရှိ ကမ္ဘဋ္ဌာန်းရိပ်သာ တစ်ခုဖြစ်သည်။ မိမိနေထိုင်သော ရိပ်သာမှာ မကုဋ္ဌာရာမ မြန်မာကျောင်း ရှိသော ကိုလံဘို (၀၉) မှဆိုလျှင် (၁၃) ကီလိုမီတာ ကျော်ကျော် ဝေးသည်။

ထိုရိပ်သာကျောင်းတွင် ကျောင်းထိုင်ဖြစ်သော သီရိလင်္ကာဘုန်းကြီး ( မိမိတို့၏ အလွယ်သုံး၊ လို့ ့ဝှက်အခေါ် "ဘိုးတော်") တစ်ပါး၊ မိမိနှင့် မိမိသူငယ်ချင်း မြန်မာဘုန်းကြီး ဦးပုည (၂) ပါး၊ စုစုပေါင်း (၃) ပါးသာ ရှိသည်။ ရိပ်သာဖြစ်၍ ပြည့်စုံသည်၊ တိတ်ဆိတ်သည်။ ဆန်းဒေးစကူးလ်နှင့် ဥပုသ်နေ့တိုင်း စုပေါင်း ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပွဲတို့က လွဲလျှင် လူများ သိပ်မလာသောကြောင့် လူအဝင်အထွက် သိပ်မများလှ။ စာကြည့်ဖို့ရာ အတွက် ပိုမိုသင့်တော်သည်ဟု ယူဆသည်။

သီရိလင်္ကာဘုန်းကြီး (မိမိတို့အခေါ် "ဘိုးတော်") နှင့် ဒကာ ဒကာမများမှာ မြန်မာဘုန်းတော်ကြီးများကို ကြင်နာသည်၊ လေးလည်း လေးစားသည်။ ထို့ကြောင့် နေရေးစားရေးနှင့် ပတ်သက်ပြီး မိမိတို့မှာ လူမှုရေး အခက်အခဲ မရှိလှ။ နွေးထွေးမှု၊ ကြင်နာမှုအောက်တွင် ရှင်သန်ခဲ့ရသောကြောင့် မိမိတို့နှလုံးသားမှာလည်း အခြား ဘဝအားနည်းချက် ရှိသူတို့အတွက် နွေးထွေးမှု၊ ကြင်နာမှုတို့သည်လည်း ရှင်သန်နေသည်။

တနင်္ဂနွေနေ့တွင် ဘုန်းကြီးမှာ အခြားကျောင်းတွင် ဝိပဿနာသင်တန်းပို့ချနေသောကြောင့် တနင်္ဂနွေနေ့ မနက်ခင်း ဆန်းဒေးစကူးလ်လာသော ကလေးများကို မိမိက တရားဟောရသည်။ ဥပုသ်နေ့တွင် ဘုန်းကြီး မရှိလျှင် ဓမ္မစကြာရွတ်လာသော ပရိတ်သတ်ကို သီလပေးပြီး ဓမ္မစကြာမရွတ်မီ တရားဟောရသည်။ ရိပ်သာကိုလာသော အသိုင်းအဝိုင်းမှာ ပညာတတ်အသိုင်းအဝိုင်းနှင့် လူကုံထံအသိုင်းအဝိုင်းဖြစ်သောကြောင့် အင်္ဂလိပ်လို ပြောဆို/ နာလည်ဖို့ရာမှာ အခက်အခက် လုံးဝမရှိပါ။

သီရိလင်္ကာတွင် ပညာတတ်အသိုင်းအဝိုင်း၊ လူလတ်တန်းအလွှာနှင့် အထက်တန်းအလွှာတို့သည် အင်္ဂလိပ်၊ ဆင်ဟာလ၊ တမီးလ် ( ၃) ဘာသာ ပြောကြသည်။ ဆင်ဟာလနှင့် တမီးလ်ဘာသာမှာ ရုံးသုံး ဘာသာစကားဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားမှာ ( Link language) ချိတ်ဆက် ဘာသာစကား ဖြစ်သည်။ မြို့ပေါ်တွင် နေထိုင်သော မိသားစုတို့တွင် ကလေးများကို ဖခင်က အင်္ဂလိပ်လိုပြောလျှင် မိခင်က ကျန်ဘာသာစကားဖြင့် ပြောသည်။ မိခင်က အင်္ဂလိပ်လိုပြောလျှင် ဖခင်က ကျန်ဘာသာစကား ဖြင့် ပြောသည်။ ထို့ကြောင့် ကလေးများက (၃) ဘာသာ ပြောနိုင်ကြသည်။ တမီးလ်လူမျိုးတို့မှာ အစိုးရကိုဆန့်ကျင်သောကြောင့် ဆန့်ကျင်သူတို့၏ ဘာသာစကားကိုလည်း ကျောင်းတွင် ပြဋ္ဌာန်းကာ ကလေးများ အားလုံး နားလည်အောင် စီမံပေးထားသည်။ ထို့သို့နားလည်းမှုသာလျှင် ဘာသာစကားတစ်ခုကို ခုတုံးလုပ်ပြီး ဝါဒဖြန့်ခြင်း၊ တဖက်သတ် ပြောဆိုရေးသားခြင်း၊ မတရားပြုလုပ်ခြင်းတို့ကို ပြန်လည် တွန်းလှန်တိုက် ခိုက်နိုင်မည် ဖြစ်သည်။

သီရိလင်္ကာ၌ တရားဟောရာတွင် အလွန်စိတ်ဝင်စားစရာ ကောင်းသည်။ ကလေး၊ လူကြီး၊ လူငယ်တို့မှာ တရားကို စူးစူးစိုက်စိုက် ရိုရိုသေသေ နာကြသည်။ တရားဟောပြီးသည့်အခါ မရှင်းသည်များကို လက်ထောင်ပြီး မေးကြသည်။ အယူအဆရေးရာတွင် မိမိလက်မခံနိုင်လျှင် ပွင့်ပွင့်လင်းလင်း ဘာကြောင့် လက်မခံနိုင်ဘူးဆိုတာကို ပြန်လည်ဆွေးနွေးကြသည်။ ရိုရိုသေသေ ဆွေးနွေးကြသည်။ ပြုံးပြုံးလေးဖြင့် ဆွေးနွေးကြသည်။ လူကြီးများသာမက ကျောင်းသူကျောင်းသားများကလည်း ဆွေးနွေးကြသည်။ သူတို့၏ သဘောတရား၊ သူတို့ အယူအဆများကိုပါ သိခွင့်ရသည်။ ထို့ကြောင့် မိမိသည် ထိုအသိုင်းအဝိုင်းကို ချစ်သည်။ အမှန်အတိုင်း ပြောရလျှင် ချစ်တာထက်ကို ပိုချစ်ပါသည်။ နွေးထွေးသော၊ ရိုးသားသော၊ ရိုသေသော၊ ဖော်ရွေသော၊ ပညာတတ်သော၊ ပွင့်လင်းသော၊ နားလည်မှုအပြည့်ရှိသော ထိုအသိုင်းအဝိုင်းကလေးကို မချစ်ဘယ်သူ ရှိအံ့နည်း။

ဓမ္မစကြာ သို့မဟုတ် ပရိတ်ရွတ်လျှင် ပရိတ်ကြိုးကို အားလုံးက လက်ထဲတွင် ကိုင်ထားကြသည်။ အစတစ်စကို ရဟန်းသံဃာများ၏ လက်ထဲတွင် ထားကြပြီး ကျန်အစကိုတော့ နောက်ဆုံးပိတ်တွင် ထိုင်သူ၏ လက်ထဲတွင် ထားကြသည်။ ပရိတ် သို့မဟုတ် ဓမ္မစကြာရွတ်ပြီးလျှင် ပရိတ်ကြိုး ချည်ပေးရသည်။ ပရိတ်ကြိုးကိုလည်း ရိုသေကြသည်၊ မြတ်နိုးကြသည်။ ပြည်ပ ခရီးတစ်ခုသို့ သွားမည်ဆိုလျှင် လေယာဉ်မတက်မီ ဘုန်းကြီးကျောင်းသို့ လာပြီး ပရိတ်နာကြသည်။ ဘုန်းကြီးများက ပရိတ်ကြိုးချည်ပေး လိုက်လျှင် ထိုပရိတ်ကြိုးဖြင့် လေယာဉ်ပေါ်ကို တက်သည်။ တစ်ရက် မိမိတစ်ပါးတည်း ရှိခိုက် ကျောင်းဒကာတစ်ဦး၏သားမှာ အင်္ဂလန်သို့ တက္ကသိုလ် သွားတက်မည်ဖြစ်၍ ကျောင်းသို့ ရောက်လာသည်။
မိမိက " ဘာများ ကူညီပေးရမလဲ" ဟု မေးလိုက်လျှင် ဒကာကြီးမှ သူ့သား အင်္ဂလန်ကို ပညာသင်သွားမှာ ဖြစ်သည့် အတွက် ပရိတ်နာချင်လို့ပါ လျှောက်သည်။ " ရပါတယ် ဒကာကြီး" ဟုပြောပြီး ပရိတ်ချည်ကို ယူပြီး ထိုသားအဖနှစ်ယောက်လက်ထဲလဲထည့်၊ မိမိလက်ထဲလဲကိုင်ထားကာ "စိတ်စိုက်ပြီးတော့ နာကြပေါ့" ဟု ဆိုကာ ပရိတ်ရွတ်ဖို့ရာ ပြင်ဆင်သည်။ ပရိတ်ရွတ်ဖတ်ရာတွင် မေတ္တာသုတ်နှင့် ဆုပေးဂါထာကို ရွတ်ဆိုလေ့ ရှိသည်။ အခါတိုင်းဆိုလျှင် (၃) ပါး သို့ မဟုတ် (၂) ပါးရွတ် နေကြဖြစ်သော်လည်း ယခုအခါတွင် မိမိတစ်ပါးတည်းသာ ရှိသည်။ သီရိလင်္ကာတွင် ရွတ်သော မေတ္တာသုတ်နှင့် မြန်မာနိုင်ငံတွင် ရွတ်ဆိုပွားများသော မေတ္တာသုတ်မှာ အတူတူပင် ဖြစ်သည်။ သို့သော်လည်း လေယူလေးသိမ်းမှာတော့ အတော်ကွာသည်။ မည်သည့်လေယူ လေသိမ်းဖြင့် ရွတ်ဖတ်ပေးရမလဲ တွေးလိုက်လျှင် သီရိလင်္ကာလေယူလေသိမ်းဖြင့် ရွတ်ဆိုပေးသည်က သူတို့အတွက် ပိုမို အဆင်ပြေမည်ကို တွေးမိသည်။ ထို့ကြောင့် သီရိလင်္ကာ လေယူလေသိမ်းဖြင့် စတင် ရွတ်ဆို လေသည်။
ခဏကြာလျှင် " ယေ ကေစိ ပါဏဘူတတ္ထိ" အပုဒ်သို့ ရောက်လာသည်။ ဆက်ရွတ်ရင် ရွတ်ရင်း ဒုတိယအကြိမ် ထိုအပုဒ်သို့ ပြန်ရောက်လာပြန်ပြီ။ သိလိုက်ပါပြီ၊ မိမိလည်နေပြီ။ လေယဉ်တက်ခါနီးတွင် လာရောက်ပရိတ်နာ

သည်ဖြစ်၍ သူတို့ သိပ်အချိန်မရသည်ကိုလည်း သိသည်။ ထို့ကြောင့် ခပ်သွက်သွက်လေး ဆက်ရွတ်သည်။ ရွတ်ရင်း ရွတ်ရင်း တတိယအကြိမ် ထိုအပုဒ်သို့ ပြန်ရောက်လာ ပြန်သည်။ လေယာဉ်တက်မည့်ကျောင်းသားမှာ သူ့နာရီကို ကြည့်လိုက်၊ မျက်လုံးလေးမှိတ်ပြီး ပရိတ်ပြန်နာလိုက် လုပ်နေသည်။ မိမိလည်း ထိုအခြေအနေကို မြင်နေရဖြစ်၍ မြန်မြန်ပြီးအောင် ဆက်ရွတ်သည်၊ ခဏကြာလျှင် ထိုအပုဒ်သို့ စတုတ္ထအကြိမ် ရောက်လာပြန်ပြီ။ ကျောင်းသားမှာ နာရီကို မျက်လုံးဖွင့် ဖွင့်ပြီး ကြည့်သည်က ပိုပို စိတ်လာသည်။ ဒီအတိုင်းသာ ဆက်ရွတ်နေလျှင် လေယာဉ်ထွက်သွားတောင် ပရိတ်က ပြီးမည်မဟုတ်။ စတုတ္ထအကြိမ် ထိုအပုဒ်ကို ရွတ်ပြီး ကျန်တာကို ဆက်မရွတ်တော့ဘဲ "ကျန်းမာ ချမ်းသာ" စေဖို့ ဆုပေးလိုက်သည်။
ထို့နောက် " မောင်ကျောင်းသား……အန္တရာယ်ကင်းစေဖို့ ပရိတ်ကို (၄) ကြိမ်ရွတ်ပေးလိုက်ပါတယ်" ဟု မိမိက ပြောလိုက်ရာ ထိုသားအဖနှစ်ယောက်မှာ ကျေးဇူးတင်လွန်း၍ ဦးကို အကြိမ်ကြိမ် ချသွားလေသည်။

ထို့နောက် မိမိတစ်ပါးတည်းဆိုလျှင် သီရိလင်္ကာလေယူလေသိမ်းဖြင့် ပရိတ်မရွတ်တော့ပါ။ ထိုသားအဖ လေယာဉ်မှီပါစေဟု ကျောင်းမှာ တစ်ပါးတည်း ဆုတောင်းပေးနေခဲ့ပါသည်။

ပညာတော်သင်ခရီး အပိုင်း (၁၈)

ဓမ္မစကူးလ်မှာ ယူစရာ ပညာပန်းခင်းမှာ ပေးစရာ

သီရိလင်္ကာတွင် ဓမ္မစကူးလ် သို့မဟုတ် ဆန်းဒေး စကူးလ်မှာ အခြေခံလူတန်းစား သားသမီးများမှစ၍ ဝန်ကြီး၊ သမ္မတ၏ သားသမီးများအထိ သင်ယူသော ပရိုဂရမ် တစ်ခုဖြစ်သည်။ နောက်နောင် အလုပ်လျှောက်သည့် အခါတွင်လည်း ဆန်းဒေးစကူးလ်မှ ထုပ်ပေးသော "အောက်လက်မှတ်" သည် အလုပ်ကောင်းရဖို့ရာအတွက် များစွာ အထောက်အပံ့ဖြစ်သောကြောင့် ဆန်းဒေးစကူးလ်ကို ဗုဒ္ဓဘာသာသာမက အခြားဘာသာဝင် ကလေးများလည်း လာရောက် သင်ယူကြသည်။ အခြားဘာသာဝင်များ ရာခိုင်နှုန်းမှာ ဘယ်လောက်ရှိ သည်ကိုတော့ သုတေသန မလုပ်ခဲ့ရသည့်အတွက် အတိအကျမသိပါ။ ထို့ကဲ့သို့သော သင်တန်းများ ပို့ချပေးခြင်း သည် ဗုဒ္ဓဘာသာ အမွေအနှစ်များကို လက်ဆင့်ကမ်းနိုင်ရေးအတွက် အရေးကြီးသော အစီအစဉ်တစ်ခု ဖြစ်သည်။ ကိုးကွယ်သူနှင့် ကိုးကွယ်သည့်ဘာသာ နီးစပ်၊ ထိတွေ့မှု ရှိနေရမည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် ကိုးကွယ်သူနှင့် ကိုးကွယ်သည့်ဘာသာ တဖြည်းဖြည်း ဝေးကွာလာလိမ့်မည်။ ဝေးလာရာမှ တဖြည်းဖြည်းနှင့် စိမ်းလာ လိမ့်မည်၊ စိမ်းလာရာမှ တဖြည်းဖြည်း ရန်ဘက် ဖြစ်သွားနိုင်သည်။ ထိုသို့ ဖြစ်လာလျှင် ထိုဘာသာမှာ ကျရှုံး သွားလိမ့်မည်။
ထိုသို့မဖြစ်အောင် ဘာသာရေးရှု ့ထောင့်မှကြည့်ပြီး မူလတန်းပညာရေးတွင် စွမ်းနိုင်သော ရဟန်းတော်များကို ပို့ချခွင့်ပေးဖို့ မဟာဂန္ဓာဆရာတော်ကြီးမှ သမ္မတကြီး ဦးနေဝင်းထံ တင်ပြသော်လည်း နိုင်ငံရေးရှု ့ထောင့်မှ ကြည့်ပြီး ဦးနေဝင်းမှ လက်မခံခဲ့ပေ။

ဆန်းဒေးစကူးလ်အစီအစဉ်ကြောင့် သီရိလင်္ကာတွင် ကလေးသူငယ်များမှာ ဘာသာတရားအပေါ်တွင် ရှိသေကိုင်းရှိုင်းခြင်း၊ လူကြီးသူမများကို ရိုသေလေးစားခြင်း၊ ဆရာသမားများကို ချစ်ခင်ရိုသေခြင်းသည် လေးစား အတုယူစရာကောင်းလောက်သည့်အထိ မြင့်မားလေသည်။ ဆန်းဒေးစကူးလ်တွင် လာရောက်သင်ကြား ပေးသော ဆရာ ဆရာမများမှာ ပညာဒါနအဖြစ် လာရောက်သင်ကြားပေးသူများသာ ဖြစ်သည်။ စေတနာ့ ဝန်ထမ်းများဖြစ်သည့်အလျောက် စေတနာများမှာ ကျောင်းသူကျောင်းသားများအပေါ် ယိုစီးဖိတ်ကြနေသည်ကို မိမိ မြင်တွေ့နေရသည်။ စာသင်ပြီးသည့်အခါ ကျောင်းသူကျောင်းသားများမှာ ဆရာဆရာမများ၏ ခြေဖမိုးကို လက်နှင့်ထိပြီး ရှိခိုးကြသည်။ ဆရာဆရာမများကလည်း ကျောင်းသူကျောင်းသားများ၏ ခေါင်းကလေးကို

ကိုင်ကာ ကျန်းမာချမ်းသာဖို့ ဆုပေးနေပုံကို မြင်တွေ့ရသည်မှာ အင်မတန် စိတ်ချမ်းမြေ့စရာ ကောင်းလှသည်။ သူတို့၏ မေတ္တာစက်ဝန်းမှာ ဘေးမှကြည့်နေမိသော မိမိကိုပင် လာရောက် ရိုက်ခတ်လေသည်။

ထိုကဲ့သို့ စိတ်ချမ်းမြေ့စရာမြင်ကွင်းလေးဖြစ်ဖို့ သီရိလင်္ကာနိုင်ငံသားတို့ အတော်ကို ကြိုးစားခဲ့ကြရသည်။ ရှေးယခင်က သီရိလင်္ကာ၏ ပညာရေးသည် ဘုန်းကြီးကျောင်းကို ဗဟိုလ်ပြုသော ပညာရေးဖြစ်သည်။ ဆန်းဒေးစကူးစနစ် မလိုပါ။ သို့သော်လည်း ၁၆ ရာစုနှစ်အစ ပေါ်တူဂီများ သီရိလင်္ကာကို စရောက်လာပြီး တဖြည်းဖြည်းနှင့် တိုက်ယူလာခဲ့သည်။ ပေါ်တူဂီများမှာ ကက်သလစ် ဘာသာဝင်များဖြစ်ကြပြီး ဗုဒ္ဓဘာသာများကို သူတို့ဘာသာသို့ အတင်းဝင်စေခဲ့သည်။ ထို့ကြောင့် သီရိလင်္ကာများမှ ပရိုတက်စတင်း ဘာသာဝင်များဖြစ်သော ဒက်ချ်လူမျိုးများကို ၁၇ ရာစုအစတွင် ဖိတ်ခေါ်ခဲ့ပြီး ပေါ်တူဂီတို့ကို တိုက်ထုတ်ခဲ့သည်။ ၁၇ ရာစုနှစ်နှောင်းပိုင်းတွင် ဗြိတိသျှတို့ သီရိလင်္ကာကိုရောက်လာကြပြီး ၁၈ ရာစုအစပိုင်းတွင် သီရိလင်္ကာသည် ဗြိတိသျှလူမျိုးများ လက်ထဲသို့ ကျရောက်သွားတော့သည်။

ဗြိတိသျှ အုပ်ချုပ်ရေးကာလတွင် ဗုဒ္ဓဘာသာကို လိုသလို အမိပွါယ်ဖွင့်ပြီး ဘာသာရေး စော်ကားမှုများ ဖြစ်ပေါ်လာသည့်အတွက် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများမှ မခံနိုင်သောကြောင့် ၁၈၆၂ ခုနှစ်နောက်ပိုင်း ခရစ်ယန်ဘုန်းကြီးများ နှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ " စကားရည်လုပွဲ"များ မကြာခဏ ဖြစ်ပေါ်ခဲ့ကြသည်။ ထိုစကားရည်လုပွဲများကို သတင်းစာများတွင် ရေးသားကြခြင်း၊ စာအုပ်များအဖြစ် ထုတ်ဝေခြင်းကြောင့် ထိုစာပေများ ဥရောပနှင့် အမေရိကသို့ ရောက်သွားကာ ဥရောပနှင့် အမေရိကတို့မှ ဗုဒ္ဓဘာသာကို စတင်စိတ်ဝင်စားလာခဲ့ကြသည်။

ထို့ကြောင့် အမေရိကမှ Theosophical Society တွဲဖက်တည်ထောင်သူ Henry Stell Olcott ၁၈၈၀ ခုနှစ်တွင် သီရိလင်္ကာသို့ ရောက်လာခဲ့သည်။

၁၈၈၃ခုနှစ်တွင် ဘုန်းကြီးကျောင်းပညာရေးစနစ်ကို ဖျက်သိမ်းပြီး အနောက်နိုင်ငံများ၏ စနစ်ဖြင့် သင်ကြားပေးသော ခရစ်ယန်သာသနာပြုကျောင်းပညာရေးကို စတင် ပြောင်းတော့သည်။ ရှေးယခင်က ဥပုသ်နေ့သည် ရုံးပိတ်ရက်ဖြစ်သော်လည်း ယခုတွင် ရုံးပိတ်များမှာ စနေ၊ တနင်္ဂနွေနေ့များ ဖြစ်လာသည်။ ခရစ်ယန်သာသနာပြုကျောင်းများနှင့် ဗြိတိသျှတို့ပေးသော အလုပ်အကိုင်အခွင့်အလန်းများကြောင့် ဗုဒ္ဓဘာသာလည်း မှေးမှိန်လာလေသည်။ ထို့ကြောင့် YMCA ဟု အသိများသော the Young Men's Christian Association အားပြိုင်ဖို့ The **YMBA** ခေါ် Young Men's Buddhist Association ကို 1898 တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့အစည်းကလည်း အားနည်းလာသော ဗုဒ္ဓဘာသာကို ထောက်ကန်ပေးနိုင်ခဲ့သည်။ ရန်ကုန်တွင်လည်း 1906 ခုနှစ်တွင် YMBA အသင်းကို ဖွဲ့နိုင်ခဲ့လေသည်။

ဗုဒ္ဓဘာသာ ကျောင်းသူကျောင်းသားများမှာ ခရစ်ယန်သာသနာပြုကျောင်းများတွင် မပျော်ကြ။ ထိုအခြေအနေကို Henry Stell Olcott မှ စိတ်မကောင်းဖြစ်ပြီး ဗုဒ္ဓဘာသာဘုန်းကြီးများ ဦးဆောင်သော ဓမ္မစကူးလ်ကို ဆန်းဒေးတွင် ဖွင့်လှစ်ဖို့ ထောက်ခံပေးပြီး သူကိုယ်တိုင်ပင် ၁၈၈၆ ခုနှစ်တွင် Galle မြို့၌ ပထမဦးဆုံး ဆန်းဒေးစကူးလ်ကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ Henry Stell Olcott ကို သီရိလင်္ကာမှ ဆန်းဒေးစကူးလ် ဖခင်ကြီးအဖြစ် လေးစားကြသည်။

၁၈၈၆ နှစ်မှာတွင် Henry Steel Olcoot မှ ပထမဦးဆုံး ဗုဒ္ဓဘာသာကျောင်းဖြစ်သော Ananda College ကို ကျောင်းသားများ ဗုဒ္ဓဘာသာစာပေ လေ့လာသင်ယူရေးအတွက် တည်ထောင်ခဲ့သည်။ ထိုကောလိပ်သည် ကိုလံဘိုမြို့၊ မကုဋ္ဌာမ မြန်မာကျောင်းရှိသော "မရဒါန"ရပ်ကွက်တစ်ခုတည်းမှာပင် တည်ရှိလေသည်။

ထိုအချိန်တို့မှ စခဲ့သော ဓမ္မစကူးလ်ခေါ် ဆန်းဒေးစကူးမှာ ယခုအခါ သီရိလင်္ကာအနှံ့အပြားတွင် ရှိနေလေသည်။ မိမိနေထိုင်သော ရိပ်သာကျောင်းမှာ ကျောင်းသားနည်းသော်လည်း ကျောင်းဝန်းကျယ်ဝန်းသော အခြားဘုန်းကြီး

ကျောင်းတို့တွင် ကျောင်းသား ၂၀၀/၃၀၀/ ၄၀၀ စသည် ရှိကြသည်။ ထိုမျှလောက်များသော ကျောင်းသူ ကျောင်းသားများ ခိုက်ရန်ဖြစ်ပြီး ဝိုင်းယိုကာ ဆရာအား လာတိုင်တန်းသည်ကို မိမိ မတွေ့ရ၍ အံ့သြနေမိသည်။
ဘာကြောင့်များလဲ....
ဘာကြောင့်များလဲ.....
ဘာကြောင့်များလဲ..... သိချင်စိတ်တို့ အလွန်ပြင်းလှလေသည်။
မြန်မာနိုင်ငံတွင် ကျောင်းသူကျောင်းသား ၃၀/၄၀ စာသင်ရလျှင် "ဘုန်းဘုန်း သားကို သူက ဒီလိုလုပ်လို့" "သမီးကို အနိုင်ကျင့်လို့" စသည်ဖြင့် လာတိုင်နေကြသည်။ သီရိလင်္ကာတွင် ကလေးများ ထိုကဲ့သို့ ခိုက်ရန် မဖြစ်ကြ။ မိမိတွေ့ရှိသောအကြောင်းများမှာ.......

1. စိတ်လွတ်လပ်နေမှု
2. ကျောင်းသားဗဟိုပြုမှု
3. စေတနာပြဌာန်းမှု
4. မျိုးရိုးဗီဇ တို့ကြောင့်ဖြစ်သည်။

(၁) စိတ်လွတ်လပ်နေမှုမှာ အရေးကြီးသည်။ ကြောက်ရွံ့မှုသည် စိတ်လွတ်လပ်မှု၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ဆရာကို ကြောက်နေရလျှင် ကျောင်းသူကျောင်းသားများ စိတ်မလွတ်လပ်တော့။ ထိုသို့မဖြစ်အောင် ဆရာများမှ ကျောင်းသူကျောင်းသားများကို လိုအပ်သည့်အထိ ဖော်ရွေမှု၊ ရင်းနှီးမှုတို့ကို ပြသင့်သည်။ သို့မှသာလျှင် ကျောင်းသူ ကျောင်းသားများ စိတ်လွတ်လပ်မှု ဖြစ်နိုင်သည်။ အချင်းချင်း အနိုင်ကျင့်ကြလျှင်လည်း ကျောင်းသူ ကျောင်းသားများမှာ စိတ်မလွပ်လပ်တော့။ ထို့ကြောင့် အနိုင်ကျင့်ခြင်း မဖြစ်အောင်လည်း ဆရာများက ဂရုစိုက် သင့်သည်။ စိတ်မလွပ်လပ်မှု၊ ကြောက်ရွံ့မှုတို့သည် "ကျဒေါသ"၊ စိတ်ဆိုးမှု၊ ခိုက်ရန်ပြုလိုမှုတို့သည် " တက်ဒေါသ" ဖြစ်သည်။ အားလုံးဒေါသချည်းသာ ဖြစ်သည်။ စိတ်မလွတ်လပ်မှု၊ ကြောက်ရွံ့မှု၊ စိတ်ဆိုးမှု၊ ခိုက်ရန်ပြုချင်မှုတို့သည် ဒေါသမှ အရောင် အမျိုးမျိုး ပြောင်းထားခြင်းတို့သာ ဖြစ်သည်။ ဒေါသအဖြစ်နည်း ရန်အတွက် ရင်းနှီးမှု၊ ဖော်ရွေမှုဖြင့် စိတ်လွတ်လပ်မှုကို အရင်ဖော်ထုပ်ပေး သင့်သည်။ ထို့ကြောင့် ပညာပန်းခင်း တွင် ကျောင်းသူ ကျောင်းသူများကို ရိုက်ခွင့်မပေးပါ။ အပြစ်ကြီး ကျူးလွန်သူကို သတိပေး၊ သတိပေးမရ သည့်အဆုံးတွင် မိဘများထံ ပြန်လည်အပ်နှံမည်သာ ဖြစ်သည်။

(၂) ကျောင်းသား ဗဟိုပြုမှု မှာလည်း သင်ကြားရေးအတွက် အထောက်အပန့် များစွာဖြစ်သည်။ ကျောင်းသူ ကျောင်းသားများမှာ ဦးစားပေးခံရ၍ ထိုနေရာတွင် ပိုပျော်သည်။ လုပ်ရည် ကိုင်ရည် ပိုတက်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်တို့ ပိုမို ပေါက်ဖွားသည်။ သို့သော် ဦးစားပေးခံရသော ကျောင်းသူကျောင်းသားများမှာ နွဲ့ဆိုး ဆိုးတတ်သည်။ ထို့အတွက် ဆရာဆရာမများမှာ သည်းခံပေးရသည်။ သည်းခံပုံ သည်းခံနည်းမှာ "ကိုယ့် ကျောင်းသူ ကျောင်းသား"ဟု စိတ်ထဲတွင် မှတ်ယူလိုက်လျှင် သည်းခံ ပေးနိုင်သည်။ မိဘများမှာ သားသမီးများ ဆိုးသော်လည်း "ကိုယ့်သားသမီး"ဟု သိသောကြောင့် သည်းခံနိုင်သကဲ့ပင် ဖြစ်သည်။ ထို့ကြောင့် ပညာပန်းခင်း ကျောင်းသူကျောင်းသားဆိုးသည်ကို မိမိအဖို့မှာ အခြားကျောင်းသူကျောင်းသား ကောင်းသည်ထက်ပင် ပိုမို ချစ်ခင် နေလေသည်။
(၃) စေတနာ ပြဌာန်းမှုလည်း ဆရာ တပည့်ဆက်ဆံရေး၊ ကျောင်းသား အချင်းချင်း ဆက်ဆံရေးတွင် အရေးပါလှသည်။ နွေးထွေးမှု၊ အဆင်ပြေ ချောမွေ့စွာ စီးဆင်းမှု၊ သည်းခံနိုင်မှုအတွက် စေတနာသည် အင်မတန် အရေးပါလှသည်။ ကောင်းစေချင်တဲ့စေတနာဖြင့် "ရိုက်နက်ခြင်း"ကို အတတ်နိုင်ဆုံး မလုပ်သင့်ပါ။ အကြောင်းမှာ ရိုက်ရင်း ရိုက်ရင်း စေတနာက လျော့လျော့လာပြီး ဒေါသက များများလာတတ်သောကြောင့် ဖြစ်သည်။ ပဌာန်းနည်းအရ ရှေ့ဒေါသက နောက်ဒေါသကို ကျေးဇူးပြုတတ်သောကြောင့် ဖြစ်သည်။

(၄) မျိုးရိုးဗီဇမှာလည်း အရေးပါလှသည်။ သီရိလင်္ကာလူမျိုးတို့သည် ဒေါသနည်းသည်။ သို့သော် လောဘ ပိုကြီးသည်။ မိမိတို့ သီရိလင်္ကာလူမျိုး သူငယ်ချင်းနှင့် စကားပြောရာတွင် "မင်းတို့လူမျိုးတွေက လောဘ တော်တော်ကြီးတယ်" ဟုပြောရာ သူက " ဟုတ်တယ်....ငါတို့က လောဘကြီးတယ်၊ ဒါပေမဲ့ မင်းတို့လူမျိုးတွေ ဒေါသ တော်တော်ကြီးတယ်၊ ငါတို့လောဘကြီးတာက ရတယ်၊ မင်းတို့ ဒေါသကြီးတာရ ဘာမှမရဘူး" ဟုပြော သောကြောင့် ဟုတ်နေသည့်အတွက် မိမိလည်း အသာနေလိုက်ရတော့သည်။ သီရိလင်္ကာလူမျိုးများ ဒေါသနည်း ပုံကို နောက်မှရေးပါမည်။ ထိုသို့ ဒေါသနည်းရခြင်းမှာ သီရိလင်္ကာလူမျိုးများသည် တီး ( ရေနွေးကြမ်း) အသောက်များသောကြောင့် တီးထဲတွင်ပါဝင်သော L-theanine ဓာတ်မှာ စိုးရိမ်မှု၊ ဒေါသတို့ကို လျော့စေသည့်အတွက် ဒေါသနည်းသည် ဟုလည်း ပြောကြသည်။ သို့သော်လည်း ရေနွေးကြမ်းအသောက်များ သော မိမိတို့ မြန်မာများမှာ ဒေါသ မနည်းပါ။
အထက်ပါ အချက်များကြောင့် သီရိလင်္ကာဆန်းဒေးစကူးတွင် ကလေးများ အချင်းချင်း ခိုက်ရန် မဖြစ်ကြခြင်းဟု ယူဆပါသည်။

ပညာတော်သင်ခရီး အပိုင်း (၁၉)

မစိုးရိမ်နဲ့၊ ရှေ့တစ်လှမ်းတိုး၊ ပြီးရင် ပြောကြည့်ပါလား

မိမိတို့ မြန်မာများမှာ စိုးရိမ်ကြသည်၊ စိုးရိမ်ခြင်းဟူသည် စကားကို လှအောင်၊ နအောင် ပြောခြင်းဖြစ်သည်။ အမှန်တကယ်မှာ ကြောက်ကြသည်။ ဘာကို ကြောက်သလဲဟုဆိုလျှင် ပြောလိုက်လျှင် မှားမှာ၊ ဘေးလူတွေ လှောင်မှာ၊ မိမိကို တန်ပြန်မေးခွန်းမေးမှာ စသည်တို့အတွက် စိုးရိမ်ပြီး တက္ကသိုလ်စာသင်ခန်းတွင် ဆရာ သင်ကြားသည်ကို မကြိုက်သော်လည်း ပါဝင်ဆွေးနွေးခြင်း မရှိသည်က များသည်။ မိမိလည်း အလားတူပင် ဖြစ်သည်။ အခြားနိုင်ငံသား ရဟန်းတော်များမှာ ထိုကဲ့သို့ မဟုတ်။ တစ်လုံးသိလျှင် တစ်လုံး ဝင်ဆွေးနွေးသည်။ တစ်ခါက ဆရာမှ သီရိလင်္ကာသမိုင်းအကြောင်းကို ရှင်းပြသည်။ မိမိမှာ မိမိကို သီရိလင်္ကာကိုခေါ်သော ဦးအဂ္ဂိသရမှ "သီရိလင်္ကာ သမိုင်းကြောင်းဖတ်ထား၊ ကျောင်းတက်ရင် အသုံးဝင်တယ်" ဟုဆိုသောကြောင့် ဒေါက်တာ ဝါပိုလာ ရာဟုလာ ရေးသော History of Buddhism in Ceylon စာအုပ်ကို ကျောင်းမတက်ခင်မှာတင် အကုန်ဖတ်ပြီး ဖြစ်သောကြောင့် သီရိလင်္ကာသမိုင်းကြောင်းကို တော်တော်လေး သိပါသည်။ ထိုကထိကဆရာ၏ အယူအဆတစ်ချို့ကို မကြိုက်သည်လည်း ရှိပါသည်။ သို့သော် ဆွေးနွေးဖို့ မရဲပါ။ ( ဒေါသ မထွက်သေး၍လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်)။ ငြိမ်ပြီးတော့သာ နားထောင်နေပါသည်။
အခြားနိုင်ငံသား ကျောင်းသားများမှာ ထိုကဲ့သို့ မဟုတ်။ ကမ္ဘောဒီယား သူငယ်ချင်းတစ်ပါးမှ ထိုဆရာ သီရိလင်္ကာသမိုင်းကြောင်း ပို့ချနေစဉ် လက်ထောင်ပြီ "ဆရာတို့ သီရိလင်္ကာလူမျိုးတွေက ယက္ခ (ဘီလူး) တွေကနေ ဆင်းသက်လာတာ မဟုတ်ဘူးလား" မေးလိုက်သောကြောင့် တစ်ခန်းလုံး ပွဲကျသွားသည်။ ဆရာလည်း ပြုံးကျဲ ပြုံးကျဲနှင့် "ယက္ခ" ဆိုသည်မှာ ဘီလူးမဟုတ်ကြောင်းနှင့် လူမျိုးစုတစ်ခု၏ နာမည်သာ ဖြစ်ကြောင်း ရှင်းပြသည်။ မကြောက်တတ်၊ ထင်တာကို ပြောရဲသော သူတို့ကို အားကျသည်။ သူတို့လိုလည်း ရဲချင်သည်။ ရဲချင်လို့သာ ရဲဆေးတင်ရလျှင် ယခုအချိန်တွင် အရက်သမားကြီး လုံးလုံး ဖြစ်နေလောက်ပြီ။

မရဲရခြင်းအကြောင်းများကို ပြန်လည်စဉ်းစားကြည့်သောအခါ အုပ်ချုပ်မှု စနစ်ကြောင့် ဖြစ်သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် အုပ်ချုပ်သည့်စနစ်မှာ နေရာအားလုံးတွင် အာဏာရှင်စနစ်ဖြစ်သာ အုပ်ချုပ်ကြသည်။ ကလေးဘဝတွင် မိဘများကို ကြောက်ကြရသည်။ မိဘသည် အမှန်တရား။ စာသင်ခန်းဝင်လျှင် ဆရာ ဆရာမများကို ကြောက်ကြရသည်။ဆရာ ဆရာမသည် အမှန်တရား။ ကိုရင်များဆိုလျှင် ကျောင်းထိုင်ဘုန်းကြီး

ကို ကြောက်ကြရသည်။ ကျောင်းဘုန်းကြီးသည် အမှန်တရား။ တက္ကသိုလ်ရောက်လျှင်လည်း ကထိက၊ ပါမောက္ခကို ကြောက်ကြရသည်။ တက္ကသိုလ်အကြီးအကဲသည် အမှန်တရား။ အလုပ်ခွင် ဝင်လျှင်လည်း အထက်အရာရှိကို ကြောက်ကြရသည်။ အထက်အရာရှိသည် အမှန်တရား။ အကြောင်းမှာ လုပ်ပိုင်ခွင့်၊ အာဏာမှာ အထက်သူတို့ထံတွင်သာ စုနေသောကြောင့် ဖြစ်သည်။ ထို့နောက် လက်အောက်ငယ်သားက ပြန်လည်ဆွေးနွေးသည်ကို အထက်က လက်ခံသည့် အစဥ်အလာလည်း သိပ်မရှိပေ၊ ခြုံပြောရလျှင် နေရာအားလုံးတွင် အာဏာရှင်ဆန်ဆန်း အုပ်ချုပ်ကြသည်။ ထို့ကြောင့် ကြာလာသည့်အခါ မိမိတို့ မြန်မာများမှာ မပြောရဲ မဆိုရဲရာမှ သတ္တိ လျော့လျော့ လာသည်။ ရှိသေလေးစားမှု နှင့် ကြောက်ရွံ့မှုကိုတော့ မရောစေချင်ပါ။ လေးစားမှုနှင့် ကြောက်ရွံ့မှုမှာ အဖြူနှင့် အမဲ ကဲ့သို့ပင် ကွဲပြားခြားနားသည်။ သို့သော် ဤနေရာတွင် ထိုအကြောင်းအရာမဟုတ်၍ မကျယ် မပြောလိုပါ။

ထို့အပြင် မိဘ၊ ဆရာမသား၊ အထက်အရာရှိများထံမှ ကိုယ့်လက်အောက်ငယ်သားများ စိတ်ဓာတ်ခွန်အား ဖြစ်စေသော စကားများ ပြောကြားပေးခြင်း သိပ်မရှိခြင်းကလည်း သတ္တိနည်းလာသည့် အချက်တစ်ချက် ဖြစ်သည်။

အခြားနိုင်ငံသားများမှာ ထိုကဲ့သို့မဟုတ်။ တောင်းစားသူမှစ၍ အထက်တန်းလွှာများအထိ သူတို့သိတာကို သူတို့ပြောရဲသည်၊ မရွံ့ ကြပါ။ မိမိသည် သူငယ်ချင်းတစ်ပါးကျောင်းသို့ အလည်သွားခဲ့သည်။ သူငယ်ချင်းကို စောင့်နေစဉ် ဆင်းရဲသားတစ်ယောက်မှ မိမိထံလာပြီး ပိုက်ဆံလာတောင်းသည်။ ပိုက်ဆံတောင်းတာ ကို သိသော်လည်း မပေးချင်သောကြောင့် ဆင်ဟာလ ဘာသာ နားမလည်ကြောင်း ပြောလိုက်သည်။ ထိုသူမှာ အင်္ဂလိပ်စာ မတတ်ပါ။ သို့သော် လက်လျော့မသွားပါ။ သူသိသည့် အင်္ဂလိပ်စာဖြင့် ဆက်ပြောသည်။

Mother No. သူ့မှာ အမေ မရှိတော့ကြောင်း လက်ခါပြီး ပြောသည်။

Father Yes. သူ့မှာ အဖေတော့ ရှိသေးကြောင်း လက်မထောင်ပြီး ပြောသည်။

Money…..Money….ပိုက်ဆံပေးပါအုံး…ဟု လက်ဖြန့်ပြီး တောင်းသည်။ အင်္ဂလိပ်စကားလုံး ငါးလုံးဖြင့် သူ့ဘဝအကြောင်းကို ပြောပြသွားသည်။ မိမိမှာ ထိုဆင်းရဲသားကို သဘောလည်းကျ၊ လေးလည်း လေးစားသောကြောင့် ပိုက်ဆံ အနည်းငယ် ပေးလိုက်သည်။

အလားတူ သုံးဘီးတက္ကစီသမားတစ်ယောက်ကို ဆေးလိပ်သောက်လားဟု မေးကြည့်ရာ သူ့မသောက်ခြင်း အကြောင်းကို သူသိသည့် စကားလုံး (၅) လုံးဖြင့် ပြောသွားသည်။

No….သူ မသောက်ကြောင်းကို ပြောသည်။

အကြောင်းမှာ Money go(es)….. Problem(s) come. ပိုက်ဆံကုန်ပြီး ရောဂါရသောကြောင့် ဆေးလိပ်မသောက်ပါဟု ဆိုလိုရင်း ဖြစ်သည်။

မိမိမှ သဘောအကျကြီး ကျ၍ နေလေသည်။ သိသမျှလေးဖြင့် ရအောင်ပြောသော ထိုလူမျိုးတို့၏ စွမ်းရည်ကိုလည်း အတုယူမိသည်။ မိမိတို့ မြန်မာကျောင်းသူ ကျောင်းသားများ အင်္ဂလိပ်ဝေါဟာရ အများကြီးရပြီး အင်္ဂလိပ်စကားပြောတတ်ဖို့ အင်္ဂလိပ်စကားပြော သင်တန်းတွေကို တက်နေကြရသေးသည်။ သင်တန်းတက်သူများတွင် ရာခိုင်နှုန်း (၅၀) အောက်လောက်ပဲ အင်္ဂလိပ် စကားပြောတတ်သည်ဟု ထင်ပါသည်။ အဓိက အင်္ဂလိပ်စကား မပြောတတ်ခြင်းအကြောင်းမှာ ရဲစိတ် ပျောက်နေခြင်းကြောင့် ဖြစ်သည်။ ရဲစိတ်ရှိလျှင် အင်္ဂလိပ်စကားပြော သင်တန်းကို သွားစရာ မလိုပါ။

သီရိလင်္ကာတွင် မိမိတို့ မြန်မာကျောင်း သုံးဘီးတက္ကစီသမားများမှာ အင်္ဂလိပ်စကား ကောင်းကောင်း ပြောတတ်ပါသည်။ ထို့ကြောင့် အချို့ မြန်မာသံဃာများ တက္ကစီစီးရင် အင်္ဂလိပ်စကားပြော လေ့ကျင့်ကြသည်။

"စူဠ" ဆိုသည့် တက္ကစီသမားတစ်ယောက်ရှိသည်။ ဘာသာရေးလည်း လေးစားသည်။ သမီးအများကြီးလည်း မွေးထားသည်။ ဦးဇင်းတစ်ပါးမှ အင်္ဂလိပ်လို မေးလိုက်သည်။ ဒကာကြီးမှာ သမီးဘယ်နှစ်ယောက်ရှိလဲ ဟု မေးလိုက်သည်။ သို့သော် How many daughters (do you have) ? ဟု မမေးပဲ How much your

daughters? "ဒကာကြီးသမီးတွေက ဘယ်ဈေးလဲ" ဟု မေးမိရက်သား ဖြစ်နေသောကြောင့် ထိုတက္ကစီသမားမှာ စိတ်ဆိုးသွားလေသည်။
 မှားသွားလား.... မစိုးရိမ်ပါနဲ့၊ ရေ့ ့တစ်လှမ်းတိုး၊ ပြီးရင် ဆက်ပြောကြည့်ပါ။ နောက်တစ်ခါ မှန်လာပါလိမ့်မည်။ ထိုအခါ သတ္တိလည်းတက်လာပြီး ပြောရဲဆိုရဲမှ ကျွမ်းကျင်အဆင့်အထိ ရောက်လာ ပါလိမ့်မည်။

ပညာတော်သင်ခရီး အပိုင်း (၂၀)

ငါသည်နှင့် အာဂဏာရှင်ဟူသည်

မိမိနေထိုင်သော ရိပ်သာကျောင်းဘုန်းကြီး၏ ဘွဲ့မှာ "(ဘန္တေ) ဂုဏာနန္ဒ" ဖြစ်သည်။ မိမိတို့ တီးတိုးအခေါ်မှာ "ဘိုးတော်" ဖြစ်သည်။ ဘိုးတော်သည် စည်းကမ်း ရှိသည်။ အလှအပ ကြိုက်သည်။ အသန့်အပြန့် ကြိုက်သည်။ အခမ်းအနားရှိလျှင် ကျောင်းကို အနစိတ် အလှဆင်သည်။ ကျောင်းတွင် အလှဆင်ရလွန်းသောကြောင့် အလှအပကိုပင် မကြိုက်ချင်တော့။ ဥပမာ...ဓမ္မသာလာဆောင်သို့ ဝင်သော တံခါးတွင် ပန်းပွင့်နှင့် အရွက်တို့ကို တိပ်ဖြင့်ကပ်ခါ ဘေးတိုက်ကြည့်ခြင်း၊ အတည့်ကြည့်ခြင်း၊ ပင့်ကြည့်ခြင်းတို့ အကြိမ်ကြိမ်လုပ်ပြီး အကြိမ်ကြိမ် ပြင်ဆင်လေ့ ရှိသည်။ အခမ်းအနားရှိလျှင် ပန်းအိုးအသစ်များ ဝယ်လာတတ်သည်။ ထိုပန်းအိုးထဲရှိ ပန်းပင်တို့တွင် ရောင်စုံ ပန်းပွင့်များလည်း ဝေဆာနေသည်။ အတော်ကိုလည်း လှသည်။ နောက်မှ သိရသည်။ ပန်းပင်တို့သာ အစစ်ဖြင့်ပြီး အပွင့်တို့မှာ ပလပ်စတစ်ပန်းများဖြစ်ပြီး ထိုပန်းပွင့်တို့ကို အပ်ချိတ်ဖြင့် စိတ်ရှည်လက်ရှည် လိုက်ချိတ်ထားသည်ကို သိရသည်။

ဘိုးတော်နှင့် မိမိက စရိုက်သိပ်မတူပါ။ မိမိက အသွင်အပြင်ကို သိပ်ဂရုစိုက်လေ့ မရှိပါ။ သီရိလင်္ကာ ရောက်စနစ်တွင် မျက်လုံးအောင့်သောကြောင့် ရဟန်းအမများထည့်ပေးသော "လာဘ မျက်ကွင်းဆေး" ဝါဝါကြီးကို မျက်စိတွင်ကွင်းပြီး မြို့ထဲ၊ တက္ကသိုလ်၊ လေဆိပ်တို့ကို သွားဖူးသည်။ ဘေးလူများက ဝိုင်းကြည့်သော် လည်း မရှက်ပါ။ အပြင်ရောက်မှ သင်္ကန်းပြောင်းပြန် ဖြစ်နေသည့်အခါလည်း မနည်းပါ။ အမေရိကကို လာသည့်အခါမှာပင် သင်္ကန်းပြောင်းပြန် ဖြစ်နေသည်ကို ဒူဘိုင်းလေဆိပ်ရောက်မှ သတိထား မိလေသည်။ အတည့်ပြန်ဝတ်ဖို့ စိတ်မကူးပါ။

တစ်ရက်တွင် အသန့်အပြန့်ကြိုက်၊ စည်းကမ်းရှိသော ရိပ်သာဘုန်းကြီး (ဘိုးတော်) သည် မိမိပန်းကန်ခွက်ရောက် ဆေးနေသော အချိန်တွင် ရေမသုံးလျှင် ရေကိုတန်းပြန်ပိတ်ဖို့နှင့် အားလုံးပြီးလျှင် ဘေစင်ကို ဆေးကြောပြီး ရေစရေနများ ပွမနေအောင် သန့်ရှင်းခဲ့ဖို့ လာပြောသည်။ (သူလည်း ရေကိုသုံးပြီးလျှင် ချက်ချင်းပြန်ပိတ်သည်)။ ရေကိုမသုံးပဲ ဖွင့်ထားတာ အကျိုးမရှိကြောင်း ပြောသည်။ စိတ်ထဲတွင် မကြိုက်သလိုလိုတော့ ရှိသည်။ သို့သော် သူပြောတာ ဟုတ်သည့်အတွက် ဘာမှမပြောပဲ လိုက်နာခဲ့သည်။ မိမိမှာ တစ်ခါတစ်လေမှာ ထိုကဲ့သို့ ဖွင့်ထားတတ်ပြီး အများအားဖြင့်ကား အသုံးမလိုလျှင် ပိတ်ထားသည်သာ များသည်။ သို့သော် ထိုနေ့မှစ၍ ရေကို အသုံးမလိုလျှင် မဖွင့်ဖြစ်ခဲ့။ ဥပမာ...ပန်းကန်ဆေးနေတုံးတွင် အခြားဟင်းပန်းကန်များကို လှမ်းယူသည့်အခါမျိုး၊ သွားတိုက်တုံးတွင် ရေဖွင့်ထားခြင်းတို့ကို မလုပ်ဖြစ်တော့။ အစပိုင်းတွင် သူကျောင်းနေတော့ သူ့စည်းကမ်းဟု သဘောထားကာ လိုက်နာခဲ့ပြီး နောက်ပိုင်းတွင် သူ့စည်းကမ်းမှ ကိုယ့်စည်းကမ်း ဖြစ်လာခဲ့သည်။ မည်သည့် နေရာ၊ မည်သည့်ဌာန၊ မည်သည့်နိုင်ငံရောက်ရောက် ထိုအကျင့်လေး ပါလာခဲ့သည်။

မြန်မာနိုင်ငံသို့ အလည်ပြန်လာစဉ် သူငယ်ချင်းကိုလည်း ခွက်ဆေးတုံး အခြားဟာလုပ်နေစဉ် ရေပိတ်ထား လိုက်ပါ လားဟု အကြံပေးရာ "ဘာမှ မဖြစ်ပါဘူး၊ ထားလိုက်ပါ" ဟု ပြောသည်။ "သုံးမှမသုံးတာ အလဟဿ

ကုန်တာ ပေါ့” ဟု ပြောရာ “ကိုယ့်ရေကိုယ်သုံးတာ ဘာဖြစ်တာ မှတ်လို့” ဟုပြောသည်။ မိမိမှာ ဘာမှ ဆက်ပြောတော့ပါ။ သို့သော် စိတ်ထဲမှာတော့ ဆက်ပြောနေသည်။
လူတစ်ယောက်က ရေတစ်ဂါလံ ဖြုန်းပစ်သည် ဆိုကြပါစို့။ ထိုကဲ့သို့လူမျိုး တစ်သန်းရှိလျှင် ရေဂါလံ တစ်သန်း အလဟဿဖြစ်သည်။ ထိုရေဂါလံတစ်သန်းရဖို့ လျှပ်စစ်မီး၊ သို့မဟုတ် ဓာတ်ဆီ၊ဒီဇယ်၊ အင်ဂျင်စက်နှင့် လူသားတို့၏ အားထုတ်မှု စသည်တို့လည်း အလဟဿဖြစ်သွားသည် မဟုတ်ပါလား။ ထိုအခြေအနေတို့တွင် ကိုယ့်ရေမို့ ၎ ကိုယ်သုံးတာ ဟူသော စကားသည် သင့်တော်ပါအုံးမည်လား။

ဆက်တွေးကြည့်လျှင် ......

ရပ်ကွက်ထဲတွင် မိသားစုနည်းသော်လည်း လိုအပ်သည်ထက် ပိုမိုကြီးသောကားကို ပစ္စည်းဥစ္စာပြည့်စုံ၍ ဝယ်စီးသည်။ ကားပါကင်တွင် တစ်စီးခွဲစာလောက် နေရာယူသည်။ ကိုယ့်ပိုက်ဆံရှိလို့ ကိုယ့်ဟာကိုယ် ဝယ်စီးတာ ဘာဖြစ်တာ မှတ်လို့ဟူသော စကားသည် ဟုတ်သလိုလိုတော့ ရှိသည်။ သို့သော် ထိုကဲ့သို့သော အိမ် ၂ အိမ်ရှိလျှင် ထိုလမ်းထဲတွင် ကားပါကင် တစ်စီးစာ ပျောက်သွားသည်။ ကိုယ့်ပိုက်ဆံရှိလို့ ကိုယ့်ဟာကိုယ် ဝယ်စီးတာ၊ ဘာဖြစ်တာ မှတ်လို့ဟူသော စကားသည် သင့်တော်ပါအုံးမည်လား။

လုပ်ပိုင်ခွင့် အာဏာရှိသူတစ်ယောက် အာဏာကိုသုံးပြီး အခွင့်အရေးတို့ကိုယူသည်။ ဥပမာ သစ်တောတွေ ခုတ်ရောင်းမည်။ သယံဇာတွေတွေ ထုတ်ရောင်းမည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ် (၁၀) ယောက်ရှိလျှင် တိုင်းပြည်အတော်ကို နစ်နာသည်။ ကိုယ့်လုပ်ပိုင်ခွင့် အာဏာရှိလို့ လုပ်တာ၊ ဘာဖြစ်တာမှတ်လို့ဟူသော စကားကို လက္ခံနိုင်ကြပါအုံးမည်လား။

အာဏာရှင်တစ်ယောက်က တိုင်းပြည်ကို လုပ်ချင်သလို လုပ်သည်။ သူ့အာဏာနှင့်မို့ ၎ သူလုပ်ချင်စလို လုပ် သည်။ ထိုကဲ့သို့ အာဏာရှင် (၃) ဆက်လောက်ဆိုလျှင် တိုင်းပြည် ဘာဖြစ်သွားမည်နည်း။ ကိုယ့်အာဏာရှိလို့ ကိုယ်လုပ်တာ၊ ဘာဖြစ်တာမှတ်လို့ ဟူသော စကားကို လက်ခံနိုင်ကြပါအုံးမည်လား။

အထက်ဖေါ်ပြပါ အဆင့်ဆင့်တို့တွင် တွေးခေါ်မှု ပုံစံ၊ ပြုလုပ်ပုံပုံစံတို့မှာ တစ်ပုံစံတည်းသာ ဖြစ်သည်။ အနေအထားနှင့် လုပ်ပိုင်ခွင့်တို့ ကွာဟာမှုကြောင့် အကျိုးသက်ရောက်မှုတို့လည်း ကွာဟသွားကြခြင်း ဖြစ်သည်။
ပညာသင်ယူရာတွင် နားလည်မှုတွင် အဆ င့် (၃) ဆင့်ရှိသည်။
၁။ သဒ္ဒတ္တ
၂။ အဓိပ္ပါယတ္တ
၃။ဘဝတ္တတို၎ ဖြစ်သည်။

သင်ယူသည့်အကြောင်းအရာကို သဒ္ဒတ္တ-သဒ္ဒါ စည်းမျဉ်းစည်းကမ်းအတိုင်း၊ သင်ကြားပို့ချလိုက်သည့်အတိုင်း နားလည်လျှင် စာမေးပွဲတွင် အမှတ်ရမည်။ စာမေးပွဲ အောင်မည်။

အဓိပ္ပါယတ္တ- အဓိပ္ပါယ်ကိုပါ နားလည်လျှင် ဆွေးနွေးဖို့၊ ပြန်လည်ပို့ချဖို့၊ သူတစ်ပါးကို ပြန်လည် မျှဝေပေးဖို့၊ တိုးတက်တီထွင်ဖို့ပါ ရသည်။

ဘဝတ္တ- ထိုသင်ယူလိုက်သည့်အကြောင်းအရာကို နားလည်ပြီး ဘဝအတွက်ပါ ကျင့်သုံးနိုင်လျှင် ကျင့်သုံးသူရော၊ ထိုသူ၏ပတ်ဝန်းကျင်ရော၊ တိုင်းပြည်ရောပါ တိုးတက် ပြောင်းလည်နိုင်သည် မဟုတ်ပါလား။

ထို့ကြောင့် ကလေးများကို စာမေးပွဲတွင် အမှတ်ရဖို့ သဒ္ဒတ္ထလောက် နားလည်ဖို့လောက်တင် ရပ်မနေပဲ အဓိပ္ပါယတ္ထ၊ ဘဝတ္ထအထိပါ နားလည်အောင် သင်ကြား ပေးနိုင်ရင် သိပ်ကောင်းမှာပဲ ဟု " ကိုယ့်ရေ ကိုယ်သုံးတာ ဘာဖြစ်တာ မှတ်လို့" ဟူသော စကားနောက်ပိုင်းကို ဆက်လက်တွေး နေမိသည်။